
www.burmeseclassic.com

အိမ်သူရွှေမ စာပေ



BURMESE CLASSIC

# ဝေဒနာဝတ္ထု Sketch များ

အရိုး

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး

တပ်မတော် ပြိုခွဲသူ ဒို့ရန်သူ။
တပ်မတော် ပြိုခွဲမည့် အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲ စည်းလုံးမည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့ သဘောထား

ပြည်ပ အားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော
ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသား စည်းလုံး ညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* အခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ပထမ အကြိမ် | ၂၀၁၂၊ ဒီဇင်ဘာလ |
| မျက်နှာဖုံး ပန်းချီ | လင်းဝဏ္ဏ |
| မျက်နှာဖုံးရိုက် | ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်<br>၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်၊<br>၁၂၊ ဒေါနလမ်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်း စာပေ၊<br>၁၁၊ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊<br>ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၈၀၀ ကျပ် |

၈၉၅.၈၇

အရိုး

ဝေနေယျ sketch များ / အရိုး။ – ရန်ကုန်၊

သင်းစာပေ၊ ၂၀၁၂။

၁၁၆ – စာ၊ ၁၃ × ၂၀.၅ စင်တီ

(၁) ဝေနေယျ sketch များ


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | တောင်ထိပ် | ၁ |
| ၂။ | ပလွေသမား | ၇ |
| ၃။ | မိတ်ဆွေ | ၁၃ |
| ၄။ | ခရမ်းရောင်ပျက်စီးခြင်း | ၁၇ |
| ၅။ | ရှပ် Bear | ၂၅ |
| ၆။ | အိမ်မြှောင် | ၃၃ |
| ၇။ | တော | ၃၉ |
| ၈။ | ရင်ဘတ်ကပြောသည် | ၄၇ |
| ၉။ | လူသွားလမ်း | ၅၃ |
| ၁၀။ | မုန်တိုင်းခို | ၆၃ |
| ၁၁။ | အရေးပေါ်အစည်းအဝေး | ၆၇ |
| ၁၂။ | မျောက်ပုံပြင်အသစ်စက်စက် | ၇၃ |
| ၁၃။ | လားရာနိမ့်သော | ၇၇ |
| ၁၄။ | လူတွေများပြောပါတယ် | ၈၁ |
| ၁၅။ | ပေထက်အက္ခရာတင်အပ်သော | ၈၇ |
| ၁၆။ | သမီးရှင် | ၉၃ |
| ၁၇။ | သဘာဝပိုင်ဆိုင်မှု | ၉၉ |
| ၁၈။ | အိုးခေါင်း | ၁၀၇ |
| ၁၉။ | ဆွေးနွေးပွဲ | ၁၁၃ |


www.burmeseclassic.com

www.burmeseclassic.com

# တောင်ထိပ်

တောင်ထိပ်သို့ ရောက်သွားသော ခဏ၌ သူ အောင်မြင်ခဲ့ပြီ၊ သူ လုပ်နိုင်ခဲ့ပြီဆိုသော ယုံကြည်မှုမှ တစ်ဆင့် ဖြာထွက်လာသည့် အားရကျေနပ်မှုကို အရင်ဆုံး ခံစားလိုက်ရလေသည်။ မောပန်းနွမ်းနယ်လှစွာ သူ ငြိမ်သက်နေလိုက်၏။ တောင်ထိပ်တွင်တော့ သူ ကြိုတင် မျှော်လင့်ထားခဲ့သည့်အတိုင်း ဘာမှရှိမနေခဲ့ပါ။

တောင်ထိပ်သည် တိတ်ဆိတ် ငြိမ်သက်နေ၏။ အေးမြသောလေများ အဆက်မပြတ် တသုန်သုန် တိုက်ခတ်နေ၏။ သူသည် လေလာရာဘက်ကို မျက်နှာမူကာ မျက်စိတဆုံး မြင်မြင်ရာကို ကျေနပ်စွာ ကြည့်ရှုနေလိုက်၏။ လေထဲတွင် ဆားသင်းနံ့ကို သူ ရ၏။ လေတိုက်ခတ်လာရာ ဤတောင်ထိပ်မှ ဝေးလံသော တစ်နေရာတွင် ပင်လယ် သို့မဟုတ် ပင်လယ်ထက် ကျယ်ဝန်းသော သမုဒ္ဒရာတစ်ခုခု ရှိနိုင်ကောင်းသည်မှာ သေချာ၏။ ဤတောင်ထိပ်မှနေ၍တော့ သူ လှမ်းမြင်ရခြင်း မရှိ။ သူသည် ကံကောင်းထောက်မစွာဖြင့် တောင်ထိပ်သို့ နေဝင်ဆည်းဆာအချိန်တွင် ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။ ဤတောင်ထိပ်မှနေ၍ မျက်စိတဆုံး မြင်မြင်ရာများ၏ ထူးဆန်းသော အလှတရားများမှာ သူ့အတွက် အံ့ဩစရာတွေချည်း ဖြစ်တော့၏။

ဟိုးအဝေးမှ မြူခိုးမှုန်ဝါးများကြားမှ မဆုံးနိုင်တော့လောက်အောင် ရှည်လျားသွားတော့မည်ဟု ယူဆရသော တောင်စွယ် တောင်တန်း တောင်ချွန်း တောင်ထွဋ်များမှာ နီမှိန်လိုက်မြင့်လိုက်နှင့် သူ့မြင်ကွင်းမှ ဝေးသွားသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ ရိုးတိုးရိပ်တိတ် ရှိနေကြဆဲ။ တစ်နေ့ရာတွင်တော့ အဝေးတောင်တန်းများဆီသို့ ဦးတိုက်သွားသည့် အပြန့် ကျယ်ပြောလှသော အစိမ်းရောင်လွင်ပြင်ကျယ်ကြီး။ အစားအစာ ရှာဖွေစားသောက်နေကြသော အအုပ်လိုက်အစုလိုက် တိရစ္ဆာန်များကို သူ သေးငွေးသော အစက်အပြောက် အစုအဝေးလေးများ အဖြစ် တွေ့မြင်နေရ၏။ သူသည် သူ မြင်နိုင်သလောက်မြင်ကွင်းအားလုံးကို လောဘတကြီး လှည့်ပတ် ကြည့်နေပြန်၏။ မှန်မှန်တိုက်နေသော ပင်လယ်ဘက်မှလေသည် သူ့ဘေးနှစ်ဖက်သို့လည်း ရောက်သွား၏။ သူ့နောက်သို့လည်း ရောက်သွား၏။ သူနှင့် မျက်နှာမူရာ တည့်တည့်သို့လည်း ပြန်ရောက်လာပြန်၏။ အမှန်တော့ သူသည် အဆမတန်ပင်ပန်းနွမ်းနယ်နေခဲ့ပြီ ဖြစ်၏။ ကိုယ်ခန္ဓာ အနှံ့အပြားတွင်လည်း ဒဏ်ရာအနာတရတို့ ရလာခဲ့ပြီး ဖြစ်၏။ သို့သော် သူ ဖြတ်သန်းလာခဲ့သော ခရီးရှည်ကြီးကို ယခုအချိန်တွင် သူ မေ့နေခဲ့လေပြီ။ ငါ လုပ်နိုင်တယ်၊ ဖြစ်အောင်လုပ်မယ် ဟူသော ပြင်းပြသည့် ယုံကြည်ချက်နှင့် ဖြစ်လာပြီတကယ် ဖြစ်လာပြီ၊ ငါတကယ် လုပ်နိုင်ခဲ့ပြီ ဟူသော အားရကျေနပ်ခြင်း၏ ဝမ်းသာကြည်နူးမှုတို့ကြားတွင် သူသည် ခံစားမှုအားလုံး ဟာလာဟင်းလင်း ဖြစ်နေ၏။ သူ မြင်နိုင်သမျှ မြင်ကွင်းအားလုံးကို အငမ်းမရ လှည့်ပတ်ကြည့်ရှုနေပြီးနောက် သူသည် လေတိုက်ခတ်လာရာဘက်ကို မျက်နှာမူကာ ငြိမ်သက်သွားလေ၏။ မျက်လုံးများကို မှိတ်ထားလိုက်လေသည်။ တောင်ထိပ်သည် သစ္စာရှိစွာ တိတ်ဆိတ်လျက်။ ကျောက်စွန်းများက အေးစက်မြဲ။ လေက အေးမြမြဲ။ အတိတ်သည် တရိပ်ရိပ် ပေါ်လာလေသည်။

ငယ်စဉ်ကပင် သူ ဤတောင်ထိပ်ကို လှမ်းမျှော် ငေးကြည့် နေတတ်ခဲ့ဖူး၏။ အမှန်တော့ သူတို့မျိုးရိုးထဲတွင် ဤတောင်ထိပ်ပေါ် ရောက်ခဲ့ဖူးသူ သိပ်မရှိဟု သူ ယုံကြည်ထား၏။ သူ့ဘိုးဘေးများလည်း မရောက်ခဲ့ဖူးပါ။ အဘယ်ကြောင့်ဆိုသော် ဘိုးစဉ်ဘောင်ဆက် သူတို့ နားထောင်ခဲ့ရသော အိပ်ရာဝင်ပုံပြင်များတွင် ဤ တောင်ထိပ်အကြောင်း မပါခဲ့သောကြောင့်ဖြစ်၏။ သူ့အဘိုးလည်း ရောက်ခဲ့ဖူးပုံ မရပါ။ အဘယ့်ကြောင့်ဆိုသော် ဘယ်သူမှ ရောက်ခဲ့ဖူးပုံ မပေါ်သော ဤတောင်ထိပ်တွင် နတ်ကြီးတစ်ပါး ရှိနေခဲ့၍ ထိုနတ်ကြီးသည် အဘိုးနှင့် အဆက်အသွယ်ရှိသည် ဟူသော



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြချက်ဖြင့် မျိုးနွယ်စုတွင် အဘိုးသည် နတ်ဆရာကြီး တစ်ဦးအဖြစ် တစ်သက်လုံး ဟန်ကျပန်ကျ နေထိုင် စားသောက်သွားခဲ့သောကြောင့် ဖြစ်၏။ သူ့အဖေလည်း ရောက်ခဲ့ဖူးပုံ မပေါ်။ အဘယ့်ကြောင့်ဆိုသော် ဤတောင်ထိပ်အကြောင်းကို သူမေးတိုင်း သူ့အဖေမှ မဖြစ်နိုင်သော၊ အဓိပ္ပာယ် တစ်စုံတစ်ရာ မရှိသော ကိစ္စများကို စိတ်ကူးယဉ်မနေဘဲ လက်တွေ့ကျကျ လုပ်သင့်သည်ကိုသာလုပ်၍ ရှာဖွေစားသောက် နေထိုင်သွားရန် အမြဲတစေ ဝေါက်ငမ်းဆုံးမခဲ့ဖူးသောကြောင့် ဖြစ်၏။ သူကတော့ ထိုသို့မဟုတ်။ ဤတောင်ထိပ်ပေါ်သို့ တက်ရောက် ကြည့်ရှုခြင်းသည် တစ်စုံတစ်ရာ ပြည့်ဝသော အဓိပ္ပာယ်နှင့် ထူးခြားသော ခံစားမှုတစ်ခုခုကို ရနိုင်လိမ့်မည်ဟု ငယ်စဉ်ကတည်းက ယုံကြည်ခဲ့လေသည်။ ဤတောင်ထိပ်ပေါ်သို့ ရောက်အောင်တက်ခြင်းသည် အများ ထင်ထားသလို အဓိပ္ပာယ် ကင်းမဲ့စွာ အရူးထခြင်းသက်သက်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

တိုတောင်းလှသော သက်တမ်း အချိန်ကာလအချို့ကို အကျိုးမဲ့ ဖြုန်းတီးခြင်းလည်း ဖြစ်နိုင်ပါ၏။ အန္တရာယ်များလှသော တောင်တစ်တောင်၏ ထိပ်သို့ မည်သည့် အကူအညီမျှမပါဘဲ ကိုယ်စွမ်းကိုယ်စချည်း သက်သက်နှင့် တက်ရောက်ရန် ကြိုးစားခြင်းသည် အကြောင်းပြချက် ကင်းမဲ့လွန်းစွာ ကိုယ့်ကိုကိုယ် သတ်သေခြင်းလည်း ဖြစ်နိုင်ကောင်းပါ၏။ သို့သော် သူသည် သူ့ယုံကြည်ချက်ကို အထိခိုက်မခံခဲ့။ အများနှင့်တစ်ကိုယ် ဖြစ်နေစေကာမူ နောက်မဆုတ်ခဲ့။ သံယောဇဉ် အတုပ်အနှောင်အဖွဲ့များကြောင့် ရည်ရွယ်ချက်ကို အပျက်မခံခဲ့။ လုံလောက်သော သန်စွမ်းကျန်းမာမှုနှင့် ယုံကြည်လောက်သော ကိုယ့်ကိုကိုယ် စိတ်ချမှုရပြီး ရာသီဥတု ကောင်းမွန်သော နေ့တစ်နေ့တွင် တောင်ထိပ်ပေါ်သို့ ရောက်အောင်တက်ရန် ဆုံးဖြတ်ချက် မျှော်လင့်ချက် ယုံကြည်ချက်များနှင့်အတူ သူ စတင် ခရီးထွက်ခဲ့၏။

သူ၏ လုပ်ဆောင်မှုကြောင့် မိသားစုနှင့်အတူ သူ့ဘဝအတွက် ထာဝရလက်တွဲဖော် အဖြစ် ရည်ရွယ်ထားခဲ့ပြီးသူကပါ သူ့ကို စွန့်သွားခဲ့ကြ၏။ အားကိုးရာမဲ့နေ့များကို သူ ဖြတ်သန်းခဲ့၏။ သဘာဝတရား၏ စိန်ခေါ်ခြင်းများကို တစ်ခါတစ်ရံ ရဲရင့်စွာ၊ တစ်ခါတစ်ရံ ထိတ်လန့်အံ့ဩစွာ၊ တစ်ခါတစ်ရံ ဆောက်တည်ရာမရ ဖရိုဖရဲ ဖြစ်လွန်းစွာ သူ ရင်ဆိုင်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာအနာတရပေါင်း များစွာကို တစ်ကိုယ်တည်း ခံယူရ၍ တစ်ကိုယ်တည်း ကုသစုတ်သပ်ခဲ့ရ၏။ အခက်အခဲပေါင်းများစွာ၊ အန္တရာယ်များစွာ၊ အမြဲတစေ အားတင်း ရုန်းကန်နေရသော နေ့ပေါင်းများစွာ။ နောက်ဆုံးတော့ သူ့ရည်ရွယ်ချက်၊ သူ့ယုံကြည်ချက် ပြည့်ခဲ့ပြီ။ တောင်ထိပ်ကို သူ ရောက်ခဲ့ပြီ။ မျက်လုံးများကို ပြန်ဖွင့်လိုက်၏။

အခုတော့ သူ့မျိုးနွယ်စု တစ်ခုလုံး ဘောဘိုးစဉ်ဆက် မရောက်ခဲ့သော တောင်ထိပ်သို့ သူ ရောက်ခဲ့ပြီ။ သူ့မျိုးနွယ်စု ခံစားခွင့်မရခဲ့သော အတွေ့အကြုံများ မြင်ကွင်းများ အရသာများကို သူ ရခဲ့ပြီ။ ကံကောင်းထောက်မလျှင် ရရှိလာနိုင်သော သူ့သားမြေးများအတွက် အိပ်ရာဝင်ပုံပြင် ကောင်းကောင်းများကို ဤတောင်ထိပ်နှင့် ပတ်သက်၍ သူ ထားခဲ့နိုင်ပြီ။ ဤတောင်ထိပ်တွင် နတ်ကြီးတစ်ပါး ရှိမနေဘဲ ကျောက်တုံးကြီး တစ်တုံးနှင့် သစ်ပင်များ မြက်များသာရှိသည် ဟူသော အကြောင်းကို သူ သက်သေထူနိုင်ပြီ။ ဤတောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့ခြင်းသည် စိတ်ကူးယဉ်ခြင်း မဟုတ်ဘဲ တစ်စုံတစ်ရာ အဓိပ္ပာယ်ရှိခြင်း အကြောင်းကို နူးညံ့ညင်သာစွာ သူ ပြန်ပြောပြနိုင်တော့မည်။ တောင်ထိပ်သည် သစ္စာရှိစွာ တိတ်ဆိတ်ငြိမ်သက် အေးချမ်းလျက်။ သူ ပြန်ထွက်ခွာတော့မည်။ သူ့မျိုးနွယ်စုဆီ မဟုတ်ပါ။ မျိုးနွယ်စုသည် အတိတ်တွင် ကျန်ခဲ့ပြီ။ သူ ဦးတည်လိုသည်မှာ တောင်စဉ်တောင်တန်း အထပ်ထပ်၏ ဟိုတစ်ဖက်တွင် ရှိနိုင်သည်ဟု ယုံကြည်ထားသော ပင်လယ်ဆီသို့။ မည်သို့မျှ ရောက်ရန်မဖြစ်နိုင်ဟု ဘိုးစဉ်ဘောင်ဆက် ယုံကြည်ခဲ့ကြသော ဤတောင်ထိပ်သို့ပင် သူ ရောက်ခဲ့ပြီ။ ဘာကြောင့် သူ ပင်လယ်ဆီ မရောက်ရမှာနည်း။ သူ စတင်ရွေ့လျားလိုက်၏။ ထိုစဉ် တောင်ထိပ်တွင် အသံများ ဆူညံလာလေသည်။

*'ဗိုး ... မောလိုက်တာကွာ၊ ငါ့ခွေးနဲ့မှ'*

*'အေးလေ၊ ဒီတောင်ပူစာလေးက ခပ်လှမ်းလှမ်းက ကြည့်တော့ နိမ့်မလိုလိုနဲ့၊ နေဦးဟ ... အခု နေစောင်းနေပြီ၊ ကမ်းခြေက တို့ဗိုလ်တဲကို ပြန်လျှောက်ရင် ကောင်းမယ်၊ သိပ်မှောင်သွားမယ်ဟ'*

*'ခဏတော့ ထိုင်စမ်းပါဦးကွာ၊ အခုမှ ငါးနာရီလောက်ရှိသေးတာ၊*



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ပြန်လျှောက်ရင် ခုနှစ်နာရီ ရှစ်နာရီလောက်တော့ ရောက်ပါတယ်'

'အေးလေ ဟုတ်ပါတယ်၊ ဒီက လှမ်းမြင်နေရတဲ့ ကျောက်ဆောင်တွေဘက်က မသွားဘဲ ကားလမ်းဘက်က ပြန်တာပေါ့'

'အေး ကောင်းတယ်၊ အမယ် ... ဟော့ကောင် ကြည့်စမ်း ... ဒီခရုလေးက တို့ထက် အရင် ဒီတောင်ထိပ်ကို ရောက်နေပါလား'

'အေးဟ ချစ်စရာလေး၊ တို့ထက်အရင်ရောက်ဆို ဒီကောင် တို့ထက် ဘယ်နှစ်နှစ်ကြာကတည်းက တက်လာလဲမှ မသိတာကွ၊ ဟား ဟား'

'မွေးကတည်းက ဒီမှာမွေးလာတာလည်း ဖြစ်မှာပေါ့၊ ဟား ဟား ... ငါတို့တောင် တစ်နာရီနီးပါး အတော် တက်ယူရတာ၊ ဒီကောင် တောင်ခြေကသာ စတက်လို့ကတော့ ဆယ်နှစ်လောက် တက်ယူရမှာ၊ ဟား ဟား ဟား'

'ဒီကောင့်ကို ငါ ယူခဲ့မယ်ကွာ၊ ဘာပဲဖြစ်ဖြစ် ဗိုလ်တဲပြန်ရောက်မှ ကျောက်ဆောင် တစ်ခုခုဘက် သွားလွှတ်လိုက်မယ်၊ ခရုဆိုတော့ ရေနားနီးနီး နေချင်မှာပဲကွ'

'သေပြုသွားပါဦးမယ်ကွာ'

'သေချာကြည့်ပြီးတော့တော့ နေရာလေး ရွေးပေးရမှာပေါ့ကွ၊ အိတ်ထဲထည့်လာခဲ့မယ်'

'မထည့်ပါနဲ့ကွာ၊ မွန်းသွားပါဦးမယ်၊ ဒီအတိုင်း လက်ကပဲ ကိုင်ခဲ့စမ်းပါ သနားပါတယ်၊ ဟော့ကောင် အခွံကို အတင်းမညှစ်နဲ့လေ၊ ကွဲပြုသွားဦးမယ်'

'အေးပါဟ၊ ငါ ကိုင်ရုံလေးကိုင်တာပါ'

တောင်ထိပ်ကို ဝမ်းမြောက်ဝမ်းသာ သူ စွန့်ခွာခဲ့ရလေသည်။

ဟုတ်ပါ၏။

သူသည် ခရုကလေး တစ်ကောင်သာ ဖြစ်ပါသည်။ ကံကြမ္မာ၏ ထောက်ပံ့မှုဖြင့် တောင်ထိပ်မှ သူ သွားလိုသော ပင်လယ်ရှိရာသို့ သူ့



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်တာတွင် တစ်ခါမှ မကြုံဖူးသော အရှိန်အဟုန်နှင့် သွားနေလေပြီ။ အိပ်ရာဝင် ဒဏ္ဍာရီတစ်ပုဒ် တိုးခဲ့ပြီ ဖြစ်၏။

ဝတ္ထုဖတ်ပြီးသောအခါ သူငယ်ချင်းမှ ကျွန်တော့်အား ဝေဖန်၏။

'မင်းဟာက ယုတ္တိကို မရှိဘူး၊ ခရုက မျက်စိတွေဘာတွေ ရှိလို့လား'

ကျွန်တော်မှ ပြန်ပြောရ၏။

'ငါ ဘယ်တော့မှ ယုတ္တိကို အခြေမခံဘူး သူငယ်ချင်း'

'ဒါဆို ဘာကို အခြေခံလဲ ပြော ...'

'အတွေးကို အခြေခံတာ'

look မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၁၂



www.burmeseclassic.com

www.burmeseclassic.com

## ပလွေသမား

လွန်ခဲ့သော ရာစုနှစ်များက 'ကြွက်' ဟူသော အခေါ်အဝေါ် ရှိသည့် သတ္တဝါတစ်မျိုးကို 'ပလိပ်' ဟူသော ရောဂါဆိုးနှင့် တွဲ၍ လူတို့ လွန်စွာ ကြောက်ရွံ့ခဲ့ကြဖူးလေ၏။ ကြွက်မြင်လျှင် ကိုင်ကြည့်ဖို့ မဆိုထားနှင့် အထိတ်တလန့်ပင် ရှင်းလင်း မောင်းနှင်ပစ်တတ်ကြကုန်၏။ ရွာထဲမှ ကြွက်များအားလုံး ပလွေသံဖြင့် ညှို့ငင်ခေါ်ဆောင်ကာ ရေထဲနှစ်၍ သေကုန်အောင် လုပ်ပေးခဲ့ဖူးသော လူစွမ်းကောင်းကြီး ပလွေဆရာပုံပြင်မှ ပလွေဆရာကို ဟီးရိုးကြီးတစ်ယောက်အဖြစ် လူတို့ သဘောကျခဲ့ကြဖူးလေ၏။ ကြွက်များကို ဤမျှအထိ လူတို့ မုန်းတီးခဲ့ကြ၏။ ထိုကြွက်ပုံပြင်ကို ယခုခေတ်တွင် ပြန်လည် အသက်သွင်းရသည်ရှိသော် ...

တစ်နေ့သော နေ့လည်ခင်း တစ်ခု၌ ဟာန်ဂေရီ နိုင်ငံ၏ မြို့လေး တစ်မြို့ အတွင်းသို့ ရှေးခေတ် အဝတ်အစားများ ဝတ်ဆင်ထားသည့် ရှေးခေတ်ဟာန်ပန် အမူအရာနှင့် ရှေးခေတ်လူသားတစ်ယောက်သည် ပလွေရှည်ရှည်တစ်ချောင်း လက်မှစွဲကာ ပိန်ရှည်ပိန်ရှည်နှင့် မြို့တွင်းသို့ ဝင်လာလေ၏။

ထိုလူသည် မြို့လယ်လမ်းတစ်လျှောက် ဟိုကြည့်သည်ကြည့်နှင့် လျှောက်လာရာမှ မြို့လယ်ခေါင်သို့ ရောက်လာကာ အရက်ဘားတစ်ခု အတွင်းသို့ ဝင်လေ၏။ ဆိုင်တံခါးကို တွန်းဖွင့်ဝင်ကာ ဘားရှိရာသို့ တခေါက်ခေါက် လျှောက်သွားပြီး ခုံတစ်လုံးကို ဆွဲ၍ ခပ်တင်းတင်း တက်ထိုင်လျက် လက်မှကိုင်လာသော ပလွေရှည်ကို ဘားကောင်တာပေါ်သို့

www.burmeseclassic.com



'ဒေါက်'ခနဲ တင်လိုက်လေ၏။ ဘားမင်းသည် ထူးဆန်းလှသော ထိုသူကို ပြူး၍ ကြည့်နေ၏။ ထိုသူမှ မျက်နှာထားတင်းတင်းနှင့် ဘားမင်းကို ကြည့်လျက် ....

'ဘာကြည့်နေတာလဲ၊ အရက်တစ်ခွက်လောက် ပေးစမ်း၊ ကျုပ် ခင်ဗျားတို့မြို့ကို ကယ်တင်ဖို့လာတာ'

ထိုစကားကို ကြားသော် ဆိုင်အတွင်း ရှိနေကြသော လူများသည် ထိုသူအား ဝိုင်းလှည့်ကြည့်ကြကုန်လျက် 'ဘာလဲဟ' ဟူသော သဘောနှင့် အချင်းချင်း မေးဆတ်ပြကြပြီးနောက် နားများကို စွင့်ထားလျက်ရှိကြလေသည်။ ဘားမင်းသည် ဝီစကီတစ်ခွက်ကို ခပ်သွက်သွက် ထည့်ကာ သူ့ရှေ့မှလူ ရှေ့သို့ ချပေးလိုက်ပြီး မချိုမချဉ် ပြုံးစိစိမျက်နှာနှင့်

'ဆိုစမ်းပါဦး၊ ကျုပ်တို့မြို့က ဘာဖြစ်နေလို့ ကိုယ့်လူက ဘယ်လို ကယ်တင်မှာတုံး'

ထိုသူက ဘားမင်းကို စိုက်ကြည့်လျက်

'ခင်ဗျားတို့မြို့မှာ mouse တွေ မရှိဘူးလား'

ဘားမင်း ရုတ်တရက် ကြောင်သွားပြီးမှ

'mouse တွေ ဟုတ်လား'

'ဟုတ်တယ်လေ'

'mouse တွေ ... mouse တွေ ရှိတာပေါ့၊ ရှိတာမှ အများကြီး ဥစ္စာ၊ ဘာဖြစ်လို့တုံး'

ထိုအခါ ထိုသူမှာ အောင်နိုင်သူ တစ်ယောက်၏ အပြုံးကို အပေါ်စီးမှ ပြုံးကာ တစ်ခွန်းမှ မပြောဘဲနှင့် ဘားကောင်တာပေါ် တင်ထားသော သူ၏ ပလွေရှည်ရှည်ကို ကောင်းဘွိုင်တစ်ဦးသည် သူ၏ ခါးကြားမှ ခြောက်လုံးပြူးအား မခိုးမခန့်နှင့် ရန်သူကို ပုတ်၍ ပြသည့်အလား ဘားမင်းအား ပုတ်ပြလေ၏။ ဆိုင်တွင်းမှလူများလည်း ထိုလူ၏စကားနှင့် အမူအရာမှာ ထူးလှလေသောကြောင့် အံ့ဩကာ ကြည့်နေကြလေသည်။ ဘားမင်းသည် စားပွဲပေါ်မှ ပလွေကိုတစ်လှည့် ထိုသူမျက်နှာအားတစ်လှည့် အားဖြင့် နားမလည်စွာ သုံးခါမျှ ခေါက်တုံ့ခေါက်ပြန် ကြည့်၍

'ဒါ ... ဒါကဘာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ပလွေလေ'

'ဘာလုပ်တဲ့ ပလွေလဲ'

ထိုသူသည် ဟက်ဟက်ပက်ပက် ရယ်မောကာ

'ဟား ဟား ဟား … ဒီပလွေကို ခင်ဗျားက သာမညောင်ည ပလွေမှတ်လို့လား'

'ဒါ ဘာပလွေမို့လို့လဲ'

ထိုအခါမတော့ ထိုသူသည် ဘားမင်းအား သနားစရာကောင်းသော ကလေးငယ် တစ်ယောက်ကို ကြည့်သလို ကြည့်လျက် တစ်ဆိုင်လုံး ကြားအောင် ကျယ်လောင်စွာ ပြောလေ၏။

'ခင်ဗျားတို့ ကျုပ် အကြောင်းကို မကြားဖူးကြပဲကိုး၊ ဒီပလွေဟာ သာမညောင်ည ပလွေ မဟုတ်ဘူး၊ ကျုပ်ကလည်း သာမညောင်ညကောင်စား မဟုတ်ဘူးဗျ'

ဘားမင်းမှ ထောက်ပေး၏။

'ဘာလဲဗျ ခင်ဗျားစကား'

ထိုသူမှာ လည်ချောင်းတစ်ချက် ရှင်း၍

'အဟမ်း … တစ်ခါတုန်းက ရွာတစ်ရွာမှာ ကျုပ် ဝင်သွားပြီး ဒီပလွေကို မှုတ်လိုက်တာ ရွာမှာရှိသမျှ mouse တွေ အားလုံးကို ဖျက်ဆီးပြီးသား ဖြစ်သွားတော့တာပဲ၊ ခင်ဗျားတို့ မကြားဖူးကြဘူးကိုး'

ထိုသူ စကားဆုံးသွားသည်နှင့် ဘားမင်း အပါအဝင် တစ်ဆိုင်လုံးမှ လူတိုင်း၏ကိုယ်များ အားလုံး ဆတ်ခနဲ မတ်သွားကြလေ၏။ ပလွေဆရာ၏ နောက်ဘက် ခပ်ကျကျဝိုင်းမှ လူတစ်ယောက်မှာမူ မသိမသာ ထကာ တံခါးအပြင်ဘက် လမ်းပေါ်ရောက်သည်နှင့် မြို့တော်ဝန်ရုံးသို့ သုတ်ခြေတင်လေတော့၏။ ထိုသူသည် မောကြီးပန်းကြီးနှင့် မြို့တော်ဝန် ရှေ့သို့ ရောက်သွားလေ၏။ မြို့တော်ဝန်သည် အူယားဖားယား ရောက်လာသော ထိုသူအား ကြည့်ကာ

'ခင်ဗျားက ဘာဖြစ်လာတာတုံး'

'ဟောဟဲ ဟူး ‥ အရေးကြီးတယ် မြို့တော်ဝန်ကြီး၊ တော်တော် အရေးကြီးတယ်၊ တစ်မြို့လုံးအတွက်ကို တော်တော် အရေးကြီးတာ ဟူး'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြို့တော်ဝန်ကြီးမှာ မျက်မှောင်ကုတ်သွားပြီး

'ဘာအရေးကြီးတာတုံး၊ ရှင်းရှင်း ပြောစမ်းပါ'

'ဟောဟဲ ဟူး ... ဒီလိုခင်ဗျ'

'ဘယ်လိုတုံး'

'မြို့ .. မြို့လယ်ခေါင်က ဘားဆိုင်မှာ ကျွန်တော်တို့ အရက်သောက်နေကြတုန်း ဘယ်ကမှန်းမသိတဲ့ လူတစ်ယောက် ဝင်လာတယ်၊ တစ်ခါမှလည်း မမြင်ဖူးဘူး၊ အဲဒီလူလက်ထဲမှာ ပလွေလဲ ပါလာတယ်ခင်ဗျ'

'စကားကို ရှင်းရှင်း ပြောစမ်းကွာ၊ ဘာ ပလွေလဲ၊ ဝံပုလွေကြီး ဆွဲလာတာလား'

'မဟုတ်ဘူးခင်ဗျ၊ ရိုးရိုးမှုတ်တဲ့ ပလွေတစ်ချောင်း ကိုင်လာတာ'

'ပလွေပါလာတာ ဘာဖြစ်တုံး'

'ဘာဖြစ်ရမလဲ မြို့တော်ဝန်ကြီးရဲ့၊ အရက်တစ်ခွက်သောက်ပြီးတော့ အဲဒီလူက ပြောတယ်၊ တစ်ခါက ရွာတစ်ရွာမှာ သူ အဲဒီပလွေကို မှုတ်လိုက်တာ တစ်ရွာလုံးက mouse တွေကို ဖျက်ဆီးပြီးသား ဖြစ်ရောတဲ့'

'ဟိုက် ရောက်ကျိုးနည်း'

'အဲဒါ ပြောတာပေါ့ မြို့တော်ဝန်ကြီးရဲ့၊ အရေးကြီးပါတယ်ဆို'

မြို့တော်ဝန်ကြီးသည် သေသေချာချာ စဉ်းစားပြီးနောက်

'အေး တော်တော် အရေးကြီးတယ်၊ ဒီလိုလုပ် ... မင်း အသာပြန်သွားပြီးတော့ အဲဒီလူကို အသာထိန်းထား၊ ငါ ရဲကို အကြောင်းကြားမယ်၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ၊ ဟုတ်နေရင် အကျိုးနည်းကုန်မှာ'

ထိုသူလည်း ဘားဆိုင်သို့ သုတ်ခြေတင် ပြန်ပြေးလေသည်။ မြို့တော်ဝန်မှ တစ်ဆင့် ထိုသတင်းသည် တစ်မြို့လုံးသို့ ပျံ့သွားကာ ယောက်ယက်ခတ်ကုန်ကြ၏။ ဘားဆိုင်အတွင်းတွင်တော့ အခြေအနေသည် လွန်စွာ အေးစက်လျက် ရှိလေသည်။ မိုးသက်လေမထန်ခင် ပင်လယ်ပြင်ငြိမ်သက်နေသလိုမျိုး ဖြစ်၏။ ပလွေဆရာမှာ သူ့ကို အရက်မတိုက်လျှင် ပလွေကို မှုတ်လိုက်တော့မည် ဆိုသဖြင့် ဘားမင်းမှ တစ်ခွက်ပြီးတစ်ခွက် တိုက်နေရလေ၏။ ပလွေဆရာမှာ တစ်ဆိုင်လုံးကို ဂရုမစိုက်ဘဲ အရက်ကို မိမ်ဆွဲ သောက်နေလေသည်။ ဘားမင်းသည် ဆိုင်တွင်းမှ သူ့ အစေခံသမားများ



www.burmeseclassic.com

www.burmeseclassic.com



အား မျက်ရိပ်ပြလိုက်၏။ အရက်သမားများလည်း ခေါင်းညိတ်ပြကြကာ ထိုင်ရာမှ ဖြည်းညင်းစွာ ထကြ၍ ပလွေဆရာကို ဝိုင်းကာ တဖြည်းဖြည်း ချဉ်းကပ်လာကြကုန်၏။ အရက်သမားများ ပလွေဆရာနား ရောက်လာကြ သည်နှင့် ဘားမင်းမှာ သတိကြီးစွာထားသော လေသံဖြင့် ပလွေဆရာအား ခေါ်လိုက်၏။

'ဒီမှာ ကိုယ့်ဆရာ'

'ပြော' ဆိုသည့်သဘောဖြင့် ပလွေဆရာမှ မေးဆတ်ပြ၏။

'ဒီလောက် ထူးဆန်းတဲ့ပလွေကို ကျုပ် ခဏ ကိုင်ကြည့်ပါရစေ ဗျာ၊ တစ်သက်နဲ့တစ်ကိုယ် ကိုင်ဖူးတယ် ရှိအောင်လို့ပါ'

'ရပါတယ်'

ပလွေဆရာ စကားဆုံးသည်နှင့် ဘားမင်းမှာ ပလွေကို ဆတ်ခနဲ ယူလိုက်ပြီး ခုံစောင်းတွင် ဖျောင်းခနဲ ရိုက်ချိုးလိုက်လေတော့၏။ ပလွေ ဆရာမှာ အံ့အားသင့်ကာ ကြောင်နေခိုက် ဝိုင်းထားသော အရက်သမားများ သည် ပလွေဆရာကို ဝုန်းခနဲ ခုန်အုပ်ကာ ဖမ်းဆီး ချုပ်ထားကြလျက် တစ်ယောက်မှ ရှူးခနဲ လက်ခေါက်မှုတ်လိုက်လေလျှင် အပြင်တွင် အသင့် စောင့်နေသော ပုလိပ်များမှ ပြေးဝင်လာကြကာ ပလွေဆရာအား ဖမ်းချုပ် ခေါ်ဆောင်သွားကြလေတော့၏။ ဘားမင်းနှင့် အရက်သမားများမှာ ထိုအခါမှ သက်ပြင်းကိုယ်စီ ချကြကာ တစ်ယောက်မှ

'ဗိုး ... တော်သေးတာပေါ့ကွာ၊ ဘယ်လို သောက်ရူးနဲ့ လာ တွေ့တယ် မသိဘူး'

တစ်ယောက်မှ ထောက်ခံ၏။

'ရူးကြောင်ကြောင် သိပ္ပံသမားတစ်ကောင် ဖြစ်မှာပေါ့ကွာ၊ ငါ့နှယ်'

ထိုအခါ ဘားမင်းက ထောက်ခံလေသည်။

'အေးလေကွာ၊ ရှီးတဲ့မှ၊ တစ်မြို့လုံးက mouse တွေကိုဖျက်ဆီး ချင်ရတယ်လို့၊ mouse တွေ ပျက်စီးမှတော့ ငါတို့ကွန်ပျူတာတွေ ဘာနဲ့ သွားသုံးတော့မလဲကွ'

နောက်နေ့ သတင်းစာများတွင်တော့ အန္တရာယ်ရှိသော ပလွေဆရာ ကို အရှူးထောင်သို့ တစ်ခါတည်း ပို့လိုက်သော သတင်းနှင့် ဘားမင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့အရက်သမားများကို တစ်မြို့လုံးက ဝိုင်းဝန်း ဂုဏ်ပြုကြသော သတင်းမှာ မျက်နှာဖုံးများတွင် ဓါတ်ပုံများ ဝေဝေဆာဆာဖြင့် ယှဉ်တွဲ ဖော်ပြပါရှိနေလေတော့သတည်း။

Mobile Guide ဂျာနယ်၊ မေလ၊ ၂၀၁၁



www.burmeseclassic.com

www.burmeseclassic.com

# မိတ်ဆွေ

မနက်ဖြန် မနက်ကျရင်လည်း ဒီပြတင်းပေါက်လေးကနေ ငါ မြင်ရသမျှတွေကို ခါတိုင်းလိုပဲ မင်းကို ပြောပြမယ်လေကွာ။ အခုတော့ မှောင်နေပြီကွ။ ငါလည်း ဘာမှ မမြင်ရတော့ဘူး။ မင်းသိတဲ့အတိုင်းပဲ။ ခဏနေကျရင် အန်တီတွေက ငါတို့ ပြတင်းပေါက်လေးကို လာပိတ်ကြတော့မှာ။ ထုံးစံအတိုင်းပေါ့ကွာ။ ဘာလဲ။ မင်းကလည်း ညတိုင်းပဲ။ ပြတင်းပေါက်ပိတ်လိုက်ရင် မင်း စိတ်ညစ်တာပဲလား။ စိတ်မညစ်ပါနဲ့ကွ။ မနက်ကျရင် ပြန်ဖွင့်ပေးကြမှာပဲဟာ။ အန်တီတွေက သဘောကောင်းတယ်လေကွာ။ ဘဘကြီးကလည်း သဘောကောင်းတာပဲ။ ဟာ … မင်း ချောင်းတွေဆိုးနေပြန်ပြီ။ မင်း ကားလေးကို ကိုင်ထားလိုက်လေကွာ။ ကားလေးကို ကိုင်ထားလိုက်ရင် သက်သာတယ်ကွ။ ငါလည်း ဒီည ရင်ဘတ်ထဲမှာ အရမ်းနာနေတယ်ကွ။ မနက်ကျရင် မင်းကားလေး ငါ့ကို ခဏ ပေးဆော့ကွာ။ မနက်ကျရင် ငါတို့ ပြတင်းပေါက်လေးကို ပြန်ဖွင့်ပေးကြမှာလေကွာ။ ခါတိုင်းလိုပဲ ငါ မြင်ရတာတွေ မင်းကို ပြောပြမယ်လေကွာ။ မင်းကုတင်ကနေ ပြတင်းပေါက် အပြင်ကို မမြင်ရတာ မနိပ်ဘူးကွ။ ဒါပေမဲ့ ငါတို့က ဆေးရုံမှာလေကွာ။ စည်းကမ်း ရှိရတယ်ကွ။ ရင်ဘတ်ထဲကလည်း နာလိုက်တာကွာ။ နေဦး …။ ဒီနေ့လည်း ငါ မြင်ရတာ ခါတိုင်းလိုပဲကွ။

မင်း သိတယ်လေကွာ။ ပြတင်းပေါက်က ကြည့်ရင် စိန်ပန်းပင်ကြီး ရှိတယ်ကွ။ မြက်ခင်းကြီးနဲ့ ပန်းအိုးတွေ ရှိတယ်ကွ။ နောက်ပြီး မင်း



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိတယ် မဟုတ်လား။ လမ်းလေးနဲ့ အဝတ်လှမ်းတဲ့ ကြိုးတန်းတွေ ရှိတယ်လေကွာ။ မင်း သိပြီးသားပါကွ။ ဒီနေ့လည်း ပြတင်းပေါက်လေးက ခါတိုင်းအတိုင်းပဲကွ။

စိန်ပန်းပင်ကြီးက နီနေတာပဲ။ သူက အကြာကြီး ပွင့်တယ်နော်ကွာ။ မြက်ခင်းကြီးကလည်း စိမ်းနေတာပဲ။ ပန်းအိုးတွေက မပွင့်ဘူးကွ။ သူတို့က နည်းနည်းဆိုးတယ် ထင်တယ်။ ငါ မင်းကိုပြောဖူးတဲ့ အဖြူရောင်နဲ့ ကုလားကြီး နေ့တိုင်း ရေပိုက်နဲ့ ရေ လာ လာလောင်းနေတာ တောင် ပန်းအိုးတွေက မပွင့်ကြဘူးကွ။

မနက်ကလည်း ခါတိုင်းလိုပဲကွ။

ငါတို့နဲ့ ရွယ်တူတွေ လမ်းလေးပေါ်ကနေ ကျောင်းသွားကြတယ်ကွ။ နေပူနေပေမဲ့ သူတို့ မပူဘူးကွ။ လမ်းလေးမှာ သစ်ပင်ကြီးတွေ အများကြီး။ ငါ ပြောဖူးတယ်လေကွာ။ မင်း မှတ်မိတယ် မဟုတ်လား။ မင်း ဒီည ချောင်းတွေ အရမ်းဆိုးတယ်နော်။ ကားလေးကို ကိုင်ထားကွ။

သူတို့တွေ ထွက်သွားကြပြီးတော့ ခါတိုင်းလိုပဲ ကုလားကြီး လာတယ်ကွ။ ပန်းအိုးတွေနဲ့ မြက်ခင်းကို ရေလောင်းတယ်ကွ။ သူ ပြန်သွားတာနဲ့ ငါ ပြော ပြောနေသလို အဝတ်အဖြူကြီးတွေကို ကြိုးတန်းတွေမှာ လာလှန်းကြရောကွ။ မြက်ခင်းစိမ်းစိမ်းပေါ်မှာ အဝတ်ဖြူဖြူကြီးတွေ လွင့်နေတာ လှတယ်ကွ။ မြက်ခင်းက အကျယ်ကြီးကွ။ မင်းနဲ့ ငါနဲ့ နေကောင်းသွားရင် အဲဒီ မြက်ခင်းကြီးပေါ်မှာ ပြေးလို့ရမှာကွ။ ရင်ဘတ်ထဲကလည်း နာလိုက်တာကွာ။

ဟော့ .. ဒီနေ့ ငါ ပြောဖူးတဲ့ ဈေးသည်ကြီး လာတယ်ကွ။ ငါတို့ ဆေးထိုးပြီးခါစတုန်းကလေကွာ။ ပြတင်းပေါက်လေးက လှတယ်ကွ။ ဈေးသည်ကြီးက လမ်းလေးပေါ်ထိုင်ပြီး ထမင်းစားတယ်ကွ။ ခါတိုင်းလိုပဲ သူ့ဆီက ဘာမှ ဘယ်သူမှ လာမဝယ်ကြဘူးကွ။ ထမင်းစားပြီးတော့ ပြန်သွားရော။ ညနေကျတော့ ပိုလှတယ်ကွ။

နေရောင်က စိန်ပန်းပင်ကြီးပေါ် ထိုးနေတာ။ ငါတို့နဲ့ ရွယ်တူတွေ ကျောင်းက ပြန်လာကြတယ်ကွ။ ထုံးစံအတိုင်း ခါတိုင်းလိုပဲ သူတို့ ညစ်ပတ်နေကြပြီကွ။ တချို့ ပြေးကြတယ်ကွ။ တချို့က ငါတို့ မစားဖူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခုန့်တွေ ကိုင်လာကြတယ်ကွ။ မင်း အိပ်ချင်နေပြီလား။ အိပ်တော့ကွ။ ငါ လည်း အိပ်တော့မယ်။ မနက်ကျရင် ပြတင်းပေါက်လေးက မြင်ရတာတွေ ငါ ပြောပြမယ်။ ဒီနေ့ ရင်ဘတ်ထဲက နာလိုက်တာကွာ။ ဟော့ … မနက် ကျရင် မင်း ကားလေး ငါ့ကို ပေးဆော့ဦးကွ။

မနက် ကျွန်တော် နိုးလာချိန်တွင် ကျွန်တော့် သူငယ်ချင်းကို သူ့ ကုတင်တွင် မတွေ့ရတော့ပါ။ သူ မြက်ခင်းကြီးပေါ် သွားပြေးနေပြီလား။ အန်တီတွေ ငိုနေကြတယ်။

နေ့လယ်ကျတော့ ကျွန်တော့် သူငယ်ချင်း ကုတင်ပေါ်ကို ကျွန်တော့် ကို ပြောင်းပေးကြတယ်။ ကျွန်တော် သိပ်ဝမ်းသာသွားတယ်။ ကျွန်တော် ကုတင်ပေါ်ကနေ အနိုင်နိုင် အတင်းထပြီး ပြတင်းပေါက်လေးကနေ အပြင် ကို ကြည့်တယ်။

ပြတင်းပေါက်လေးရဲ့ အပြင်မှာ ဘာမှ မရှိဘူး။
ရေညှိတက်နေတဲ့ နံရံဟောင်းကြီးတစ်ခုက ပြတင်းပေါက်လေး တစ်ခုလုံးကို ပိတ်ကာလို့။

The Chic မဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၁၂



www.burmeseclassic.com

www.burmeseclassic.com

# ခရမ်းရောင် ပျက်စီးခြင်း

'မင်းဟာက မဟုတ်သေးပါဘူး ဂုတ်ကျားရယ်၊ လူကြားလို့မှ မတော်'

'ဟ လူကြားရအောင် လူက ခွေးစကား နားလည်လို့လားဟ၊ အခုပဲ မင်းကြည့်လေ၊ ဘယ်သူ ငါတို့ကို ဂရုစိုက်လို့တုံး'

ခွေးနှစ်ကောင် လမ်းဘေးဟောင်နေကြသည်ကို လမ်းသွားလမ်းလာများ ဂရုမထား။ ဘရောင်နီကား နားရွက်ထောင်ကာ ဟိုကြည့်သည်ကြည့်နှင့် ရုတ်တရက် ဘာပြန်ပြော .. အဲ .. အဲ ဘာပြန်ဟောင်ရမှန်း မသိဖြစ်နေ၏။ ပြီးမှ

'နေစမ်းပါဦးဟ၊ လူထီးတွေ သဘောကျတဲ့နေရာတိုင်း ခွေးထီးတွေ သဘောကျစရာ ကောင်းလိမ့်မယ်လို့ မင်းက ဘာလို့ ယူဆရတာတုံး'

'ဟ အထီး အထီးချင်းလေကွာ မင်းကလည်း၊ ဒီမှာ ဘရောင်နီရ မင်းဟာ ခြံနဲ့နေတဲ့ သိက္ခာရှိခွေးလို့ မပြောရဘူး၊ တယ်ကိုးရိုးကားရားတွေးတာကိုး'

'ဘာကိစ္စ ငါက ကိုးရိုးကားရား တွေးရမှာတုံး'

'ဒီမှာ ဟေ့ကောင် ... ငါ့နာမည် ဂုတ်ကျားကွ၊ လမ်းဘေးခွေးမောင်ရင် ... ဗွယ်မယ် ထင်ရင် ဒူးကြည့်ဖို့ နည်းနည်းမှ ဝန်မလေးဘူး၊ လမ်းဘေးခွေးက ဘာမှ ငဲ့နေစရာ မလိုဘူး၊ ဒီကိစ္စ မင်း စလာပြောတာ ဟေ့ကောင်၊ မင်း သခင် လူပျိုကြီးညီအစ်ကို စင်တင်သွားတဲ့ကိစ္စလာပြီး ပြောတာ၊ ဟုတ်တယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ၊ ငါက ဘာငြင်းလို့လဲ၊ ငါ့သခင် လူပျိုကြီးညီအစ်ကို စင်တင်ဆိုတဲ့နေရာ ညတိုင်း သွား သွားပြီး ဘယ်လိုကောင်းသကွာ၊ ဘယ်သူလေးက ဘယ်လိုမိုက်တာကွာ ဆိုပြီး ပြော ပြောနေကြလို့ မင်းကို ငါ လာပြောပြတာ'

'အေးလေ၊ ဒါဆို မင်း စိတ်ဝင်စားရင်လည်း မင်း လူပျိုကြီး နှစ်ယောက်နောက် ငါတို့ နှစ်ကောင် လိုက်ကြည့်ကြမယ်လေကွာ၊ အဲဒါ ဘာဖြစ်လို့ မင်းက အင်တင်တင် ဖြစ်နေတာလဲ'

'ဟ သောက်ရမ်း လျှောက်လုပ်လို့ ရမလားဟ၊ ဂုတ်ကျားရဲ့၊ နည်းနည်းပါးပါး စဉ်းစားရသေးတယ်ဟဲ့၊ နင်က လမ်းဘေးခွေး ဆိုတော့ ဘယ်သူမှ နင့်ကို မှတ်မိတာ မဟုတ်ဘူး၊ ငါ့ကျ ငါ့သခင်တွေက မှတ်မိမှာ ဟဲ့'

'မှတ်မိရင် သာတောင် ကောင်းသေးတယ်၊ ငါတို့ အကာအကွယ် ပိုရသေး'

'ဂုတ်ကျား မင်းဟာလေ လမ်းဘေးခွေးပီပီ နည်းနည်းမှ မစဉ်းစား ဘူး၊ လူနှစ်ယောက် ခိုးကြောင်ခိုးဝှက်နဲ့ စင်တင်သွားတာကို သူတို့အိမ်က ခွေးကြီးလိုက်လာတယ်ဆိုရင် ဘာဖြစ်မလဲ စဉ်းစားစမ်း ... ပြီးတော့ အဲဒီခွေးကြီးက သူတစ်ကောင်ထဲတောင် မဟုတ်ဘူး၊ သူ့ဘော်ဒါ ခွေးဝဲစား ကြီးပါ အဖော်ခေါ်ပြီး လာတယ်ဆိုရင် ဘာဖြစ်မယ် ထင်သလဲ'

'ဟော့ကောင် စကားကိုကြည့်ပြော၊ ဟုတ်ပါဘူး ဟောင်တာ ကြည့် ဟောင်ကွ၊ ငါ ဝဲစားတာ မနှစ်က အခု ဘာဝဲမှ မရှိဘူး'

'အယ် အရေးထဲ လာကပ်နေပြန်ပြီ၊ ဟောင်နေတာတောင် ဘယ် နားရောက်သွားလဲ မသိဘူး၊ အဲ .. အဲ ဟုတ်ပြီ၊ လူနှစ်ယောက် စင်တင် သွားတာ ခွေးနှစ်ကောင်က အနံ့ခံပြီး လိုက်လာတယ်ဆိုတော့ လူအနေနဲ့ ဘယ်လိုမြင်မလဲ၊ နှစ်ယောက်ကို နှစ်ကောင်က ဂုဏ်တုဂုဏ်ပြိုင် လိုက်လုပ် တယ်ဆိုပြီး မင်းပြောသလို ငါတို့ကို ကာကွယ်ပေးဖို့ နေနေသာသာ ဝိုင်း တောင် ရိုက်လွှတ်ဦးမယ်၊ ဂုတ်ကျား ... မင်းက သခင်နဲ့ မနေဖူးတော့ မသိဘူးနော်၊ သခင်ဆိုတာ လိုတစ်မျိုး မလိုတစ်မျိုးရယ်ဟ'

'နေစမ်းပါဦး၊ မင်းက စင်တင်ဆိုတာ ဘာမှန်းသိလို့လား'



www.burmeseclassic.com

www.burmeseclassic.com



‘မသိဘူးလေကွာ၊ သူတို့ ပြောလို့ ကောင်းတယ်ဆိုပြီး ကြားဖူးတာပဲ’

‘ငါလည်း .. ဟုတ်ပါဘူး ခွေး ခွေးချင်း ပြန်ဆဲမိနေပြီ ဘရောင်နီရာ၊ မင်းလည်း သေချာမသိဘဲနဲ့များ ဘာလို့ ငါတို့ လိုက်သွားကြည့်ရင် ကောင်းမယ်ဆိုပြီး လာပြောရတာတုံး’

‘ဟကောင် ဂုတ်ကျားရဲ့၊ မင်းတစ်သက်လုံး ဒီလမ်းထဲပဲ နေပြီး သေသွားတော့မလို့လား၊ ဘာပဲဖြစ်ဖြစ် ဒေသန္တရဗဟုသုတတော့ ရတာပေါ့ကွ၊ သူတို့သွားတဲ့ စင်တင်က သိပ်လည်းဝေးတာမှ မဟုတ်တာ’

‘ဝေးတာ မဝေးတာ အရေးမကြီးဘူးဟဲ့ ခြံထဲကကောင်ရဲ့၊ ငါတို့ ခွေးဆိုတာ နယ်မြေရှိတယ်ဟ ငတုံးရ၊ သူ့နယ် ကိုယ့်နယ်နဲ့ နေကြတာ၊ နယ်ကျော်လာရင် ဝိုင်းဆော်တာ ကိုယ့်အကောင်ရေ၊ စဉ်းစားဦးဟ’

‘ဘာပဲဖြစ်ဖြစ်ကွာ ငါတော့ တစ်ညလောက်ဖြစ်ဖြစ် လိုက်ချောင်းကြည့်ချင်တာပဲ၊ မင်း သတ္တိနည်းလို့ မလိုက်ချင်ရင်နေ၊ ငါတော့ ဒီည မဟုတ်ရင် မနက်ဖြန်ည သူတို့နောက် လိုက်ကို ချောင်းမယ်ကွာ’

‘အောင်မာကွာ လမ်းဘေးမှာ ခွေးလုပ်နေတဲ့ ဂုတ်ကျားကို ဘာများ မှတ်နေလဲ၊ မနေ့တနေ့ကမှ ခြံထဲက ထွက်လာရဲတဲ့အကောင်က လုပ်ရဲလို့ကတော့ကွာ၊ ငွတ်မယ်ထင်ရင် ဒူးနေကျ ဂုတ်ကျားကွ၊ မင်း သွားချင်ရင် အချိန်မရွေး ပြောလိုက်’

ထိုစဉ် မိန်းမကြီးတစ်ယောက် အိမ်တစ်အိမ်ထဲမှ ထွက်၍လာကာ ဒီခွေးတွေဟာ အချိန်မဟုတ် အခါမဟုတ် လာဆူနေကြပါလားဟု မြည်တမ်းလျက် ရေနှင့်ပက်သဖြင့် ခွေးနှစ်ကောင် ကွဲသွားကြလေ၏။

နောက်တစ်နေ့တွင်ကား ဂုတ်ကျားသည် ဘရောင်နီတို့ ခြံဝနား ယောင်မလည် သွားစောင့်နေ၏။

ညနေစောင်း မှောင်ရီပျိုးလေသော် အသက် လေးဆယ်ဝန်းကျင် လူနှစ်ယောက်သည် ပြီတီတီနှင့် ကားမောင်းကာ ထွက်၍ သွားလေ၏။ ဂုတ်ကျားကား ထိုသူနှစ်ယောက်သည် ဘရောင်နီ၏ သခင် လူပျိုကြီးနှစ်ဦးမှန်း သိပြီးဖြစ်ငြား အနံ့များအား သေချာမှတ်ထားလိုက်၏။ ခဏကြာသော် ဘရောင်နီသည် ဟျှာယီးဟျှာယာနှင့် ခြံစည်းရိုး ခွေးတိုးပေါက်မှ ထွက်ကာ



www.burmeseclassic.com

www.burmeseclassic.com



လာလေ၏။ ဂုတ်ကျားသည် ဘရောင်နီကို မြင်သော် မာန်မဲလေ၏။

'အကျိုးနည်းမှကွာ၊ စောစောစီးစီး ခြံပြင်ထွက်စောင့်နေပါလားဟ'

'ရမလားဟ အကောင်ရ၊ သူတို့က သူတို့မသွားခင် ငါ့သားကြီး ခါတိုင်းလို ခြံကို သေချာစောင့်ကွ ဘာကွနဲ့ အစာကျွေးနေသေးတော့ ငါ လည်း ဟန်လုပ်နေရသေးတာဟ၊ လာ လာ သွားမယ်၊ ဒင်းတို့ ထွက်သွား တာ ဘယ်ဘက်တုံး'

'ဒီဘက် မောင်းသွားကြတာဟ၊ မင်းကလည်း နေ့တိုင်း ထွက် ထွက်သွားတာတောင် မှတ်မထားဘူး၊ ခွေးသိက္ခာ ကျသကွာ'

ထိုသို့ဖြင့် ခွေးကြီးနှစ်ကောင်သည် လူပျိုကြီးနှစ်ယောက် နောက် သို့ အားတက်သရော အနံ့ခံကာ လိုက်ကြလေ၏။ လမ်းတွင် ခွေးလေခွေး လွင့် သုံးလေးအုပ်စုနှင့် နှစ်ကောင်သား ကြုံကြရသေး၏။ ပထမအုပ်စု ကား အကျိုးအကြောင်း ရှင်းပြသော်လည်း မရဘဲ အတင်း ဝင်ကိုက်ခဲကြ လေရာ ဂုတ်ကျားမှာ လမ်းဘေးခွေး ဖြစ်သည်နှင့်အညီ အပီအပြင် ပြန် ဆော်လိုက်နိုင်သော်လည်း ဘရောင်နီကား ယောင်နန ဖြစ်နေသဖြင့် နားရွက်တစ်ဖက် အခဲခံရလေ၏။ ဒုတိယနှင့် တတိယခွေးအုပ်စုကိုကား ဖနှောင့်နှင့်တင်ပါး တစ်သားတည်း ကျအောင် ပြေးခြင်းဖြင့် သူတို့ ကျော်ဖြတ် ခဲ့ကြ၏။

စတုတ္ထအုပ်စုမှာကား လွယ်လွယ်နှင့် မရ။ ညှိရနိုင်းရ၏။ သူတို့ ပိုင်နက်ထဲ ဝင်လာကြသည်ဖြစ်ရာ သေချာ စစ်ဆေးကြ၏။ ခွေးအုပ်သည် မနည်းလှ။ ခြောက်ကောင်မျှ ရှိ၏။ ဂုတ်ကျားသည် သွားတဖြဲဖြဲ ရှိပြီး ဤနေရာတွင် အသုံးကျသည်က သံခင်းတမန်ခင်း ကောင်းလှသော ဘရောင် နီ ဖြစ်၏။ ထိုခွေးအုပ်၏ ခေါင်းဆောင်ကား မဲကြီးခေါ် ဗမာခွေး အကြီးစား ကြီးတစ်ကောင် ဖြစ်၏။ မဲကြီးသည် သွားတဖြဲဖြဲနှင့် ရှိနေလေသော ဂုတ်ကျား အား ပေစောင်းစောင်း တစ်ချက်ကြည့်ကာ ဘရောင်နီအား မေးလေသည်။

'ဆိုစမ်းပါဦး ကိုရင်တို့က ဘာကိစ္စ ဒီနားအထိ ရောက်လာကြ တာတုံး'

'ကျုပ်သခင်တွေ စင်တင်သွားတာကို မမြင်ဘူးလို့ လိုက်ကြည့် တာပါ'



www.burmeseclassic.com

www.burmeseclassic.com



ထိုစကား ကြားသော် မဲကြီးအပါအဝင် သူ့အပေါင်းအဖော် ခွေးများအားလုံး တခါခါ ရှိကြကုန်၏။

'ဘာတဲ့ဗျာ၊ ခင်ဗျားနာမည် ဘရောင်နီ ဟုတ်လား၊ ဒီမှာ ကိုယ့်ဆရာ ဘရောင်နီ၊ ဒီလောက် စိတ်ပျက်စရာကောင်းတဲ့ နေရာများ ခင်ဗျားမို့လို့ ဒုက္ခခံသွားချင်ရတယ်လို့ဗျာ၊ အဲဒီ စင်တင်ဆိုတဲ့ နေရာက လူတွေအတွက်တော့ မသိဘူး၊ ကျုပ်တို့ ခွေးတွေ အတွက်တော့ မစွံလှဘူးဗျို့၊ စားရတာမှ တစ်ရိုးတစ်ရင်း၊ သူတို့ဟာသူတို့ ဘာတွေလုပ်နေကြမှန်း မသိပါဘူးဗျာ၊ နားကလည်း ငြီးပါ့၊ ခွေးတောင် ကြာရှည် သည်းမခံနိုင်တဲ့ နေရာဗျ၊ နေပါဗျာ၊ ကိုယ့်နေရာကိုယ် အေးအေး ပြန်နေစမ်းပါ'

ဘရောင်နီမှာ အထွန့်တက်ကြည့်လေ၏။

'မဟုတ်သေးဘူး ကိုမဲကြီးရဲ့ ... ကျုပ်တို့လည်း သခင်တွေက ကောင်းလှပါချည်ရဲ့ ပြောလွန်းလို့ အရဲစွန့်လာရတာ၊ ဒီလောက် စွန့်စားလာပြီးမှ မြင်ဖူးအောင်တော့ ကြည့်သွားရမှာပဲ'

မဲကြီးကာ ခေါင်းတခါခါနှင့် သက်ပြင်းချ၍ သူ့တပည့်များအား မှာကြားကာ ပြန်လေ၏။

'ကိုဘရောင်နီတို့ ပြန်ရင် လမ်းမှာ နာကျားတို့ ငကွက်တို့အုပ်စု ဘာမှမလုပ်အောင် မင်းတို့ လိုက်ပြောပေးလိုက်ကြစမ်းကွာ၊ ငါတော့ အခြေအနေကြည့်ဦးမှ၊ ဘာမဟုတ်တဲ့ ကိစ္စ သိချင်ကြတာကိုး'

ဘရောင်နီနှင့် ဂုတ်ကျားကား ဝမ်းသာအားရ စင်တင်ဆိုင်ထဲ ဝင်သွားကြလေသည်။

ဆိုင်ထဲတွင် သဲသဲအုတ်အုတ် ရှိလေသည်။

တေးဂီတသံများသည် ပတ်ဝန်းကျင်အား ဖုံး၍ ထား၏။ ခွေးနှစ်ကောင်မှာ ယောင်တောင်တောင်နှင့် ဆိုင်ဝ သွားမျှော်၏။ ဆိုင်ထဲတွင်ကား တသောသော ရှိလေသည်။ လူတွေ ဘာလုပ်နေကြသည်ကို ခွေးကား နားမလည်။ ဘရောင်နီနှင့် ဂုတ်ကျားမှာ ယောင်လည်လည်နှင့် ဆိုင်ရှေ့ထိုင်နေကြ၏။

တစ်ခဏကြာသော် ဘရောင်နီသည် သူ့သခင်များအား တွေ့သွားလေ၏။ သူ့သခင်လူပျိုကြီး နှစ်ယောက်ကား မျက်လုံးကြီးများ ပြူးကာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြ၏။ ဂုတ်ကျားကား တစခန်း ထလေသည်။ ကြားရလေသော ဂီတသံများကြောင့် အနှစ်နှစ် အလလ အောင်းခဲ့ရလေသော အချင်စိတ်များကား ထိန်းမနိုင် သိမ်းမရ ရှိလေ၏။ လက်တို့ကာ ဘရောင်နီအားပြော၏။

'ဟေ့ကောင် ငါ အချင်လာပဟ'

ဘရောင်နီကား သူကိုယ်တိုင်လည်း အချင်နေသော်ငြား ထိန်းထိန်းသိမ်းသိမ်း လုပ်ရှာ၏။

'မလုပ်ပါနဲ့ကွာ၊ ကိုယ့်ရပ်ကွက်ထဲ ကိုယ် ပြန်ရောက်မှ စိတ်ရှိလက်ရှိ အူကြတာပေါ့၊ ဒီမှာကြီးတော့ မလုပ်ပါနဲ့ကွာ'

သို့သော် ဂုတ်ကျားသည် တား၍ရသော ကောင်စားမျိုး မဟုတ်လေရကား ဆွဲဆွဲငင်ငင် အူလေတော့၏။

စင်ပေါ်မှ ကောင်မလေးက သီချင်းဆိုလိုက် ဂုတ်ကျားကြီးက အူလိုက်နှင့် ဖြစ်နေတော့၏။ ဤတွင် ထိုင်ကြည့်နေကြသော ဗိုင်းအများ သတိထားမိကြလေသည်။ ရှက်ဖွယ်လိလိ ကိစ္စတည်း။

အာသာငမ်းငမ်းများ အတွက် ဖာတ်လမ်းစ၍ နေလေသော ကောင်မလေးများကား ခွေးအူသံကြီး ထွက် ထွက်လာသဖြင့် ဒုက္ခရောက်ကြကုန်၏။ ဂုတ်ကျားကြီးကား ဘာမှ ဂရုမစိုက်။ လှိုက်လှိုက်လှဲလှဲ အူ၍သာ နေတော့၏။ တစ်ဆိုင်လုံးကား မျက်နှာပျက်ကြလေပြီ။ မထူးတော့သည့် အခြေအနေမို့ ဂုတ်ကျား အူသလို ဘရောင်နီလည်း လိုက်အူတော့၏။ ထိုအခါ မဲကြီးတို့ တစ်သိုက်မှာလည်း မနေ။ ဝင်၍ အားပေးကုန်ကြတော့၏။ စင်တင်ဆိုင်တွင်ကား လူစပီကာသံနှင့် ခွေးအူသံများ ရောထွေး၍ နေတော့၏။

နောက်ဆုံး သတ္တုကျသည်ကား ဘရောင်နီသည် ခြံထဲမှ မောင်းထုတ်ခံလိုက်ရသဖြင့် လမ်းဘေးခွေးစစ်စစ် ပီပီပြင်ပြင် ဖြစ်၍သွားရှာ၏။ မဲကြီးတို့တစ်သိုက်ကား အမဲတုံး ပစ်ခံရ၏။ သို့သော် အသေအပျောက် တစ်ကောင် တစ်မြီးမှ မရှိ။ သူတို့ ကျွမ်းကျင်စွာ ရှောင်နိုင်ခဲ့ကြသည် ဆို၏။ ဘရောင်နီနှင့် ဂုတ်ကျားကား ထာဝရ အဖော်များ ဖြစ်သွားကြလေသည်။ စင်တင်ဆိုင်သည် ခွေးဆိုင်ဟု အခေါ်ခံရသဖြင့် ဆိုးနေရှာသို့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားလေ၏။ မည်သို့ဆိုစေ တစ်ခါတစ်ရံ ခွေးသည် လူထက် ရိုးရှင်းလှသည်ကိုတော့ လူများ လက်ခံကြရမည် ဖြစ်လေသည်။

Joke United မဂ္ဂဇင်း၊ ဧပြီလ၊ ၂၀၁၂



www.burmeseclassic.com

www.burmeseclassic.com

## ရှပ် Bear

ဖြစ်ပုံကတော့ မပြောချင်တော့ပါဘူး စာရေးဆရာရယ်။

မပြောချင်တော့ပါဘူး ဆိုကတည်းက ပြောချင်လို့ စကားစတယ်ဆိုတာ စာရေးဆရာလည်း လူပဲ မဟုတ်လား။ သိမှာပေါ့။ ဖြစ်ပုံက ဒီလို။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က စတာဗျ။ အမယ် … ခင်ဗျားက ပြုံးသလား ဝက်ဝံညိုအထီးတစ်ကောင်က နှစ်တွေဘာတွေ ပြောနေလို့ ရယ်ချင်တယ် ပေါ့လေ။ ဝက်ဝံလည်း နှစ်တွေဘာတွေ မှတ်ရကောင်းမှန်း သိပါတယ်ဗျ။ တောထဲ မွေးကတည်းက ဘယ်ရာသီ ပြောင်းရင် ဘယ်လိုရှာဖွေစားသောက်ရတယ်ဆိုတာ မှတ်ထားရတယ်လေဗျာ။ ခင်ဗျားတို့ လူတွေ မှတ်ပုံမျိုးနဲ့တော့ ဘယ်တူမလဲဗျ။ မဟုတ်ဘူးလား ကျုပ်ပြောတာ … ပြောရင်း စကားတွေတောင် ဘေးရောက်ကုန်ပြီ။ ဒါကြောင့် ကျုပ်သူငယ်ချင်း ဟိုမှာ အိပ်နေတဲ့ နှာနီက ပြောတာ။ ဝက်ဝံတွေထဲမှာတော့ ကျုပ်က စကားအများဆုံး ဆိုပဲ။ မတတ်နိုင်ဘူးလေ။ ပြောစရာရှိတာတော့ ပြောရမှာပဲ။ မဟုတ်ဘူးလားဗျာ။ အေးပါ။ ဟုတ်ပါပြီ။ လိုရင်းပဲ ပြောပါ့မယ်။ ကျုပ်တို့ အပေါင်းအသင်းတစ်သိုက် … အပေါင်းအသင်းဆိုလို့ အစက ငါးကောင်ဗျ။ တစ်ကောင်က နေမကောင်းဖြစ်ပြီး သေသွားလို့ လေးကောင်ပဲ ကျန်တာ။ နေမကောင်းကလည်း တခြားကြောင့် ဖြစ်တာ မဟုတ်ဘူး။ ရုတ်တရက် အရက်ဖြတ်လိုက်ရလို့ သေတာ။ ဘာလဲ ခင်ဗျား နားညြသွားလား။ အဲဒါကြောင့် ကျုပ် ခင်ဗျားကို ပြောပြချင်တာ။ ကျုပ်တို့ အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်း တစ်သိုက်ရဲ့ အဖြစ်က ထူးဆန်းပါတယ်ဆို။ ဟောဒီ လောကကြီးမှာ အရက်စွဲတဲ့ ဝက်ဝံတွေရှိတယ်ဆိုတာ ခင်ဗျား တစ်ခါမှ မကြားဖူးဘူး မဟုတ်လား။ ခင်ဗျားတို့ လူအချင်းချင်း သွားပြောရင်တောင် ယုံကြမှာ မဟုတ်ဘူး။ မယုံမရှိနဲ့ စာရေးဆရာရေ ... မယုံတဲ့လူရှိရင် ခေါ်လာပြီး ကျုပ်တို့ တစ်သိုက်ကိုသာ ပြ။ စိတ်ချ။ ဇာတ်စုံကို ခင်းပြဦးမှာ။ ဇာတ် စုံခင်းမှလည်း ကျုပ်တို့ ဖြစ်ကြပုံကို ခင်ဗျားစိတ်ထဲ ရှင်းသွားမှာ။ ပြီးမှ ကျုပ်တို့ အဖြစ်ဟာ ရယ်စရာပဲ ကောင်းသလား။ ရှောက်တလွဲပဲ နိုင်သ လား။ ဆောရီးဗျာ။ ကျုပ်က ဝက်ဝံဆိုတော့ အပြောအဆို နည်းနည်း ရိုင်းတယ်။ စိတ်မဆိုးနဲ့ဗျ။

*(ရပါတယ်)*

အေး ကောင်းတယ်။ နေပါဦး ပြောနေတာ ဘယ်ရောက်သွားပါ လိမ့်။ အဲ အဲ သိပြီ။ ဒီလိုဗျ။ ကျုပ်တို့အဖြစ်က ...။

ကျုပ်တို့က တောင်ပေါ်တွေမှာ နေတတ်တဲ့ အမျိုးဗျ။ အရောင် က ညိုသလို မည်းသလိုနဲ့ သိပ်လည်းမကြီးဘူး။ အပုမျိုးဗျ။ ရှိလှမှ အရပ်က လေးငါးပေရယ်။ ခင်ဗျားတို့ လူအခေါ်တော့ သပ်သပ်ရှိရင်လည်း ရှိမှာပေါ့ဗျာ။ ကျုပ်တို့တော့ မသိပါဘူး။ အလွယ်ခေါ်ရင်တော့ ဝံပုမျိုးပေါ့ ဗျာ။ ထားပါတော့။

ကျုပ်တို့ မွေးတုန်းက ကျုပ်တို့ နေတဲ့ တောင်ပေါ်တောတွေနားမှာ လူမလာဘူးဗျ။ လူဆို မြင်ကို မမြင်ဖူးတာ။ တောကြီးတွေကလည်း အကျယ် ကြီးတွေ။ ကျုပ်တို့လည်း ဒီလိုပဲ လျှောက်သွား ရှာဖွေ စားသောက်ပေါ့ဗျာ။ အချင်းချင်းတွေ့တော့လည်း တည့်တဲ့ကောင်ဆိုလည်း ပေါင်း။ မတည့်တော့ လည်း သတ်ကြပုတ်ကြပေါ့ဗျာ။ အဲဒီတုန်းက ကျုပ်တို့နေတဲ့ တောတွေထဲ မှာ အကောင်ဗလောင်ကလည်း စုံမှစုံ။ ကျားတွေဘာတွေလည်း အများကြီး။ ကျားတွေဆင်တွေ တွေ့တော့လည်း နိုင်လောက်ရင် ချတန်ချ။ မနိုင်တော့ လည်း ပြေးတန်ပြေး။ ပုန်းတန်ပုန်းပေါ့ဗျာ။ အဲ ဟုတ်တယ်။ အဲဒါမပြော ရသေးဘူး။ ကျုပ်တို့က တောင်ပေါ်ဂူတွေထဲ နေတာဗျ။ ဟိုပြေးသည်ရွေ့



www.burmeseclassic.com

www.burmeseclassic.com



သိပ်မရှိဘူး။ အန္တရာယ် တစ်စုံတစ်ရာရှိမှ။ ဒါမှမဟုတ် ရာသီဥတု အခြေအနေ၊ တောအခြေအနေ တော်တော် မကောင်းတော့မှ ပြောင်းတတ် ရွှေ့တတ်တဲ့ အစားမျိုး။ ကျုပ်တို့က တော်ရုံတန်ရုံ သိပ်ကြောက်တတ်တဲ့ သတ္တဝါမျိုးမှ မဟုတ်တာ။ ဝက်ဝံပဲလေဗျာ။ တောထဲမှာ ကျုပ်တို့ကလည်း အထာရှိတယ်လေ။ ဟဲ ဟဲ …။ ကျုပ်တို့ သုံး လေး ငါးကောင်လောက် စုမိနေရင် တော်ရုံ ကျားသစ်လောက်တောင် လစ်တာပဲ။ ဒီလိုနဲ့ နေလာလိုက်တာ ကျုပ် နည်းနည်း အသက်လေးရလာတော့ သတိထားမိလာတယ်။ တောက ကျဉ်း ကျဉ်းလာသဗျ။ ခင်ဗျားတို့ လူလို ဘာရယ် … ခေါ်တာ ရှိပါတယ်။ တော ဘာဖြစ်တယ်ဆိုလား …။

*(တောပြုန်းတာပါ)*

အဲ အဲ … ဟုတ်တယ်။ အဲဒါ ဖြစ်လာတာ။ ကျုပ်တို့တွေက တောစပ်နားဆို သိပ်သွားချင်ကြတာ မဟုတ်ဘူး။ ရှာစားရတဲ့ဝါးတီး သိပ်မခိုင်လှဘူးလေ။ ငယ်ငယ်တုန်းက ကျုပ်တို့ လျှောက်သွား ရှာစားနေရင် တောက အကြီးကြီး။ ဒါပေမဲ့ တောက တဖြည်းဖြည်း သေး သေးလိုက်လာတယ်။ တောထဲမယ် အကောင်ပလောင်လည်း သိပ်မစုံတော့ဘူးဗျ။ ဘယ်ပြောင်းရွှေ့သွားကြလဲ မသိဘူး။ ကျားတွေဘာတွေလည်း သိပ်မတွေ့တော့ဘူး။ ကျုပ်တို့ကတော့ ဒီလိုပဲ နေတာပေါ့လေ။ ဒီလိုနဲ့ တစ်ရက်ကျတော့ အုပ်စုထဲက တစ်ကောင်က ကျုပ်တို့ကို လာပြောတယ်။ ဘာကောင်မှန်း မသိဘူး သူ တွေ့လာတယ်တဲ့။ ကျုပ်တို့လိုပုံစံပဲ။ နည်းနည်း ပိန်တယ်။ အမွေးတော့ မရှိဘူးတဲ့။ တောစွန်မှာ ကုန်းကုန်းကွကွ ဟိုကြည့်ဒီကြည့်နဲ့ လျှောက်သွားနေတာဆိုပဲ။ ကျုပ်တို့လည်း ဝိုင်းစဉ်းစားတယ်။ ဘယ်တောက ပြောင်းလာတဲ့ ဘာကောင်ပါလိမ့်ပေါ့။ နောက်မှ ဘာပြောကောင်းမလဲ။ အဲဒီကောင်က 'လူ' ဖြစ်နေတာကိုး။ ကျုပ်တို့ကို အရက်စွဲအောင်လုပ်မယ့် ခင်ဗျားတို့ထဲက တစ်ယောက်ကိုး။ ပြောပြမယ်။ စိတ်ချ။ ဘယ်လို အရက်စွဲကြသလဲ ဆိုတာ။

တောကလည်း ကျဉ်း ကျဉ်းလိုက်လာ။ ခင်ဗျားတို့လူတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့နား တဖြည်းဖြည်းရောက်လာနဲ့ တစ်ရက်ကျတော့ ဟိုမှာအိပ်နေတဲ့ ဟိုကောင် နှာနီ တွေ့လား။ အဲဒီကောင် မဟုတ်ဘူး။ အဲဒီကောင်နာမည်က ရင်ကျား။ ဟိုတစ်ကောင်က ငကွက်။ ထိပ်မှာကွက်နေလို့ ခေါ်တာ။ သေသွားတဲ့ကောင် နာမည်က လက်ရှည်တဲ့။ ကျုပ်တို့ထက် လက်နည်းနည်း ပိုရှည်လို့ ခေါ်တာ။ နှာနီက ဟိုမှာမှောက်ခုံကြီး အိပ်နေတဲ့ကောင်။

ပြောရဦးမယ်။ ကျုပ်တို့ငါးကောင်က ငယ်ငယ်ကတည်းက တည့်တယ်။ ကျန်တဲ့ကောင်တွေနဲ့က သိပ်မတည့်တော့ မပေါင်းဖြစ်ဘူး။ ကျုပ်နဲ့ နှာနီနဲ့ကတော့ အတွဲဖြစ်ဆုံးပေါ့ဗျာ။ အဲဒီ သေခြင်းဆိုးနှာနီ ဆတ်ဆော့လို့ ကျုပ်တို့ ငါးကောင် ချောက်ကျကြတာဗျ။ ဒင်း ရှည်လို့ အခုလို ဖြစ်တာ။ ပြောရင်း ဒေါသထွက်လာပြီ။ ထိပ်ပုတ် နှိုးလိုက်ပြီး နပမ်းလုံးလိုက်ရ။

*(မလုပ်ပါနဲ့ဗျာ၊ ဓာတ်ရှိန်မှုက်ပါတယ်)*

အေး ဟုတ်တယ်။ ခင်ဗျားပြောတာ မှန်တယ်။ ဒီလိုဗျ။

ကျုပ်တို့တစ်ခု ကံကောင်းတာက ကျုပ်တို့နား ရောက်လာတဲ့လူတွေ။ ကျုပ်တို့နဲ့ နီးလာတဲ့လူတွေပေါ့ဗျာ။ အဲဒီလူတွေက ကျုပ်တို့ကို ဒုက္ခပေးတဲ့ အစားထဲက မဟုတ်ကြဘူးဗျ။ သူတို့ဟာသူတို့ ကွင်းပြင်တွေ၊ တောင်ခြေတောင်စောင်းတွေမှာ ကွင်းတွေဖြစ်အောင်လုပ်ပြီး အပင်တွေ အသီးတွေ ဖြစ်လာအောင် လုပ်ပြီး နေကြတဲ့ အစားမျိုးတွေဗျ။ သူတို့ကွင်းတွေ ခင်ဗျားတို့အခေါ် စိုက်ခင်းတွေပေါ့ဗျာ။ အဲဒီကွင်းတွေ ကျယ် ကျယ်လာပြီး ကျုပ်တို့နဲ့ နီး နီးလာပေမဲ့ ကျုပ်တို့နဲ့ သိပ်လာမပတ်သက်ကြဘူးဗျ။ ကျုပ်တို့နဲ့ မတွေ့အောင် ရှောင်နေကြတယ်။ ကျုပ်တို့မှာတော့ အလုပ်တစ်ခု ရလာတာပေါ့ဗျာ။ နှာနီဆိုတဲ့ကောင်က အင်မတန် စပ်စုတော့ လူတွေဘယ်လိုနေလဲ သွားသွားကြည့်ပြီး ကျုပ်တို့ကို လာ လာ ပြော ပြောနေတယ်။ ကြာတော့ ကျုပ်တို့လည်း ဘယ်နေနိုင်မလဲ။ လူဆိုတဲ့ကောင်တွေ ဘယ်လိုရှိလဲလို့ သူတို့ကွင်းစပ်နား သွား သွားချောင်းကြတာပေါ့။ ကျောချမှ အိပ်ပြမှန်းသိတာ။ အဲဒီလူတွေက ဝိုင်ဖောက်တဲ့လူတွေကိုးဗျ။ အိုးတွေ အိုးတွေ တန်းစီ



www.burmeseclassic.com

www.burmeseclassic.com



မြှုပ်ထားကြပြီး အိုးထဲကို အသီးတွေထည့်လိုက်၊ အရည်တွေ ပြန်လာထုတ်လိုက် လုပ်နေကြတာ ကျုပ်တို့ တွေ့တာကိုး။

အဲဒီမှာ အင်မတန် စပ်စုတဲ့ မျောက်မသား နှာနီက အဲဒီအိုးတွေထဲကဟာတွေ စားကြည့်ရအောင် လုပ်လာရော။ ကျုပ် အပါအဝင် ကျန်တဲ့ကောင်တွေက ပထမတော့ အင်တင်တင်။ နောက်တော့လည်း အစားအသောက်ကိစ္စဆို သရဲမရဲ စီးနေကျကောင်တွေဆိုတော့ တစ်ည အခင်းထဲခိုးဝင်ပြီး နီးရာအိုးထဲကဟာတွေ နှိုက်စားကြည့်ကြတော့ အမယ် … ချွေးတေးတေး ခါးသက်သက်နဲ့ စားလို့ကောင်းသားဗျ။ ဒါနဲ့ ဗိုက်ကားအောင်စား အရည်တွေ ကုန်းသောက်ပြီး ပြန်လစ်လာကြတာ လမ်းကျ အားလုံးဘယ့်နှယ်ဖြစ်တယ် မသိဘူး။ ခေါင်းထဲ မူးနောက်နောက်နဲ့။ လေးဖက်ထောက်ထားတာတောင် ယိုင်တိုင်တိုင်ရယ်။ အူထဲကလည်း မြူးလာတယ်။ ငါးကောင်သား ဟီးဟီးဟဲဟဲကနေ စပြီး နောက်တော့ ပျော်လိုက်ကြတာများဗျာ။ ဘာတွေလုပ်လို့ လုပ်မိကြမှန်းတောင် မသိဘူး။ ငါးကောင်သားလုံးလားထွေးလားနဲ့ နောက်ဆုံး တစ်ကောင်ပေါ် တစ်ကောင်ထပ်ပြီး အိပ်ပျော်သွားပါလေရော။

ဒီလိုနဲ့ ကျုပ်တို့ကလည်း ညတိုင်း သွား သွားခိုးစားနေလိုက်ကြတာ တစ်ရက်ကျတော့ ကျုပ်တို့ နှိုက် နှိုက်စားနေတာ သိလို့နဲ့ တူပါရဲ့။ လူနဲ့ တိုးပါရောဗျိုး။ အဝေးကလှမ်းမြင်ရုံ ရှိသေးတယ်။ ရှည်ရှည်ပစ္စည်းတစ်ခုနဲ့ ကျုပ်တို့ကို လှမ်းထိုးပြီး ဘာလုပ်လိုက်တယ် မသိဘူး။ ထိန်းဆိုအသံကြီးမြည်ပြီး လက်ရှည် နားရွက် တစ်ခါတည်း စုတ်သွားပါလေရောဗျိုး။ ကျုပ်တို့လည်း သေပြေးရှင်ပြေး တောထဲပြန်ဝင်ပြေးရတော့တာပေါ့။တော်သေးတယ်။ နောက်က ဆက်တော့ မလိုက်လာဘူးဗျ။ ကျုပ်တို့လည်းသွားခိုးမစားရဲတော့ဘူး။ ဒါပေမဲ့ နောက်ည ခိုးစားနေကျအချိန်ရောက်တော့ငါးကောင်လုံး ဘယ်လိုမှ မနေနိုင်ဘူးဗျ။ မစားရ မသောက်ရရင်ကို သေမလိုလို ဖြစ်နေကြတာ။ ကြို့ထိုးနေလိုက်ကြတာကလည်း ငါးကောင်လုံးတအေ့အေ့နဲ့ ဆူညံနေတာပဲ။ ဘယ်လိုမှ နေလို့မရတဲ့အဆုံး အားလုံးတိုင်ပင်တော့ ကျုပ်က အကြံပေးတယ်။

ငါတို့ အဲဒီအိုးထဲကဟာတွေ မစားမသောက်ရလို့တော့ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မှ မနေနိုင်ကြတော့ဘူး။ အဲဒီတော့ ဒီလိုလုပ်ရအောင်။ သွားခိုးစားနေရင် ကြာတယ်။ အဲဒီအိုးတွေ အများကြီးထဲက တစ်အိုးကို ငါတို့ မြေကြီးထဲက မြန်မြန် ဝိုင်းယက်ဖော်ပြီး အိုးကို မ လာကြရင် ပိုမြန်တယ်။ တောထဲရောက်မှ ဝိုင်းစားရအောင်ဆိုတော့ အားလုံး ဝမ်းသာအားရ သဘောတူကြပါလေရော။ အမယ် ခင်ဗျား ... အိုးသွားခိုးရတာ လွယ်တာမဟုတ်ဘူး။ အကွက်ကျကျ စီမံရတာ။

ဒီလို ဒီလို ... ကျုပ် ပြောပြမယ်။

ပထမ ကွင်းစပ်နားသွားပြီး အားလုံး အရိပ်အခြေ ကြည့်ရတယ်။ ပြီးတော့မှ ဝင်ပြီး နီးရာ အိုးတစ်လုံးကို ဝိုင်း ယက် ဖော်၊ အိုးပေါ်လာရင် ကျုပ်က ပက်လက်လှန်အိပ်ပြီး အိုးကို ဖက်ထား။ နှာနီက ကျုပ်ကုပ်က အရေပြားထူကြီးကို လက်နှစ်ဖက်နဲ့ နောက်ပြန်မ။ ငကွက်က ကျုပ် ခြေထောက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်နဲ့ မပြီး တစ်ခါတည်း တောထဲဝင်ပြေးကြတာ။ လက်ရှည်နဲ့ ရင်ကျားက လူရိပ်လူခြေ ကြည့်ပေါ့ဗျာ။ တောထဲရောက်မှ။ တောထဲဆိုတာကလည်း တောနက်ထဲအထိ ရောက်အောင် မသွားတော့ပါဘူး။ မနေနိုင်ကြတော့ တောစပ်မှာပဲ အိုးဖွင့်ပြီးသောက်စား။ ကုန်မှ ယိုင်တိုင်တိုင်နဲ့ တောထဲဝင်။ ဒီလိုနဲ့ တစ်ပတ် နှစ်ပတ်လောက် ရှိတော့ အားလုံး အကျိုးနည်းတာပဲ။

တစ်ည ကျုပ်တို့ အိုးလည်း သွားခိုးရော တောစပ်မှာတင် ခိုးစရာ မလိုဘဲ အိုးသွားတွေ့တာကိုး။ တွေ့တာမှ အိုးက သုံးလုံးတောင်။ ဘာပြောကောင်းမလဲ။ တစ်ခါတည်းဖောက်ပြီး တီးကြတာပေါ့။ ဒါပေမဲ့ ဒီတစ်ခါ အိုးတွေက အဖတ်နည်းပြီး အရည်များသဗျ။ အရည်ကလည်း ခါတိုင်းထက် ပိုပြီး အရသာပူပြီး စူးသဗျ။ ဒါပေမဲ့ ဘာရယ်ညာရယ် တွေးမနေပါဘူး။ သုံးအိုးလုံး ပြောင်အောင် ငါးကောင်လုံး အလုအယက် တီးတာပဲ။ တီးလည်း ပြီးရော မူးလိုက်တာများဗျာ။ ချာလပတ်ကို ရမ်းရော။ ပြီးတော့ ငါးကောင်လုံး တစ်ကောင်ပြီး တစ်ကောင် အီခနဲ အီခနဲ မှောက်လဲကုန်တော့တာပဲ။ သတိလည်းရရော ငါးကောင်လုံး ကြိုးတုပ်ခံရပြီးပြီ။ အဲဒီကနေ တစ်ဆင့် တစ်ဆင့်နဲ့ အခု စာရေးဆရာနဲ့တွေ့တဲ့ တိရစ္ဆာန်ရုံ ရောက်လာတော့တာပဲ။

အဲဒါပဲ စာရေးဆရာရေ။ ကျုပ်တို့ ငါးကောင်ရဲ့ ဖြစ်ပုံကတော့။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှည်ကတော့ အရက်မသောက်ရလို့ နေမကောင်းဖြစ်ပြီး သေပြီ။ ကျန်တဲ့ ကျုပ်တို့ လေးကောင်ကတော့ ဒီမှာပဲ အရိုးထုတ်ရတော့မှာပဲ။ အရက်ခွဲတာများ ဆိုးချက်ကတော့ဗျာ။

The Chic မဂ္ဂဇင်း၊ ဇွန်လ၊ ၂၀၁၂



www.burmeseclassic.com

www.burmeseclassic.com

# အိမ်မြောင်

မည်သို့သော အကြောင်းကြောင်းအားဖြင့် မည်သို့သောသူက စ၍ ပေးခဲ့သော နာမည်မှန်း ကျွန်ုပ်သိနိုင်မည် မဟုတ်ပါ။ သိနိုင်အောင် စုံစမ်းမည်ဆိုပါကလည်း တိုတောင်းလှသော ကျွန်ုပ်၏ သက်တမ်းကား ၊ထိုကိစ္စကို စုံစမ်း သိရှိနိုင်ရလောက်အောင် လုံလောက်သောအချိန် ပေးမည်မဟုတ်ပါ။ ထို့ကြောင့် အမည်နာမကိစ္စကို ကျွန်ုပ် ဤအတိုင်း ထားလိုက်ပါသည်။ လူအများ ခေါ်ကြသည့်အတိုင်း ကျွန်ုပ်သည် 'အိမ်မြောင်' တစ်ကောင်သာ ဖြစ်ပါသည်။

အိမ်မှာနေလျှင် အိမ်မြောင်၊ ကျောင်းမှာနေလျှင် ကျောင်းမြောင်၊ ရုံးမှာနေလျှင် ရုံးမြောင်၊ စက်ရုံမှာနေလျှင် စက်ရုံမြောင်၊ တောမှာတွေ့၍ တောမြောင်၊ မြို့မှာရှိ၍ မြို့မြောင်ဟု ကျွန်ုပ်တို့အား ခွဲခြား ခေါ်ဝေါ်ခဲ့ခြင်း လူတို့တွင် ဘယ်တုန်းကမှ မရှိခဲ့ပါ။ သို့သော် သူတို့ လူများ ကြားထဲတွင်တော့ အိမ်မြောင်၊ ကျောင်းမြောင်၊ ရုံးမြောင်၊ စက်ရုံမြောင်၊ တောမြောင်၊ မြို့မြောင်များ အလွန်ပေါများကြောင်းကို သူတို့ပြောစကားများအရ ကျွန်ုပ် သိရှိခဲ့ရဖူးပါ၏။ ကပ်မြောင်ခိုကပ် စားသောက်နေထိုင်တတ်သော သတ္တဝါသည် လူတစ်မျိုးသာ ရှိကြောင်း လူအများ မေ့လျော့နေကြချိန်တွင် ထိုအချက်ကို ကျွန်ုပ် အိမ်မြောင်တစ်ကောင် အပါအဝင် သတ္တဝါအားလုံး သိရှိခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် အမဲလိုက်ခြင်းဟူသော စကားသည် လူသတ္တဝါလောက တစ်ခုတည်းတွင်သာ ရှိ၍ ကျန်သော တိရစ္ဆာန်အားလုံး၏ လောကတွင်



www.burmeseclassic.com

www.burmeseclassic.com



'အစားအစာ ရှာဖွေစားသောက်ခြင်း' ဆိုသောစကားသာ ရှိကြောင်းလည်း လူတို့မသိခဲ့သည်ကို ကျွန်ုပ် အိမ်မြှောင်တစ်ကောင်အနေနှင့် ကောင်းကောင်း သိခဲ့ပြီး ဖြစ်လေသည်။ ကျွန်ုပ် အိမ်မြှောင် အပါအဝင် သတ္တဝါများသည် ဝမ်းရေးအတွက် အသက်ရှင် ရပ်တည်နိုင်ရုံသာ သတ္တဝါအချင်းချင်း သတ်ဖြတ် စားသောက်တတ်ကြသော်ငြား လူသတ္တဝါများသည် သူတို့အချင်းချင်း အပါအဝင် အခြားသတ္တဝါများကိုပါ အပျော်သဘောနှင့်ပင် အမဲလိုက်တတ်ကြကြောင်းလည်း ဤအိမ်ခန်းထဲတွင် နေထိုင်သွားခဲ့ဖူးသည့် လူကလေးတစ်ဦးအားဖြင့် ကျွန်ုပ် သိခဲ့ရပြီး ဖြစ်ပါ၏။ ထိုသည်သာမက လူတို့သည် ကျွန်ုပ်တို့ အိမ်မြှောင်များလောက်မှ လိုအပ်လာလျှင် အမြီးဖြတ်ပြေးရဲလောက်သော သတ္တိမျိုးပင် မရှိကြောင်းလည်း ဤအိမ်ခန်းတွင် နေသွားခဲ့ဖူးသော လင်မယားတစ်စုံအားဖြင့် ကျွန်ုပ် သိခဲ့ရပြီး ဖြစ်လေသည်။ မည်သို့ဖြစ်စေ ကျွန်ုပ်သည် အိမ်ခန်းတစ်ခန်းထဲမှ သာမန်အိမ်မြှောင်တစ်ကောင်သာ ဖြစ်လေသည်။

အိမ်မြှောင်တစ်ကောင်၏ ငယ်ဘဝ ကာလများအား မည်သည့် သတ္တဝါမျိုးမှ လိုလားလိမ့်မည် မဟုတ်ပါ။ ကျွန်ုပ် မှတ်မိသမျှ ကျွန်ုပ် ငယ်ဘဝ၏ နေ့ရက်တိုင်း နာရီတိုင်းမှာ အစာရေစာ ဝေ့မွှတ်ခြင်းနှင့် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်အောင် အချိန်ရှိသရွေ့ ပြေးလွှားနေရခြင်းများသာ ရှိခဲ့ကြောင်း ကျွန်ုပ် ကောင်းကောင်း မှတ်မိနေခဲ့လေသည်။ အသက်အန္တရာယ်အတွက် ရန်သူကို လှည့်စားမျက်ခြေဖြတ်ရန် ကျွန်ုပ်၏ ခြေလက်အင်္ဂါတစ်ခုဖြစ်သော အမြီးကို ကျွန်ုပ်ကိုယ်တိုင် ဖြတ်၍ ပြေးရသော အကြိမ်အရေအတွက်ကိုပင် မည်ရွေ့မည်မျှ ရှိခဲ့ကြောင်း ကျွန်ုပ် မမှတ်မိတော့ပါ။ အလွန်တရာ နာကျင်ခဲ့ရသည်ကို ကျွန်ုပ်တစ်ဦးတည်းသာ ခံစားခဲ့ရသော်ငြား အသက်ကို မြတ်နိုးလှသောကြောင့် ကျွန်ုပ် အကြိမ်ကြိမ် အမြီးဖြတ်ပြေးခဲ့ရလေသည်။ ထိုစဉ်က ကျွန်ုပ်အိမ်ခန်းထဲတွင် အိမ်မြှောင်မည်းကြီးတစ်ကောင်၊ ကြောင်တစ်ကောင်နှင့် လူကလေးတစ်ဦး ရှိနေခဲ့လေသည်။ အိမ်မြှောင်မည်းကြီးမှာ မျိုးတူသတ္တဝါတစ်ကောင် စားကျက်မြေအတွင်းမနေထိုင်နိုင်ရန် ကျွန်ုပ်အား တွေ့သည်နှင့် အပြင်းအထန် လိုက်လံ ကိုက်ခဲသတ်ဖြတ်ရန် ကြိုးပမ်းနေခဲ့ဖူးသလို ကြောင်မှာလည်း ကျွန်ုပ်အား သူ၏သရေ



www.burmeseclassic.com

www.burmeseclassic.com



တအဖြစ် သဘောထားကာ အမြဲတစေ ချောင်းမြောင်းနေခဲ့လေသည်။ လူကလေးကား ထိုသို့မဟုတ်။ ကျွန်ုပ်သည် မည်သို့မျှ အန္တရာယ်မပေးနိုင်သော တစ်စုံတစ်ရာ အနှောင့်အယှက် ပြုနိုင်သော သတ္တဝါ မဟုတ်ငြား ကျွန်ုပ်အား တွေ့သည့်အချိန်တိုင်း တစ်စုံတစ်ရာနှင့် အမြဲတစေ လိုက်လံ ဖစ်ပေါက်နေတတ်ခဲ့လေသည်။ ကျွန်ုပ် အမြီးဖြတ်ချ၍ ပြေးသွားတိုင်း အမြီးပြတ်ကိုကြည့်ကာ ကျေနပ်နေလေ့ရှိကြောင်း ကျွန်ုပ် အကြိမ်ကြိမ် တွေ့ခဲ့ရဖူး၏။ ထို့နောက် အမြီးပြတ်ကို မေ့လျော့ကာ ထွက်ခွာသွားမြဲ ဖြစ်၏။

ကျွန်ုပ်၏ ငယ်ဘဝအတွက် မမေ့နိုင်ဆုံးသော မြင်ကွင်းတစ်ခုမှာ ကြမ်းပေါ် ပြုတ်ကျ၍ အကြောသေကာ ငြိမ်သက်သွားပြီဖြစ်သော ကျွန်ုပ်၏ အမြီးလေးအား ပုရွက်ဆိတ်နီများ ကိုက်ချီ သယ်ဆောင်သွားကြသည်ကို ကျွန်ုပ်ကိုယ်တိုင် နာကျင်စွာ ကြည့်နေခဲ့ရသော မြင်ကွင်းပင် ဖြစ်လေသည်။ ထိုစဉ်က ကျွန်ုပ် တစ်ကိုယ်လုံး နာကျင်ကြောက်ရွံ့မှုများနှင့် တဆတ်ဆတ် တုန်နေခဲ့သည်ကိုလည်း ကျွန်ုပ် မှတ်မိနေသေး၏။ ထိုသည်မှစ၍ လူသတ္တဝါများကို ကျွန်ုပ် သတိထားနေခဲ့ရလေသည်။ ကျွန်ုပ်သည် သေးငယ်လှသော အိမ်မြှောင်တစ်ကောင်သာ ဖြစ်၍ ပုန်းအောင်း နေထိုင်တတ်အောင် ကြိုးစားခြင်းသည်သာလျှင် တစ်ခုတည်းသော အသက်ရှင်ရပ်တည်ရာ ဖြစ်လေသည်။

ပထမဦးဆုံး စုတ်ထိုးတတ်ခဲ့သည်မှာ ကျွန်ုပ်အား ထမင်းစေ့လေးများ ချပေးထားတတ်သော အဘွားအိုကြီးတစ်ဦး သေဆုံးသွားခဲ့ချိန်က ဖြစ်၏။ လူတို့ ဖြစ်ပေါ်လာတတ်သည့် ထူးခြားသော အခြင်းအရာများအား ကျွန်ုပ် မည်သို့ ကြိုတင်သိရှိနိုင်နေခဲ့သနည်း ဟူသောကိစ္စကို ကျွန်ုပ် နားမလည်နိုင်ခဲ့ပါ။ ထိုနေ့ညက ကျွန်ုပ်သည် မျက်နှာကြက် မီးလုံးနားမှ နေ၍ အိပ်ရာထဲတွင် တစ်ဦးတည်း လဲလျောင်းအိပ်စက်နေသော အဘွားကြီးအား ကြည့်နေခဲ့လေသည်။ အလင်းရောင်လာခါနီး သူ သေဆုံးသွားခဲ့ချိန်တွင် သူ့အနားအနီးတဝိုက်၌ သက်ရှိသတ္တဝါဟူ၍ ကျွန်ုပ်သာ ရှိနေခဲ့လေသည်။ ကျွန်ုပ် စိတ်မကောင်းစွာ အော်ဟစ်လိုက်ခဲ့ခြင်းမှ အစပြု၍ ကျွန်ုပ် စုတ်ထိုးတတ်ခဲ့လေသည်။ ဤသည်မှစ၍ ကျွန်ုပ်သည် ဤအိမ်တွင် လာရောက်နေထိုင်ကြသော လူသတ္တဝါများအပေါ် စိတ်ဝင်စားခဲ့လေတော့၏။ လူတို့

www.burmeseclassic.com



၏ ကံကြမ္မာများ၊ ခံစားမှုများ၊ အဖြစ်အပျက်များသည်လည်း ကျွန်ုပ်အပေါ် ကြို့တင် ရိုက်ခတ်လာကြလေတော့၏။

ပထမဆုံး ကျွန်ုပ် မှတ်မိသည်မှာ ကျွန်ုပ်ငယ်ဘဝက ဤ အိမ်ခန်းလေးထဲ၌ အဘွားအို တစ်ဦး၊ ကလေးငယ် တစ်ဦး၊ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ နေထိုင်သွားခဲ့ကြခြင်း ဖြစ်၏။ (ကလေးငယ်မှာ ကျွန်ုပ်အား အမြဲတစေ နှိပ်စက်နေခဲ့သူ ဖြစ်၏) အဘွားအို သေဆုံးသွားခဲ့ပြီး မကြာလှသောကာလတွင် ထိုလူတို့နှင့် ပတ်သက်၍ မကောင်းသော အငွေ့အသက် တစ်ခုကို ကျွန်ုပ် ခံစားလာရလေသည်။ ကျွန်ုပ် အော်ဟစ်နေခဲ့ပြီး မကြာသောကာလတွင် အမျိုးသားကို ကျွန်ုပ် မတွေ့ရတော့ချေ။ ထို့နောက်တွင်တော့ အမျိုးသမီးနှင့် ကလေးသည် ဤအိမ်ခန်းကို စွန့်ခွာသွားခဲ့ကြလေ၏။ သူတို့ ပြောင်းရွှေ့သွားကြသောနေ့က ကျွန်ုပ် စုတ်ထိုးကာ နေခဲ့လေသည်။

ဒုတိယ ပြောင်းရွှေ့လာကြသည်မှာ အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦးတို့ ဖြစ်၏။ အမျိုးသားကြီးမှာ နေ့စဉ် အပြင်သို့ ထွက်ခွာသွားတတ်ပြီး အမျိုးသမီးငယ်မှာ တစ်ဦးတည်း ကျန်ရစ်နေခဲ့တတ်လေသည်။ သူတို့ပြောင်းရွှေ့လာကြပြီး မကြာသောကာလတွင် ကောင်းသော အငွေ့အသက်များ ခံစားလာရသဖြင့် ကျွန်ုပ် ရက်အတန်ကြာ စုတ်ထိုးနေမိ၏။ ထိုသို့ဖြင့် သူတို့ပြောစကားအရ ထီပေါက်သည်ဆိုသော အခြင်းအရာတစ်ခု ဖြစ်ပွားခဲ့လေသည်။ ထီပေါက်သည် ဆိုသော ကိစ္စကို ကျွန်ုပ် မသိပါ။ သို့ရာတွင် သူတို့ ပျော်ရွှင်နေကြသဖြင့် ကျွန်ုပ် ဝမ်းသာမိပါ၏။ ကျွန်ုပ်၏ ဝမ်းမြောက်မှုသည် ကြာရှည်မခံပါ။ များမကြာမီ ကာလ၌ အမျိုးသားကြီး အပြင်ထွက်သွားတိုင်း အမျိုးသားငယ်တစ်ယောက် ရောက် ရောက်လာတတ်သည်ကို ကျွန်ုပ် သတိထားမိလာ၏။ ကံဆိုးမိုးမှောင် ကျမလာမီ နှစ်ရက်က ကျွန်ုပ် သတိပေးသောအားဖြင့် မကြာခဏ စုတ်ထိုးနေမိ၏။ ဤသို့ဖြင့် အမျိုးသားကြီး၊ အမျိုးသားငယ်နှင့် အမျိုးသမီးငယ်တို့ တွေ့ဆုံကြသောနေ့၌မူ ကျယ်လောင်စွာ အော်ဟစ်ကြလျက် တစ်ဦးကို တစ်ဦး တိုက်ခိုက်ကြလေသည်။ များမကြာမီကာလ၌ သူတို့အားလုံး ထွက်ခွာသွားကြလေတော့၏။

**အိမ်သူ့ရွှေမ စာပေ**

www.burmeseclassic.com

www.burmeseclassic.com



တတိယနှင့် ယခုလက်ရှိ ရောက်ရှိလာခဲ့သူမှာမူ တစ်ဦးတည်းသော လူတစ်ယောက် ဖြစ်လေသည်။ ဖြစ်သလို နေတတ်သော ထိုလူ ရောက်ရှိလာချိန်မှစ၍ ကျွန်ုပ်မှာ အတန်ငယ် အန္တရာယ် ကင်းရှင်းသွားခဲ့လေသည်။ အလွန်မွှန်စူးသော အနံ့ရှိသည့် ပုလင်းလွတ်များ မကြာခဏ တွေ့ရသည်မှ လွဲ၍ ထိုလူသည် ကျွန်ုပ်အဖို့ အလွန် အန္တရာယ်မပေးသော သူတစ်ယောက် ဖြစ်လာခဲ့လေသည်။ အချို့သော ကာလများတွင် ထိုသူသည် နေ့ပေါင်းများစွာ ဘယ်မှ မသွားဘဲ အိမ်ခန်းထဲတွင် ရှိနေတတ်၏။ အချို့ ကာလများတွင်မူ ရက်ပေါင်း အတော်ကြာ ပြန်ရောက်မလာဘဲ ရှိနေတတ်ပြန်၏။ အချို့ညများတွင် မျက်နှာကြက်၌ ကျွန်ုပ် အစာရှာစားနေသည်ကို လိုက်ကြည့်နေရင်း မွှန်စူးသော အနံ့ရှိသည့် ပုလင်းကို မော့ကာ ကျွန်ုပ် ဘာမှ နားမလည်သည်များကို ပြောဆိုနေတတ်၏။ တစ်ခါတစ်ရံတွင်တော့ လူအများ ရောက်လာကြကာ ရယ်မော ဆူညံနေတတ်ကြပြန်၏။ မည်သို့ဆိုစေ အသက်ကြီးရင့်လာသော ကာလတွင် ထိုလူနှင့် နေထိုင်သွားရသည်ကို ကျွန်ုပ် ကျေနပ်မိတော့၏။ အဘယ်ကြောင့်ဆိုသော် အိမ်မြှောင်တစ်ကောင်၏ ဘဝတွင် ကျွန်ုပ်အား အန္တရာယ် မပေးဆုံးသော လူသားတစ်ဦးကို ရှာဖွေ တွေ့ရှိခဲ့ရသောကြောင့် ဖြစ်လေသည်။ ကျွန်ုပ်သည် အိမ်ခန်းတစ်ခန်းထဲမှ သာမန် အိမ်မြှောင်တစ်ကောင်သာ ဖြစ်လေသည်။

နောက်နေ့မနက် အိပ်ရာမှ နိုးထလာသောအခါ ကိုမောင်လှသည် အိမ်ရှေ့ခန်း ကြမ်းပြင်ပေါ်သို့ ပြုတ်ကျ သေဆုံးနေရှာသော အိမ်မြှောင်တစ်ကောင်ကို တွေ့ရှိရာ 'စုတ်တသပ်သပ်' နှင့်သာ ရှိနေလေတော့သတည်း။

Eternal Light မဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၁၁



www.burmeseclassic.com

www.burmeseclassic.com

## ၆၀၁

အခါတပါး၌ လူတစ်ယောက်သည် တောင်တစ်လုံး အောက်ခြေသို့ ရောက်၍ လာလေ၏။ ထို့နောက် ပြူးကြောင်ကြောင် မျက်လုံးများနှင့် ပတ်ဝန်းကျင်အား လှည့်လည်ကြည့်ရှုလေ၏။ သူ မြင်ရသည်ကတော့ လေးဖက်လေးတန် မထူးခြား။ ကျောက်တုံးကျောက်ခဲများ ချုံပုတ်များနှင့် သဲများ ဖုန်များသာ ဖြစ်၏။ သူသည် တောင်ပေါ်သို့လည်း မော့ကြည့်၏။ တောင်ပေါ်တွင်လည်း မထူးခြား။ ကျောက်တုံးကျောက်ခဲများ၊ ချုံပုတ်များနှင့် သဲများ ဖုန်များသာ တွေ့၏။ နေသည် ကျဲကျဲ ပူနေ၏။ သူသည် နေကို မကျေမနပ် မော့ကြည့်ကာ ခြေဦးတည့်ရာ လျှောက်သွားလေ၏။

တစ်နေရာရောက်သော် ချုံခပ်ကြီးကြီးတစ်ခုအောက်တွင် အရိပ်ခိုရင်း လူတစ်ယောက် ငုတ်တုတ်ထိုင်နေသည်ကို တွေ့၏။ ပထမလူသည် သူ့ခေါင်းမှ ဆောင်းထားသောအရာကို ချွတ်၍ ထိုလူဘေးတွင် ငုတ်တုတ်ဝင်ထိုင်၏။ ခေါင်းမှ ဆောင်းလာသော အရာကိုလည်း သူတို့နှစ်ယောက်ကြား ချထားလိုက်၏။ သူတို့နှစ်ယောက်သည် ဤအတိုင်း ငုတ်တုတ်ထိုင်နေကြလေ၏။ ခဏကြာသော် မျောက်ညိုတစ်ကောင် ကွတကွတနှင့် ထိုလူနှစ်ယောက်နား ရောက်လာလေသည်။ မျောက်သည် လူနှစ်ယောက်ကို ကြည့်ကာ ထိုသူနှစ်ယောက် ထိုင်နေပုံအတိုင်း ငုတ်တုတ်လိုက်ထိုင်လေ၏။ သို့သော် မျောက်ဖြစ်သောကြောင့် ငြိမ်ငြိမ် မနေနိုင်။ လူနှစ်ယောက်အလယ် ချထားသော ပစ္စည်းကို ယူကြည့်၏။ သို့သော် သူ ဘာလုပ်ရမှန်း မသိသဖြင့် ဤအတိုင်း ကိုင်ကာ ဆက်ထိုင်နေလေသည်။ သိပ်မကြာလိုက်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် ထပ်ရောက်လာကာ သူတို့နည်းတူ သူတို့နှား ဝင်ထိုင်ပြန်၏။ အချိန်အတော်ကြီး ကြာသွားသော် သစ်ခွတစ်ပင်သည် သူတို့နှား ဖင်ရွှေ့ ဖင်ရွှေ့နှင့် ရောက်လာ၏။ ထို့နောက် ကျားသစ်တစ်ကောင်လည်း ရောက်လာကာ ထိုင်နေပြန်၏။ သူတို့အားလုံးသည် အပြန်အလှန် ပြူးကြောင်ကြောင် ကြည့်ကာ ထိုင်နေကြရာ အချိန်အကြာကြီး ထပ်ကြာသွားပြန်၏။ မျောက်သည် အလွန်အမင်း ပျင်းလာ၏။ တိတ်ဆိတ်နေကြခြင်းကို သည်းမခံနိုင်တော့သည့်အလား စကားစ၏။

'နေကြစမ်းပါဦးဗျာ၊ ခင်ဗျားတို့ ဒီမှာ ဘာ လာထိုင်လုပ်နေကြတာတုံး'

ပထမလူမှ ဒုတိယလူကို ကြည့်၏။ ဒုတိယလူမှ တတိယလူကို ကြည့်၏။ တတိယလူမှ ကျားသစ်ကို ကြည့်၏။ ကျားသစ်မှ သစ်ခွပင်ကို ငုံ့ကြည့်၏။ သစ်ခွပင်ကမူ မျောက်ကိုကြည့်ကာ ပြန်မေး၏။

'မင်းကရော ဘာလာထိုင်လုပ်နေတာတုံး'

မျောက်မှ သက်ပြင်းချကာ ပညာရှိလေသံနှင့် ပြန်ပြော၏။

'ကဲ ကဲ ... ဒါဆို ဒီလိုလုပ်ရအောင်၊ ကျုပ်တို့ ဒီမှာ ဘာလာထိုင်လုပ်နေကြတာလဲဆိုတာ လိုရင်း ပြောကြရအောင်၊ ဟိုလူက စပြောဗျာ'

ပြောပြောဆိုဆို ပထမလူကို လက်ညှိုးထိုး၏။

ပထမလူမှ ဒုတိယလူကို ကြည့်၏။ ဒုတိယလူမှ တတိယလူကို ကြည့်၏။ တတိယလူမှ ကျားသစ်ကို ကြည့်၏။ ကျားသစ်မှ သစ်ခွပန်းကို ငုံ့ကြည့်ပြန်၏။ ဤတစ်ခါတွင်တော့ သစ်ခွပန်းမှ မျောက်ကို မကြည့်တော့ဘဲ ပထမလူကို ကြည့်ကာ ပြော၏။

'ကဲ ပြောဗျာ'

ပထမလူမှ ပြူးကြောင်ကြောင်နှင့် ချောင်းဟန့်ကာ စကားစ၏။

'အဟမ်း ... ဒီလိုကွ'

အားလုံး စိတ်ဝင်တစား နားထောင်ကြလေသည်။

'ငါက မြို့ကကွ၊ ငါ့မိန်းမ လင်ငယ်နေတာ ငါ ပက်ပင်းမိလို့ လူ့လောကကို စိတ်ကုန်ပြီး ထွက်လာတာ၊ ရသေ့ဝတ်ပြီး တရားကျင့်ဖို့ တောထွက်လာတာ၊ ငါ့စိတ်ကူးက လူမနီးသူမနီး တောထဲက သစ်ကြီးဝါး



www.burmeseclassic.com

www.burmeseclassic.com



ကြီးရိပ်ကောင်းကောင်းမှာ ကျောင်းဆောက်နေမလို့၊ ဒါပေမဲ့ တောရွာမတွေ တော့ ငါ တောထွက်မရဘဲ ဖြစ်နေတာ၊ အဲဒါနဲ့ တောလိုက်ရှာရင်း ဒီနား ရောက်လာလို့ ထိုင်နေတာ၊ မင်းတို့ စဉ်းစားကြည့်လေ၊ တောထွက်ချင်လို့ တောထွက်လာတာ ချုံတွေချည်း လာတွေ့နေတော့ ငါ့မှာ ချုံထွက်ရမလို ချည်း ဖြစ်ပြီး မအီမလည်ကြီးနဲ့၊ တောတွေက ဘယ်ရောက်သွားမှန်း မသိ ဘူး၊ ဟိုမျောက်ကိုင်ထားတာ ငါ ရသေ့လုပ်ဖို့ ဇာတ်ထဲက မနည်းတောင်းယန် ပြီး ဝယ်လာရတဲ့ ဒေါက်ခြာကြီးပေါ့၊ အခုတော့ အဲဒါကြီးနဲ့ ဘာလုပ်ရမှန်း မသိဘဲ ချောင်းတွေဘာတွေ တွေ့ရင် ရေပဲ ခပ် ခပ်သောက်နေရတယ်'

မျောက်လက်ထဲမှ ပစ္စည်းကို အားလုံး ဝိုင်းကြည့်ကြ၏။

မျောက်မှလည်း သူကိုင်ထားသော အရာကြီးကို ကြည့်ကာ မေး ၏။

'ဒါကြီးက ခေါင်းမှာ ဆောင်းရတာကွ၊ ဒီလို ဒီလို'

ပထမလူက ခေါင်းတွင်ဆောင်းကာ မေးသိုင်းသားရေကြိုးတပ် ပြလေရာ မျောက်မှာ အလွန် သဘောကျသွားပြီး

'ကျုပ်ကိုပေးဗျာ ဒါကြီး' ဟု ပြောလေ၏။ ပထမလူမှာ ခဏ စဉ်းစားကာ ပေးပေးပြောပြောနှင့် ဒေါက်ခြာကြီး ပေးလိုက်လေ၏။

'အေးလေ၊ တောမှမရှိတော့ တောထွက်လို့မှ မရတော့တာ၊ ဒါ ကြီးရှိနေလည်း ထူးပါဘူးကွာ၊ ယူလိုက် ယူလိုက်'

မျောက်မှ ဝမ်းသာအားရယူကာ ကျကျနန ဆောင်းလိုက်သဖြင့် အားလုံး ဝါးခနဲ ဝိုင်းရယ်ကြလေ၏။ ပထမလူမှ ဒုတိယလူအား မေး၏။

'ခင်ဗျားကရောဗျာ'

ဒုတိယလူမှ မှုန်ကုတ်ကုတ်နှင့် ပြော၏။

'ကျုပ်က တောလိုက်စားတဲ့ မုဆိုးဗျ'

မျောက်နှင့်ကျားသစ် အနည်းငယ် လန့်သွားကြသော်လည်း ဟန် မပျက် ဆက်နားထောင်ကြ၏။ ဒုတိယလူ စကားဆက်၏။

'တောလိုက်စားတယ်ဆိုတာက တောရှိမှ လိုက်စားလို့ ရတာပေါ့ ဗျာ၊ တောမရှိတော့ ဘယ်လိုလုပ် လုပ်ကြမလဲ၊ ကဲ ကျုပ်က မုဆိုးပေမဲ့ သစ်ခေါင်းပျားတွေဘာတွေလည်း ဖွတ်စားသေးတာဗျ၊ သစ်ပင်တွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပြီး တောဝက်တွေဘာတွေလည်း ထိုးစားသေးတာ၊ အခု တောမရှိ သစ်ပင်မရှိတော့ဘဲ ချုံချည်းပဲ ကျန်တော့ ကျုပ်က ဘယ်သစ်ခေါင်းပျား တက်နိုက်ရတော့မှာတုံး၊ ဘယ်တောမှာ ဘာကောင်သွားလိုက်ရတော့မှာ တုံး၊ အဲဒါ ဘာဆက်လုပ်ရမှန်း မသိလို့ ထိုင်နေတာ'

ဒေါ်ပွပွနှင့် ပြောပြီး ငြိမ်သွားသဖြင့် ပထမလူမှ တတိယလူကို ပြေရာပြေကြောင်း ဆက်မေး၏။

'ကဲ ကဲ ... ခင်ဗျားအကြောင်းလည်း လုပ်စမ်းပါဦးဗျာ'

'ကျုပ်က သူပုန်ဗျ'

'ဟိုက်'

'မြတ်စွာဘုရား'

တုံးတိတိကြီး ဖြေချလိုက်ရာ သူက ပိုဆိုးနေသဖြင့် အားလုံးလန့် ကုန်ကြ၏။ ထိုသူက ဘယ်သူ့မှ ဂရုမစိုက်ဘဲ ဆက်ပြောချ၏။

'ဟုတ်တယ်၊ ကျုပ်က သူပုန်ဗျ၊ ကျုပ်ဝါဒကို ကျုပ်သိပ်ယုံကြည် တာ၊ ကြားဖူးနားဝ ရေးခေတ်က ကျုပ် ကြည်ညိုတဲ့ သူပုန်ကြီးတွေ တော ခိုပြီး သူပုန်ထကြတာ ကျုပ်က သိပ်အားကျတာ၊ အဲဒါနဲ့ တောခိုပြီး သူပုန် ထဖို့ လိုက်စည်းရုံးတာ ဘယ်သူမှ ကျုပ်ဝါဒကို မကြိုက်ကြလို့ ကျုပ် တစ်ယောက်တည်း တောခိုမယ်ဆိုပြီး ထွက်လာတာ၊ ဒီရောက်တော့ တော တွေက ဘယ်ရောက်ကုန်မှန်း မသိဘူး၊ တောက် ... ကျုပ်က လုပ်မယ် ဆို လုပ်ရမှဗျ၊ တောခိုချင်ပါတယ်ဆိုမှ တောပျောက်နေရတယ်လို့ကွာ'

'ဖုန်း'

မြေကြီးကို ဒေါသတကြီး လက်ဝါးဖြင့် တအားရိုက်ချလိုက်ရာ အားလုံး လန့်သွားကြ၏။ မျောက်မှ ပြေရာပြေကြောင်း ဝင်ပြောကြည့်၏။

'ခင်ဗျားကလည်းဗျာ၊ တောမရှိပေမဲ့ ချုံလောက်တော့ ရှိတာပဲ ဟာ၊ တောခိုလို့မရရင် ချုံလောက်တော့ ခို .. ခို'

'ဟေ့ကောင်'

အသံနက်ကြီးနှင့် ဆောင့်အော်ထည့်လိုက်ရာ မျောက်တွင်မက အားလုံး လန့်ကြရပြန်၏။

'မျောက်ပိပိ သောက်တွေး သောက်ခေါ်ကို မရှိဘူး ကြီးမြတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဝါဒကို မင်းက ပြောင်တာလား၊ တောခိုမယ်ဆို တောပဲ ခိုမှာကွ၊ ဘယ့်နှယ် ... အောက်ကျနောက်ကျ ချုံခိုစရာလား၊ ဘာစကားပြောတာလဲ၊ --- မျောက် --- မျောက်'

အယုတ္တအနုတ္တ ဆဲဆိုနေသေးရာ အတန်ကြာ၍ မောမှ ငြိမ်သွား၏။ အားလုံး ခဏတိတ်နေစဉ် သစ်ခွက စကားစကာ မျောက်ကို လှမ်းမေး၏။

'နေစမ်းပါဦး မင်းကရော'

မျောက်မှ စပ်ဖြီးဖြီးနှင့် ပြော၏။

'တခြား မဟုတ်ဘူးဟေ့၊ မျောက်ဖြစ်ပြီး သစ်ပင်ဘယ်လိုတက်ရလဲဆိုတာ မေ့သွားလို့ ကျိတ်ပြီး သစ်တောလိုက်ရှာဖို့ မျောက်အုပ်ထဲက ခိုးထွက်လာတာ၊ ငယ်ငယ်ကတော့ သင်ဖူးတာပေါ့ကွာ၊ ဒါပေမဲ့ တက်စရာ သစ်ပင်တွေ မရှိတော့တော့ ငါက နဂိုကတည်းက ဉာဏ်ကလည်း ခပ်ထိုင်းထိုင်းမှာ သစ်ပင်တက်နည်း မေ့ရောဟ၊ အရှက်ကွဲမှာစိုးလို့ အသာလစ်လာပြီး သစ်ပင်ကောင်းကောင်းရှိတဲ့ တော လိုက်ရှာနေတာ၊ တွေ့တော့ပါဘူးကွာ၊ မျောက်ထက်တောင် ဘယ်ကောင် လက်ပိုဆော့လဲ မသိဘူး၊ အားလုံး ခုတ်သွားကြပဟ'

မျောက်စကားကြားသော် ကျားသစ်က တစ်ချက် သမ်းလိုက်ရင်း ပျင်းရိပျင်းတွဲ ဝင်ပြော၏။

'ဝါး ... အဲဒါ ပြောတာပေါ့၊ ငါလည်း ညစ်ပြီး လစ်လာတာ၊ မင်း စဉ်းစားကြည့်၊ ငါက ဘာလဲ'

'ကျားသစ်လေကွာ'

'ကျားသစ်တွေက ဘယ်အသားအကြိုက်ဆုံးလဲ'

'ဟိုက်'

မျောက်မှာ လူသုံးယောက်ဘက် မသိမသာ တိုးသွားရင်း မသက်မသာ လိုက်ကြည့်ကာ ဖြေ၏။

'ကျားသစ်တွေက မျောက်သားကြိုက်တာပေါ့ဟ'

'ဒါပဲ၊ လိုရင်းက ဒါပဲ၊ မင်းတို့မျောက်တွေက ရှုပ်ယှက်ခတ်နေတဲ့ အပင်တွေကြားမှာ ဆင်းလိုက်တက်လိုက် တစ်ပင်ကတစ်ပင် ကူးလိုက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပြေး၊ ငါတို့ ကျားသစ်တွေကလည်း ငါတို့ အစွမ်းအစရှိသလောက် သစ်ပင်တွေပေါ် တက်လိုက်ဆင်းလိုက်နဲ့ မိအောင်လိုက်ဖမ်း၊ မိတာလည်းမိ လွတ်တာလည်း လွတ်'

'ဘာလဲ အခု မင်း ငါ့စားမလို့လား'

'ငါ့မမေးနဲ့၊ ဟိုမှုဆိုးမေးကြည့် ‥ ငါတို့က သားကောင်တွေလေကွာ၊ သူ လိုက်ချင်စိတ်ရှိသေးရဲ့လားလို့'

'တော်စမ်းပါကွာ၊ တောရှိမှ လိုက်ကောင်းတာပါ၊ ပြောင်တလင်းကြီး ဖြစ်နေမှတော့ ဘာလုပ်မှာလဲ၊ အေးအေးနေကြစမ်းပါကွာ၊ ငါ စိတ်ကုန်လွန်းလို့'

မုဆိုးမှ ဝင်ပြော၏။ ကျားသစ်မှ အားရကာ ...

'တွေ့လား၊ အဲဒါ ပြောတာပေါ့၊ တောမှမရှိတော့တာ၊ ပျင်းစရာကြီး၊ ဒီမှာ မင်း စဉ်းစားကြည့် ‥ နေပူကြီးထဲ ဖုန်တွေချုံတွေကြားထဲ မင်းကပြေး ငါကလိုက် လုပ်နေရရင် ရူးကြောင်ကြောင်ကြီးပါကွာ၊ တောမရှိတော့ရင် ငါတို့က ငပေါတွေဖြစ်ရောဟ၊ ဘာအစွမ်းမှ ထုတ်ပြလို့ မရတော့ဘူး၊ အခုနေ မင်းက စားပါဆိုပြီး ကိုယ့်ကိုကိုယ် သတ်သေပေးတောင် ငါ စားချင်စိတ် မရှိတော့ဘူး'

'ဒါဆို မင်း ဘာလုပ်မလဲ'

'ကိုယ့်အစွမ်းအစလည်း တဖြည်းဖြည်း ထုံလာတုံးလာနေမှတော့ မထူးဘူး ငါ့ကောင်ရေ ‥ တိရစ္ဆာန်ရုံထဲပဲ သွားနေတော့မလို့ ထွက်လာတာ၊ တောမှမရှိတဲ့နောက်တော့ ဝေ့တ်တလှည့်ပြတ်တလှည့်နဲ့ လျှောက်နေမနေတော့ဘူး၊ အေးအေးဆေးဆေး အဖမ်းခံပြီး တိရစ္ဆာန်ရုံထဲပဲ နေလိုက်တာ အေးတယ်၊ နေ့တိုင်း ငါ စားရမယ့်အစာကို ဝန်ထမ်းတွေ ဘယ်လောက်ခိုးစားစား အရိုးအရင်းပဲ ကိုက်ရရ နပ်တော့မှန်မှာပဲ၊ မသေအောင်တော့ ကျွေးထားမှာပဲ၊ အေးအေးဆေးဆေး တစ်နေ့သုံးလေးခါလောက် လမ်းလေးဘာလေး ပတ်လျှောက်ပြရုံနဲ့ မသေရုံတော့ စားရမှာပဲ၊ ပြောရင်းမှ သတိရတယ်၊ ဟိုသူပုန်ဆိုတဲ့လူ ‥ ဟော့လူ'

'ဘာလဲကွ'

'ခင်ဗျား ကျွန်တော့်ဖမ်းပြီး တိရစ္ဆာန်ရုံ ပို့လိုက်ဗျာ။ ကျူပ်ကိုဖမ်း



www.burmeseclassic.com

www.burmeseclassic.com



ပို့ရင် ခင်ဗျားမိသားစုအတွက် ငွေလေးဘာလေး ရမှာဗျ၊ ပြီးရင် ခင်ဗျား လည်း ထောင်ကျခံလိုက်ဗျာ၊ တောမှမရှိတော့တာ ခိုမနေနဲ့တော့၊ ချုံလောက် ချုံပုတ်လောက်ရှိတာက ဘာလုပ်မှာလဲ၊ ထောင်ကျပစ်လိုက်တာကမှ ခင်ဗျား ပြောတဲ့ ခင်ဗျားဝါဒကြီးအတွက် သိက္ခာရှိသေး၊ စိတ်ကူးမလွဲနဲ့ ကျုပ်ကို ဖမ်းဗျာ၊ ကျုပ်တို့ ထောင်ကျခံရအောင် .. စားသာတယ်နော်၊ တောခို သွားတဲ့ သူပုန်ကြီး ကျားသစ်ကြီးဖမ်းပြီး အလင်းဝင်လာလို့ ခင်ဗျားကို သတ္တိခဲကြီးလို့တောင် အမွှမ်းတင်ခံရဦးမှာ၊ ဘယ်လိုလဲဟေ့လူ'

'အေး မဆိုးဘူးဟ'

ထိုစဉ် ...

'ဖလပ် .. ဖလပ် .. လပ် .. ဖုန်း'

'အင့်'

အောက်ချင်းငှက်ကြီး တစ်ကောင် သူတို့အလယ်တည့်တည့်သို့ ခွေးကျဝက်ကျ ကျလာသဖြင့် လန့်ကြရပြန်၏။ သွက်သွက်လက်လက်ရှိ သော မျောက်က ပြေးထူ၏။ အောက်ချင်းကြီးမှာ ထုံးစံအတိုင်း ခေါင်းနှင့် ကျသည် ဖြစ်ရာ မူးနောက်နောက် လိမ်ဖယ်ဖယ်ကြီးနှင့် သိုင်းကွက်နင်းနေ လေ၏။ ဘာမှတော့ သိပ်ဖြစ်ပုံမရ။ မျောက်မှ အတောင်ကြား လက်လျှိုထူ ပေးရင်း မေး၏။

'ခင်ဗျားတို့ အောက်ချင်းတွေ အဲဒါ ခက်တာပေါ့၊ ကိုယ့်မိန်းမ ဖောက်ပြန်တယ်လို့ သံသယရှိရုံနဲ့ ကိုယ့်ကိုကိုယ် သတ်သေရသလားဗျာ၊ ဟိုလူဆို ကြည့်စမ်း၊ သူ့မိန်းမဖောက်ပြန်တာ သတ်မသေဘူး၊ တောပဲထွက် လာတာ'

နည်းနည်း အမူးပြေသွားသော အောက်ချင်းကြီးမှာ မျောက်ကို အူကြောင်ကြောင် ပြန်ကြည့်ကာ ပြော၏။

'ခင်ဗျား ဘာတွေပြောနေတာတုံး၊ ဘယ်ကလာ ကျုပ်ဟာကျုပ် သတ်သေရမှာတုံး၊ ကျုပ်မိန်းမ မွေးခါနီးမို့ သစ်ခေါင်းလိုက်ရှာနေတာဗျ၊ သစ်ခေါင်းမပြောနဲ့ သစ်ပင်တောင် လောက်လောက်လားလား မတွေ့လို့ ရှာရင်းရှာရင်း အတောင်ညောင်းပြီး ပြုတ်ကျလာတာ'

'ဟော'



www.burmeseclassic.com

www.burmeseclassic.com



'ဟောဗျ'

'သွားမယ်ဗျာ၊ အချိန်ရှိတုန်း သစ်ပင်လိုက်ရှာဦးမှ .. မိန်းမက နေ့စေ့လစေ့ကြီးဗျ'

အောက်ချင်းကြီး ကပျာကယာ ပျံတက်ရန် ကြံသည်ကို သစ်ခွမှ အလောတကြီး ပြောၡ၏။

'ကို .. ကိုအောက်ချင်း .. သစ်ပင်ရှာမယ်ဆိုရင် ကျုပ်ကိုပါ ခေါ်သွားပေးစမ်းပါဗျာ၊ ဘိုးဘွားစဉ်ဆက် သစ်ခွတွေ ဖြစ်ခဲ့ရဲ့သားနဲ့ ကျုပ် လက်ထက်ကျမှ ခွစရာ သစ်မရှိလို့၊ ရှက်လွန်းလို့ပါဗျာ'

'ဩော် ... ကြာတယ် လာဗျာ လာ'

သစ်ခွပင်ကို အောက်ချင်းချီကာ ပျံတက်သွားလေသော် အားလုံး ငေးမောကာ ကျန်ခဲ့ကြလေသတည်း။

နှင်းဆီနီမဂ္ဂဇင်း၊ ဩဂုတ်လ၊၂၀၁၂



www.burmeseclassic.com

www.burmeseclassic.com

# ရှင်ဘာတ်ကပြောသည်

ခြံဝင်းတံခါး၏ မလှမ်းမကမ်း ချုံဖုတ်တစ်ခုအောက်တွင် သူ ဝပ်ကာ ငြိမ်နေလေသည်။ အချိန်မှာ ဝေလီဝေလင်း မနက်ခင်း ဖြစ်၏။ လမ်းထောင့်ချိုးကွေ့သို့ သူ လှမ်းကြည့်မိနေ၏။ မကြာခင် လာတော့မည်။ မနက်လင်းအားကြီးတိုင်း ပုံမှန်လာနေကျ လူတစ်ဦး၏ ပုံမှန်လုပ်နေကျ အလုပ်တစ်ခုအား ဤနေ့တွင် သူ နှောင့်ယှက်ရပေတော့မည်။

မည်သူပေးသွား၍ မည်သူက စခေါ်ခဲ့မှန်း မသိသော သူ့နာမည်မှာ ဘိုနီ ဖြစ်၏။ သူ သိတတ်စ အရွယ်ထဲက ဤ လူကုံထံရပ်ကွက်ကြီး၏ ဤလမ်းသွယ်မှာ သူ့နေရာ အဖြစ် သူ သတ်မှတ်ကာ နေ၏။ အိမ်တကာမှ ကျွေးသမျှ စားကာ လမ်းသို့လာသမျှ အရာအားလုံး စောင့်ကြည့်လျက်သာ သူ ထင်သလို နေ နေလေသည်။

ဘိုနီနှင့် ပတ်သက်လျှင် ဤလမ်းထဲမှ လူများအားလုံးမှာ သာမန်သာဖြစ်၍ ဤလမ်းသို့ နေ့တိုင်းလာသော သူ့ရန်သူတစ်ယောက်နှင့် သူ့မိတ်ဆွေတစ်ယောက် ရှိလေသည်။ သူ့ရန်သူမှာ အခြားမဟုတ်။ သတင်းစာပို့သောငနဲ ဖြစ်၏။ အစက သတင်းစာပို့သူမှာ ဦးလေးကြီး တစ်ယောက်ဖြစ်၏။ နောက်တော့ မည်သို့ဖြစ်သည် မသိ။ ယိုင်ထိုးယိုင်ထိုး ကိုးရိုးကားရား ဘစ်စုံတစ်ရာကို ခွကာ မဟားတရား စီး စီးလာတတ်သော ငနဲ တစ်ယောက်က ထိုတာဝန်ကို ယူလိုက်၏။ ဤတွင် ထိုငနဲနှင့် ဘိုနီ တွေ့လေသည်။ ဘိုနီ့မျက်လုံးထဲ ထိုငနဲကို နည်းနည်းမှ အကောင်းမြင်ကြည့်လို့ မရ။ နေ့တိုင်းတွေ့နေရသော်လည်း နေ့တိုင်း မျက်စိနောက်နေ၏။ ထို့ကြောင့် အဆို



www.burmeseclassic.com

www.burmeseclassic.com



ပါ ကိုးရိုးကားရားပစ္စည်းကို စီး စီး လာတတ်သော ငနဲအား ဘိုနီ နေ့တိုင်း လိုက်ဆွဲဖြစ်၏။ ထိုငနဲကလည်း လျှင်၏။ အခုချိန်ထိ တစ်ခါမှ မဆွဲမိသေးချေ။ ကမူးရှူးထိုး ပြေးသည်သာ များ၏။ တစ်ခါတစ်ရံ ဘိုနီ လိုက်မဆွဲဖြစ်လျှင်တောင် ထိုငနဲမှ လာ လာ စ ကာ ထွက်ပြေးတတ်၏။ ဘိုနီသည် သူ့ကို အေးအေးဆေးဆေး နေခွင့်မပေးသဖြင့် ထိုငနဲအား ရန်သူစာရင်းသွင်းထားလေသည်။

ဘိုနီ မိတ်ဆွေအဖြစ် သတ်မှတ်ထားသူမှာ ယခုစောင့်နေသူ ဖြစ်၏။ ထိုသူသည် မနက်တိုင်း ဝေလီဝေလင်းအချိန်တွင် ခြင်းတောင်းလေး တစ်လုံး ဆွဲကာ ဤလမ်းထဲမှ အိမ်တစ်အိမ်သို့ မနက်တိုင်း လာနေကျဖြစ်၏။ သူ့ခြင်းတောင်းလေးထဲတွင် နွားနို့များ ထည့်၍ သယ်လာသော ဒန်ချိုင့်လေးနှစ်လုံး ပါလာတတ်၏။ ထိုချိုင့်များကို ယခု ဘိုနီ့ရှေ့မှ ခြံဝင်းထဲသို့ ဝင်ပို့ကာ အေးအေးလူလူ ပြန် ပြန်သွားတတ်၏။ သူ့ကို ဘိုနီ လွန်စွာ သဘောကျချစ်ခင်လေ၏။ သူသည် ဘိုနီ့ကို အနည်းငယ် ကြောက်ရွံ့ပုံရ၍ ခပ်ခွာခွာမှ လှည့်ကြည့် လှည့်ကြည့်နှင့် သွားတတ်၏။ တစ်ခါတစ်ရံ သူ့ထံတွင် နို့ခဲလေးများ ပါလာတတ်၍ သူလည်းစားကာ ဘိုနီ့အတွက်လည်း ချထားခဲ့ပြီး ပြေးသွားတတ်၏။ သူ့ကို ဘိုနီသည် မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်ထား၏။ သူ ဆိုသည်ကား အမြဲတစေ ကျောင်းစိမ်းဝတ်စုံ အနွမ်းလေးများနှင့်သာ တွေ့ရတတ်သော မျက်နက်ဝိုင်းကြီးများနှင့် ရာဂျူးလေးခေါ် ကလေးငယ်လေး တစ်ယောက်သာ ဖြစ်လေသည်။ ဘိုနီ့မိတ်ဆွေလေးရာဂျူးမှာ မနက်ကျောင်းမသွားခင် နွားနို့လိုက်ပို့ရသော ကုလားလေးတစ်ယောက် ဖြစ်၏။

ဤမနက်တွင် ဘိုနီသည် ရာဂျူးလေးအလာကို စောင့်၍ နွားနို့မပို့ဖြစ်အောင် ဟန့်တားရန် ကြံထားလေ၏။ ထိုကိစ္စကား အကြောင်းရှိ၍ ဖြစ်၏။ ရာဂျူး နို့ပို့နေကျ မိသားစုမှာ ကောက်ကာငင်ကာ ပြောင်းသွားကြပြီး ယမန်နေ့ ညနေက မိသားစုတစ်စု ပြောင်းလာကြလေသည်။ မိသားစုတစ်စု ပြောင်းလာသည်အထိ ကိစ္စမရှိချေ။ ကိစ္စရှိသည်မှာကား ထိုမိသားစုနှင့်အတူပါလာသော သားရေလည်ပတ်ကြီးနှင့် ဘိုခွေးအနက်ကြီးကြောင့်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ဘိုနီသည် ထိုခွေးကြီးကို မြင်သည်နှင့် နီးရာ ချုံတစ်ခုထဲ ပြေးဝင်ကာ ပုန်းနေရ၏။ ထိုခွေးကြီးမှာ ဘိုနီ့ထက် အဆမတန် ကြီးလှ၍ ရန်လိုပုံလည်း ရ၏။ ခွေးကြီးမှာ ညကတစ်ညလုံး သူ့ခြံသစ်ထဲ လှည့်ပတ်ကာ တရှူးရှူးနှင့် ရှိနေသည်ကို ဘိုနီ တစ်နေရာမှ ချောင်းကြည့်နေသဖြင့် တွေ့ရ၏။ ခွေးကြီးသည် သူ့အိမ်ခြံစည်းရိုးမှာ မလွယ်ပေါက်တစ်ခု ရှိသည်ကို တွေ့သွားကာ ခြံပြင်ထွက်လာသေး၏။ မြန်မာခွေးငယ်တစ်ကောင်မျှသာဖြစ်သော ဘိုနီမှာ ခွေးကြီးကို ရင်မဆိုင်ရဲ၍ သေးပြေးရှင်ပြေး ပြေးရ၏။ ခွေးကြီးမှာ ဘိုနီ့နောက် အတင်းလိုက်လာသေးသော်လည်း ဒေသစိမ်းဖြစ်၍ အဝေးကြီး ဆက်မလိုက်ဘဲ သူ့ခြံထဲ သူပြန်ဝင်သွား၍သာ ဘိုနီ သက်သာရာရသွားခြင်း ဖြစ်၏။ ညက ဖြစ်ပျက်ခဲ့သော ဤအဖြစ်အပျက်များကို ရာဂျူးမသိရှာသေး။ ဤမနက်တွင် ထုံးစံအတိုင်း နွားနို့လာပို့၍ ရာဂျူးလေးခွေးကြီးနှင့် တွေ့ခဲ့သော် ...။ နောက် ဆက်ဖြစ်လာနိုင်သည်များကိုမတွေးရဲတော့သဖြင့် ဘိုနီမှာ ရာဂျူးကို ကယ်နိုင်ရန် အရဲစွန့်ကာ ဤအိမ်နား ပြန်လာပုန်း၍ ရာဂျူးအလာကို စောင့်နေခြင်း ဖြစ်၏။ ရာဂျူးလေးဤအိမ်ကြီးနား မရောက်အောင် တားရပေမည်။

လမ်းကွေ့နားမှ ရိပ်ခနဲ တစ်စုံတစ်ရာ တွေ့လိုက်၏။ ရာဂျူးလေးလာနေချေပြီ။ ဘိုနီသည် ခြံဝင်းထဲသို့ အနံ့ခံကြည့်၏။ ခွေးကြီးမှာ တစ်ညလုံး လှုပ်ရှား ပြေးလွှားထား၍ မောပန်းကာ အိပ်ပျော်နေပြီလား မသိ။ အသံ တိတ်ဆိတ်နေ၏။ ဘိုနီသည် ဝပ်နေရာ ချုံထဲမှ အသာလျှိုထွက်ကာ ရာဂျူးလေးဆီ ပြေးသွားလိုက်၏။

ဘိုနီ ပြေးလာသည်ကို တွေ့သော် ရာဂျူးမှာ ကြောက်ကာ ခြေလှမ်းရပ်သွား၏။ ဘိုနီမှာမူ ရာဂျူးလေး ခွေးကြောက်တတ်မှန်း သိ၍ အနားသို့ မသွား။ မလှမ်းမကမ်းမှ ရပ်ကာ လမ်းလယ်တွင် ခြေသေ့ထိုင်ထိုင်ချလိုက်ကာ အစွယ်များကိုဖြဲ၍ ပါးစပ်ဟထားလေသည်။ ရည်ရွယ်သည်မှာ သူ့ကို ကြောက်၍ ရာဂျူးလေး ပြန်လှည့်သွားစေရုံသာ ဖြစ်၏။ ရာဂျူးမှာ ယနေ့ ထူးခြားနေသော ဘိုနီ့အပြုအမူကို ကြောက်ကြောက်နှင့် ကြည့်ကာ ရပ်နေလေ၏။ ခဏကြာသော် ရာဂျူးသည် တစ်စုံတစ်ရာ သတိရသွားသလို လက်ထဲမှ နို့ခြင်းကိုချကာ သူ့ဘောင်းဘီအိတ်ထောင်ထဲမှ တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာကို နှိုက်ယူ၏။ နို့ခဲလေးများပင်။ ရာဂျူးသည် ဘိုနီ့ မလှမ်းမကမ်းသို့ နို့ခဲလေးများ ပစ်ချပေးကာ အခြေအနေကို ရပ်ကြည့်နေရှာ၏။ ဘိုနီ့နားတော့ မလာချေ။ ကြောက်ရှာ၏။ ဘိုနီမှာ ရာဂျူးကို ကြည့်ကာ သနားသွား၏။ ခွေးဆိုလိုချင်သည်ကို လူကလေး မသိရှာချေတကား။ သူ ဟောင်လိုက်ချင်၏။ ရာဂျူးလေး ပြန်ပြေးသွားအောင် လှန့်လိုက်ချင်၏။ သို့သော် မဖြစ်ချေ။ ခြံထဲမှ အိပ်နေသောခွေးကြီး နိုးသွားခဲ့လျှင် သူရော ရာဂျူးလေးပါ ဒုက္ခရောက်ကြပေမည်။ ဘိုနီသည် ပါးစပ်ဖြဲ၍ ရာဂျူးနား တိုးသွား၏။ ရာဂျူးလေးမှာ လန့်သွားပြီး သူ့ခြင်းလေးသူ ကပျာကယာ ကောက်ကာ နောက်ဆုတ်သွား၏။

ရာဂျူးသည် ဘိုနီကို အတန်ကြာ စိုက်ကြည့်ကာ တွေဝေစဉ်းစားနေ၏။ ဘိုနီကလည်း လမ်းမဖယ်ပေးဘဲ ပေရပ်နေ၏။ ခဏကြာသော် ရာဂျူးမှာ ချာခနဲလှည့်ကာ လှည့်ကြည့် လှည့်ကြည့်နှင့် ပြန်ထွက်သွားရှာတော့၏။

ဤတွင်မှ ဘိုနီ စိတ်သက်သာရာ ရသွား၏။ ရာဂျူးလေး ပြန်သွားပြီ။ သို့သော် စိတ်မချရသေး။ ပြန်လှည့်ချင် လှည့်လာနိုင်သေး၏။ ခဏတော့ ထိုင်စောင့်နေမှ ဖြစ်ချေမည်။ ဘိုနီသည် ကိုယ်အနေအထားပြောင်းကာ နေရာတွင်ပင် အနည်းငယ် သက်သောင့်သက်သာ ဖြစ်အောင် ဝပ်ချလိုက်၏။ ရာဂျူးလေး ပြန်သွားရာသို့လည်း မကြာခဏ မျှော်ကြည့်မိလေ၏။ ဘိုနီ စဉ်းစား၏။ နောက်နေ့များတွင်လည်း ဤအတိုင်း ဖြစ်နေလျှင် မလွယ်။ တစ်နေ့နေ့တွင် သူတို့နှင့် ခွေးကြီး ပက်ပင်း တိုးနိုင်၏။ ဤအချိန် ဤလမ်းတွင် ရာဂျူးလေးမှ လွဲ၍ မည်သည့် လူတစ်ယောက်မှ မလာတတ်သည်ကိုလည်း ဘိုနီ သိ၏။ ရာဂျူးလေးကို နောက်မလာရဲအောင် နည်းနည်း လိုက်ဆွဲလိုက်ရ ကောင်းမလားဟု ဘိုနီ တွေး၏။ ရာဂျူးလေး ပြန်သွားရာဘက် တစ်ချက် မျှော်ကြည့်မိ၏။ ဘိုနီမှာ ရုတ်တရက် တစ်စုံတစ်ရာ သတိရသွား၏။ ရုတ်တရက် ထလိုက်ချိန်မှာပင် သူ့နောက်ဘက် ခပ်လှမ်းလှမ်းမှ ချွတ်နင်းသံ ကြားရ၏။ လှည့်ကြည့်မိတော့ ··· ရာဂျူးလေး။ နောက်တစ်လမ်းမှ ပတ်လာ၍ ဘိုနီ မသိအောင် ခြံဝင်းထဲ မြန်ဝင်ရန် လျှောက်လာနေ၏။ ခြံတံခါးနား ရောက်တော့မည်။ ဘိုနီ့မျက်လုံးများ



www.burmeseclassic.com

www.burmeseclassic.com



ပြာသွားကာ ဂုတ်ခနဲ ထိုးဟောင်၍ ပြေးအသွား …

'ဂုန်း … ဝေါင်း'

'အား … အမား … အမားရေ .. အမားကြီးရေ … ဟီး'

'ဂလုံ ဂလွမ်'

ရာဂျူးလေးမှာ ပက်လက်လန် လဲကျသွားလေပြီ။ လက်ထဲမှ ခြင်းတောင်းလေးနှင့် နို့များ ထည့်လာသော ချိုင့်များမှာ လမ်းပေါ် ဖိတ်စဉ်ကျကုန်၏။ ခြံထဲမှ လျှောခနဲ ထွက်လာသော ခွေးကြီး၏ အရိပ်မည်းကြီးကား ရာဂျူး ရှိရာသို့ လှစ်ခနဲ ခုန်ဝင်သွား၏။ ဘိုနီ သွေးများ ဆူပွက်သွားလေ၏။ သူ့သုံးဆခန့်ရှိသော ခွေးနက်ကြီး ရှိရာသို့ ပြေးသွားတော့၏။ ဘိုနီမှာ သူ့မိတ်ဆွေလေးကို အကာအကွယ်ပေးရန် အတွက် သူ့အသက် သေနိုင်သည်ကို မေ့သွားလေပြီ။ သို့သော် …

ဘိုနီသည် ရုတ်တရက် ရပ်လိုက်ကာ ကိုယ်ရှိန်သတ့်လိုက်မိသွား၏။ သူ့မျက်လုံးတည့်တည့်တွင်ကား လဲကျ အကြောက်လွန်နေသော ရာဂျူးလေးကို နောက်တွင်ကွယ်ကာ ရင်ဖွင့်လျက် တည့်မတ်စွာ ရပ်ရင်း သူ့ကို စိုက်ကြည့်ကာ စိန်ခေါ်လျက်ရှိသော ခွေးနက်ကြီး၏ မျက်လုံးစိမ်းစိမ်းများ။

ဘိုနီ အရာအားလုံးကို သဘောပေါက်သွားလေပြီ။ သူသည် ကိုယ်ကို ယို့ကာ နောက်ဆုတ်လိုက်လျက် ခွေးနက်ကြီးထံမှ မျက်လုံးလွှဲကာ သူ့မိတ်ဆွေ ရာဂျူးလေးကို ကြည့်လိုက်၏။ ရာဂျူးလေးမှာ ခွေးနက်ကြီးကို ကြည့်ရင်း သည်းထန်စွာ အော်နေရှာလေသည်။ ခွေးနက်ကြီးသည် ရာဂျူးကို တစ်ချက်သာ လှည့်ကြည့်ပြီး ဘိုနီအား အလစ်မပေးဘဲ ပြန်ကြည့်နေ၏။ ခွေးနက်ကြီး၏ မျက်လုံးများကား 'မင်း ဒီကလေးငယ်လေးကို ဘာလုပ်ချင်လို့လဲ၊ လာလေ ငါနဲ့ အရင်တွေ့မယ်' ဟု ပြောနေကြသည်ကို ဘိုနီ ခွေးချင်း နားလည်လိုက်လေသည်။ ခွေးကြီးသည် ရာဂျူးလေးကို ကိုက်ရန် မဟုတ်။ နားလည်မှုလွဲမှားစွာ ဘိုနီကို ကိုက်ရန် ခုန်ထွက်လာခြင်း ဖြစ်၏။ ခွေးကြီးသည် ရာဂျူးလေးကို ဘိုနီပြေးကိုက်သည်ဟု ထင်သွားပုံရ၏။ ဘိုနီ ကျေနပ်စွာ လှည့်ထွက်ခဲ့လေသည်။

အိမ်ထဲမှ လူများ ထွက်လာကြလေပြီ။ ရာဂျူးလေးမှာ အကြောက်လွန်ကာ အော်ဟစ် ငိုယိုနေရှာဆဲ။ ခွေးနက်ကြီးကား ဘိုနီ ထွက်သွားရာ



www.burmeseclassic.com

www.burmeseclassic.com



ဘက် မျှော်ကြည့်နေဆဲ။

အရဏ်တက်လာခဲ့လေပြီ။

အချို့သော လူသားများ ချစ်ခင်စောင့်ရှောက်ရန် သတိမရကြ၍ ဘဝကို ရုန်းကန်နေရရှာသော လူသားကလေးငယ်တစ်ဦးကို ချစ်ခင်စိတ်ဖြင့် စောင့်ရှောက်ခဲ့ကြသော ခွေးကြီးနှစ်ကောင်၏ နားလည်မှု လွဲမှားခဲ့ပုံကို နံနက်ခင်းတစ်ခုက တိုးတိုးသာသာ ပြောပြ၍သာ နေလေတော့သတည်း။

နံနက်ခင်းဂျာနယ်၊ နိုဝင်ဘာလ၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

# လူသွားလမ်း

ရာသီဥတုသည် ပူပြင်းလှ၏။ သစ်ပင်ငယ်များ ချုံဖုတ်များသာ ကျိုးတိုးကျဲတဲ ပေါက်နေသော လွင်ပြင်ကြီးမှာ ဘယ်အရပ်မျက်နှာသို့ ကြည့်ကြည့် တံလျှပ်ရောင် တပြောင်ပြောင်နှင့်သာ မျက်စိတဆုံးရှိ၏။ ဤကြားထဲ ဟိုနားသည်နားတွင် လေပွေများ ထ ထသောင်းကျန်းသဖြင့် လွင်ပြင်ကြီးမှာ ဖုန်တထောင်းထောင်း ထနေလိုက်သေးသည်။ နေသည် ရေတစ်ခွက်ကို ခဏချင်းအတွင်း ရေနွေးဖြစ်သွားနိုင်လောက်သော စွမ်းအားနှင့် အစွမ်းပြကာ ပူပြင်းနေ၏။ မျက်စိတဆုံး ဖြောင့်တန်းစွာ ရှိနေသော ဟိုင်းဝေးကားလမ်းမကြီးမှာ လွင်ပြင်ကြီးကို နယ်နိမိတ်ပိုင်းထားသည့်အလား ပူပူလောင်လောင် လဲလျောင်းနေလိုက်သေးသည်။ လမ်းမကြီးပေါ်တွင်လည်း တရိန်ရိန် တံလျှပ်များနှင့် ဖုန်မှုန့်သဲမှုန့်များမှာ ပြည့်နေ၏။ 'လာလများ' သည် သူ လျှောက်လာပြီးခဲ့သော လမ်းမပူပူကြီးကို စိတ်ပျက်လက်ပျက် ထိုင်ကြည့်နေ၏။ သူသည် ကားလမ်းဘေး ပေါက်နေသော အကိုင်းအခက် ကျိုးတိုးကျဲတဲသာရှိသည့် သစ်ပင်တစ်ပင်အောက်၌ ကတ်ကတ်သတ်သတ် အရိပ်ခိုကာ မြေကြီးပေါ် ငုတ်တုတ်ထိုင်နေခြင်း ဖြစ်လေသည်။

ထိုင်နေသော မြေကြီးမှာ ခဲများ အဖုအထစ်များနှင့်ဖြစ်၍ ထိုင်ရသည်မှာ သက်သောင့်သက်သာ မရှိ။ သစ်ပင် ပင်စည်ကို ကျောနှင့်မှီထားရသည်ကလည်း အဆင်မပြေလှ။ ပင်စည်မှ ထွက်နေသော ဖုတစ်ခုက သူ့ ကျောကို သက်သက်သာသာမရှိအောင် လုပ်နေ၏။ ဤကြားထဲ မြေကြီးကရော သစ်ပင်ကပါ ပူပူလောင်လောင်ကြီး ဖြစ်နေသေးသည်။ ကျိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



ကျဲတဲ အကိုင်းအခက်များကြားမှ အတင်းကျော်လွှားကာ ထိုးကျလာသော နေပြောက်ကြီးတစ်ခုက လာလများ မျက်နှာအား အပူတိုက်နေ၏။ ထို့ကြောင့် လာလများသည် မျက်နှာအပူတိုက် မခံရစေရန် ခေါင်းကို စောင်းထားရ သေးသည်။ ခေါင်းကို စောင်းထားရသဖြင့် သူ မြင်နေရသည်မှာ သူ လာခဲ့သော ဟိုင်းဝေးလမ်းမပူပူကြီးသာ ရှိတော့၏။ ဖြတ်သွားဖြတ်လာ ဘယ်သူမှမရှိသော လမ်းမကြီးကို ဒီအတိုင်း ထိုင်ကြည့်နေရသည်မှာ ပျင်းစရာ ကောင်းလှ၏။ မွန်းလွဲပြီးစ ပူပူလောင်လောင် နေရောင်အောက်၌ ဤနေရာ သည် နေ့တိုင်း ဤသို့ ခြောက်ခြောက်ကပ်ကပ်နှင့် ပျင်းစရာကောင်းနေ လိမ့်မည်ဟု လာလများ တွေးနေ၏။ ကျယ်ပြောလှသော ဤအိန္ဒိယတိုင်း ပြည်ကြီး တစ်ခုလုံးမှ ဖုန်းဆိုးမြေရိုင်း နေရာအားလုံးသည် ဤရာသီ ဤ အချိန်မျိုး၌ ဤသို့ပင်လျှင် ပျင်းစရာကောင်းနေလိမ့်မလားဟု လာလများ ဆက်တွေးနေလေသည်။

နေပြောက်ကြီးသည် လာလများ မျက်နှာအား အတင်းလိုက်ထိုး ၏။ စောင်း၍ ငုံ့၍ မလွတ်ချင်တော့။ ရှည်မျော့မျော့ မွဲခြောက်ခြောက် လာလများ မျက်နှာမှာ သုန်မှုန်နေ၏။ အပူဒဏ်ကြောင့် နဖူးမှ စီးကျလာ သော ချွေးပေါက်များမှာ လာလများ၏ နှာခေါင်းကောက်ကောက်ကြီး အပေါ်မှ လည်းကောင်း၊ ဘေးတစ်ဖက်တစ်ချက်မှ လည်းကောင်း ဖြတ် သန်း စီးဆင်းသွားကြပြီးနောက် ဖုန်တင်၍နေသော နှုတ်ခမ်းမွေးဖုတ်ဖုတ်ထဲ သို့ စီးဝင် ပုန်းကွယ်သွားကြ၏။ စိတ်ရှုပ်ရှုပ်နှင့် ခေါင်းတွင် ပေါင်း၍ထား သော ဝါညစ်ညစ်တဘက်ကို ဖြုတ်ကာ လာလများ မျက်နှာကို သုတ်၏။ ထို့နောက် နေပြောက်ကြီးဒဏ်မှ လွတ်ရန် အနည်းငယ် နေရာရွှေ့ထိုင်လေ သည်။ ထိုအခါ သူ့မျက်စိရှေ့ မြင်ကွင်းမှာ ပြောင်းသွား၏။ လမ်းမကြီး ကို မမြင်ရတော့။ သူ မြင်ရသည်မှာ အရိပ်မရတရ ဖုန်းဆိုးမြေကြီးပေါ် တွင် ခြေများလက်များ ကွေးကာ ဝပ်၍ ပါးစပ်တလှုပ်လှုပ်နှင့် စားမြုံ့ ပြန်နေပုံရသော သူ့ကုလားအုတ်ကြီးသာ ဖြစ်လေသည်။ ကုလားအုတ်ကြီး မှာ ပါးစပ်ကြီး တလှုပ်လှုပ်နှင့် သူ့အား လှမ်းကြည့်နေ၏။ မျက်နှာပေး ကား လာလများကြီးနှယ် နေပူတာပဲ ဆန်းသလားဟုဟု မေးနေသယောင် ယောင်။



www.burmeseclassic.com

www.burmeseclassic.com



ဝပ်၍နေသော သူ့ကုလားအုတ်ကြီးကို တွေ့မှ လာလများသည် သူ့လက်ရှိ အခြေအနေကို သူ ပြန်သတိရလာ၏။

လာလများသည် ကြွယ်ဝသော သူ့အရှင်သခင်ထံ၌ နှစ်ပေါင်းများစွာ အလုပ်လုပ်ပေးခဲ့သူ ဖြစ်၏။ စာမတတ်သော်လည်း ကျိုးကျိုးနွံနွံ ရှိသဖြင့် သူ့သခင်သည် လာလများအား လက်စွဲထားလေသည်။ ခရီးသွားတိုင်း တောက်တိုမယ်ရအဖြစ် ခေါ်သွားတတ်၏။ အခကြေးငွေ တစ်စုံတစ်ရာ မရသော်ငြား လာလများမှာ စားချိန်တန် စားရကာ မကြောင့်မကြ နေခဲ့ရ၏။ အခါအားလျော်စွာ သူ့သခင် ပေးကမ်းစွန့်ကြဲသော အဝတ်အစား အသုံးအဆောင်ကလေးများပင် ရတတ်သေးသည်။ ဤသို့ဖြင့် သူ့ရွာ သူ ပြန်မရောက်ဖြစ်တော့ဘဲ သခင့်ထံတွင်သာ နှစ်ပေါင်းများစွာ နေဖြစ်ခဲ့လေသည်။

BURMESE CLASSIC

ယခုတော့ အသက်အရွယ် ထောက်လာခဲ့ပြီဖြစ်၍ လာလများ ရွာပြန်ခဲ့လေသည်။ ခဏပြန်ခြင်းမဟုတ်။ အပြီးပြန်လာခဲ့ခြင်း ဖြစ်၏။ သူ့သခင်မိသားစုမှာ စိတ်မကောင်း။ လာလများကို ရွာမပြန်တော့ဘဲ သူတို့နှင့်အတူသာ သေတပန်သက်တဆုံး နေသွားစေလိုကြ၏။ လာလများအတွေးကား ထိုသို့မဟုတ်။ ဆွေမျိုးညာတိ တစ်ယောက်မှ မရှိကြတော့သော်လည်း သူ့ရွာတွင်သာ သူ ပြန်ခေါင်းချလို၏။ သူ ယူဆသည်မှာ လူတစ်ဦးသည် သူ မွေးဖွားလာသော နေရာတွင်သာ ပြန်လည်သေဆုံးသွားသင့်သည် ဟူ၍ ဖြစ်၏။ နောက်ဆုံးတော့ သခင်မိသားစုသည် လာလများကြီး ဆန္ဒအား လိုက်လျောကြရလေသည်။ လာလများကြီးအား ရွာပြန်ခွင့် ပြုလိုက်ကြ၏။ ပြန်ခွင့်ပြုလိုက်ကြရုံမက အဝတ်အစား အသုံးအဆောင် အသစ်များ၊ တစ်ပတ်ရစ်များကို အိတ်ကြီးတစ်လုံးတွင် ထည့်ကာ ပေးလိုက်ကြ၏။ ထို့ပြင် လမ်းတွင် စားသောက်သုံးစွဲသွားရန် ရိက္ခာနှင့် ငွေစကြေးစများကိုလည်း ပေးလိုက်ကြသေး၏။ ထိုအခါ လာလများကြီးအတွက် ထို ပစ္စည်းပစ္စယများကို သယ်ပိုးယူဆောင်သွားရန် အခက်အခဲ ရှိလာ၏။ လာလများကြီး၏ ဇာတိရွာမှာ သခင့်အိမ်နှင့် မဝေးလွန်းလှသော်လည်း နီးတော့ မနီးလှချေ။ သခင်နှင့် သူ့မိသားစုသည် လာလများကြီးအပေါ်တွင် ရက်ရောကြလေ၏။ လာလများကြီး ရွာအပြန်တွင် ပစ္စည်းများ တင်ဆောင်သွားနိုင်ရန် သူ



www.burmeseclassic.com

www.burmeseclassic.com



တို့ ပိုင်ဆိုင်သည့် မြောက်မြားလှစွာသော ကုလားအုတ်များအနက်မှ ကိုယ့်ခြံပေါက် ကုလားအုတ်ကြီးတစ်ကောင်ကိုပါ လက်ဆောင်ပေးလိုက်ကြလေတော့၏။ လာလမျှားသည် ဝမ်းသာဝမ်းနည်း မျက်ရည်လည်ရွဲဖြင့် သခင်မိသားစုကို နှုတ်ဆက်ကာ ကုလားအုတ်ကြီး ဆွဲ၍ ရွာပြန်ခဲ့လေသည်။

ပတ်ဝန်းကျင်သည် ပူလောင် ခြောက်သွေ့စွာ တိတ်ဆိတ်နေလေသည်။ လာလမျှားသည် ဝပ်၍နေသော သူ့ကုလားအုတ်ကြီးကို ကြည့်ရင်း သူ ဖြတ်သန်းခဲ့သော သူ့ဘဝအကြောင်း တွေးကာ နေ၏။ ကုလားအုတ်ကြီးမှာလည်း သူ့အား ပြန်ကြည့်နေလေသည်။

သခင့်အိမ်မှ ထွက်စကတော့ လာလမျှားကြီးသည် လွန်စွာ မြောက်ကြွမြောက်ကြွနှင့် ဖြစ်၏။ သူသည် အောက်တန်းနောက်တန်းကျစွာ နုံချာလှသော လာလမျှား မဟုတ်။ အသုံးအဆောင်များနှင့်အတူ ကုလားအုတ်တစ်ကောင်ပင် ပိုင်သော လာလမျှား ဖြစ်ချေပြီ။ ရွာအပြန်ကား မျက်နှာပန်းလှ လှတော့၏။ ကုလားအုတ်ကြီးဆွဲကာ ရင်ကော့၍ ရွာထဲဝင်လာသော လာလမျှားကြီးကို မြင်လျှင် ရွာသူရွာသားများသည် ဝမ်းသာအားရထွက်၍ ကြိုကြပေလိမ့်မည်။ သူနှင့် သူ့ကုလားအုတ်ကြီးအတွက် နေစရာအိမ်အား ရွာသားများက ဝိုင်း၍ ဆောက်ပေးကြလိမ့်မည်။ သခင်ပေးလိုက်သော အသုံးအဆောင်ပစ္စည်းများကြောင့် သူ ရွာတွင် လူစေ့တန်းစေ့ နေနိုင်ပေလိမ့်မည်။ သခင့်အိမ်မှ ရွာသို့ပြန်စတွင် လာလမျှား စိတ်ကူးများကား အားတက်သရော ရှိလှတော့၏။ ထိုသို့အားဖြင့် လာလမျှား ခရီးစခဲ့လေသည်။

ကုလားအုတ်ကြီးကား လိမ္မာလှ၏။ လာလမျှား ကြိုးနှင့်ဆွဲခေါ်စရာပင် မလို။ လာလမျှား ရှေ့ကသွားလျှင် သူက နောက်က လိုက်၏။ လာလမျှား ထိုင်လျှင် လိုက်ထိုင်၏။ လာလမျှား ညအိပ်လျှင် သူလည်း သူ ဆိုင်ရာနေရာတွင် အိပ်၏။ လာလမျှား ကျွေးသမျှ အားရပါးရ စား၏။ နေ့ခင်းနေ့လယ် အရိပ်ကောင်းသော နားစရာနေရာများသို့ ရောက်လျှင် လာလမျှားအား ခရီးမဆက်ခိုင်းဘဲ နားစေ၏။ လာလမျှားသည် ဟန်ကျပန်ကျ ခရီးသွားရလေ၏။ ထိုသို့ တစ်မြို့ဝင် တစ်ရွာထွက်ဖြင့် လာလမျှားနှင့် ကုလားအုတ်သည် ခရီးဆက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစပိုင်းရက်များမှာတော့ လာလများသည် လည်းကောင်း၊ ကုလားအုတ်သည် လည်းကောင်း တစ်ဦးကို တစ်ဦး ပြုံးရွှင်ခြင်းမရှိကြဘဲ တရွေ့ရွေ့ ခရီးနှင်ကြ၏။ သို့သော် ရက်ကြာလာသည်နှင့်အမျှ ကုလားအုတ်သည် လာလများကို မပြုံးရွှ မပြုံးပြင်သော်လည်း လာလများမှာမူ ကုလားအုတ်ကြီးအား ပြုံးပြင်လာလေသည်။ အကြောင်းကား အခြား မဟုတ်။ ကုလားအုတ်ကြီးသည် ကုလားအုတ်အလျောက် အာဟာရလိုအပ်သောကိစ္စကို လာလများရော သူ့သခင်ပါ ထည့်သွင်းမစဉ်းစားမိခဲ့သောကိစ္စ ဖြစ်လေတော့၏။

လာလများသခင်သည် ကွယ်ဝသူ ဖြစ်သည်နှင့်အညီ ကုလားအုတ်တစ်ကောင်၏ အစာအာဟာရကိစ္စလောက်ကို ထည့်သွင်း စဉ်းစားသည် မဟုတ်။ ကုလားအုတ်အကောင်ပေါင်း မြောက်မြားစွာ မွေးထားနိုင်သည်နှင့်အမျှ ကုလားအုတ်အစာဖိုးမှာ သူ့အတွက် အပယ်ကသာ ဖြစ်၏။ ကုလားအုတ်များ အားလုံး၏ အစာဖိုးသည် သူ့ကလေးတစ်ယောက်၏ နေ့စဉ်ကုန်ကျစရိတ်လောက်မျှ မရှိ။ ထို့ကြောင့် ကုလားအုတ်တစ်ကောင်အား လာလများသို့ အပိုင်ပေးလိုက်ခြင်းသည် သူ့အတွက် ရက်ရောလှစွာသော အလှူအတန်းတစ်ခုသာ ဖြစ်သည်ဟု ယူဆ၏။

ကုလားအုတ်တစ်ကောင်ကို လက်ခံရရှိလိုက်သော လာလများမှာလည်း ကုလားအုတ်တစ်ကောင်၏ နေ့စဉ် ဗာဟီရ ကရိကထများကို သူ အားလုံး တာဝန်ယူရတော့မည် ဖြစ်ကြောင်း တွေးတော စဉ်းစားခဲ့ခြင်း လုံးလုံးမရှိ။ နှစ်ပေါင်းများစွာအတွင်း သခင်၏ ကုလားအုတ်ပေါင်းများစွာကို စောင့်ရှောက်ထိန်းသိမ်းခဲ့ရသော ကာလများ၌ ကုလားအုတ်အစာ၊ ကုလားအုတ်ဆေးဝါး၊ ကုလားအုတ် အရောင်းအဝယ်၊ အသေအပျောက်၊ အမွေးအဖွား ကိစ္စများအားလုံးတွင် သူ ပူပန်စရာ မလိုခဲ့။ လိုအပ်သမျှ အားလုံးကို သခင်က ဖြည့်ဆည်းပေးထားနှင့်ပြီးသား ဖြစ်၏။ သူ၏တာဝန်မှာ ကုလားအုတ်များကို စောင့်ရှောက်ထိန်းသိမ်း ကျွေးမွေးရုံမျှသာ ဖြစ်၏။ ထို့ကြောင့် လာလများသည် မိမိလို လူစားတစ်ယောက်အဖို့ ကုလားအုတ်တစ်ကောင်ကို လက်ဝယ်ပိုင်ပိုင် ရရှိခြင်းသည် ချမ်းသာသည့် တစ်ခု၊ လာဘ်လာဘပွင့်လန်းသော အခါကောင်း အခွင့်ကောင်းတစ်ခုဟုသာ မြင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ထိုသို့ဖြစ်ကြလေရာ သခင်မှာလည်း ကုလားအုတ်ကြီး တစ်ကောင်လုံးလုံးကို စွန့်ကြဲပေးကမ်းလိုက်ရချေသည်ဟု မုဒိတာပွားကာ ကျန်ရစ်ခဲ့သလို လာလများမှာလည်း ကုလားအုတ် တစ်ကောင်လုံးကို လက်ခံရရှိလေခြင်း ဟူ၍သာ ဝမ်းသာအားရဖြစ်လျက် အခြားသော ကုလားအုတ်တစ်ကောင်နှင့် ပတ်သက်သမျှကို ထည့်သွင်းစဉ်းစားခြင်း မရှိဘဲ ယူချလာသဖြင့် ခရီးထွက်၍ ရက်ကြာလာလေသော် ကိစ္စများလေတော့၏။

သခင်က လာလများ၏ ခရီးစဉ်တစ်လျှောက် လာလများ စားသောက်သောက်လောက်ရုံ စားရေရိက္ခာနှင့် ငွေစကြေးစလောက်သာ အလေးထား ထောက်ပံ့လိုက်ခြင်း ဖြစ်၏။ ကုလားအုတ်အတွက် စရိတ် မပါ။ ကုလားအုတ်အတွက် ထည့်မစဉ်းစားပေးလိုက်။ လာလများကြီးမှာလည်း သူ့ကိုယ်သူအတွက်သာ စဉ်းစား စီစဉ်ထားလေရကား သူ့သခင် သူ့အတွက် ပေးလိုက်သော စရိတ်မှာ ပိုတောင် ပိုလျှံနေလေစွတကားဟု မှတ်ယူလျက် ကျေနပ်စွာ ခရီးထွက်လာခဲ့၏။ သို့သော် ကုလားအုတ်ကြီးသည် အရုပ်ကြီး တစ်ရုပ် မဟုတ်လေရကား လမ်းခရီးတစ်လျှောက် လာလများခမျာ ကိစ္စများရှာလေတော့၏။

ကုလားအုတ်နှင့်အတူတကွ ခရီးထွက်ကြပြီးနောက် သခင်ပေးလိုက်သော လမ်းစရိတ်မှာ သုံးရက်အတွင်း ပြောင်ကာ သွားလေ၏။ ဤတွင် ကုလားအုတ်ကြီးမှာ ခပ်တည်တည် ခရီးဆက်သွားနိုင်ရန် အဆင်သင့်ရှိသော်ငြား လာလများကြီးမှာ ဗျာများတော့၏။ သို့သော် ကိစ္စမရှိသေး။ ပါလာသော ရိက္ခာများနှင့် တစ်ရက် နှစ်ရက် ရွေ့ဆက်ကြည့်၏။ ကုလားအုတ်ကြီးမှာ သွားစရာရှိသော ခရီးကို အေးအေးဆေးဆေး သွားနိုင်သော်ငြား ရိက္ခာများကုန်သော် လာလများကြီးအပေါ် အတော် ဝန်ပိလာလေတော့၏။

သခင် စွန့်ကြဲလိုက်လေသော ပစ္စည်းပစ္စယများကို ရသမျှနှင့် ထုခွဲရောင်းချရင်း လာလများနှင့် ကုလားအုတ် ခရီးဆက်ကြ၏။ ပါသမျှကုန်ခါနီးစ ပြုလေသော် လာလများ စိတ်ပူစ ပြုလာလေတော့၏။ သူ ရှေ့လာသော ကုလားအုတ်ကြီးကို ဂြိုဟ်ကောင်ကြီးများလားဟု မြင်စပြုလာ၏။ မနက် တစ်ရက် မိုးလင်း၍ ကုလားအုတ်ကြီးနှင့် သူ မျက်နှာချင်းသွားဆိုင်မိတိုင်း လာလများကြီး ရင်တုန်ရှာ၏။ အထူးသဖြင့် ပလှုပ်လှုပ် ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေသော ကုလားအုတ်ပါးစပ်ကြီးကို မြင်တိုင်း ဆောက်တည်ရာမရ ဖြစ်၏။ ဒီအကောင်ကြီးနဲ့ အတူတူ ငါ့ရွာ ပြန်မှရောက်ပါ့မလား ဟုပင် တွေးမိလာ၏။ ခရီးသွားရသည်မှာလည်း ဖင့်နွေးလှ၏။ လမ်းခရီးတစ်လျှောက် တစ်ယောက်မှ ကားကြုံခေါ်လျှင်ပင် ကုလားအုတ်ကြီးကို ဘယ့်နှယ် လုပ်ရမည်မှန်းမသိသဖြင့် မလိုက်နိုင်။ တစ်ရက်တွင်တော့ ညအိပ်နေရင်း အကြံရ၏။ အခြားမဟုတ်။ ဤကုလားအုတ်ကြီးကို ရောင်းစားလိုက်မှ အေးမှာဟူသော အကြံ ဖြစ်လေသည်။

ထိုသို့ဖြင့် မြို့တစ်မြို့ရောက်လေသော် လာလများသည် ကုလားအုတ်ကြီးအား လိုက်ရောင်းလေတော့၏။ ကုသိုလ်ကံဆိုးလှသော လာလများတည်း။

ထိုက်တန်သော ဈေးထက် လျှော့၍ ရောင်းသည် ဖြစ်လေရာ ကုလားအုတ်ကို ရောင်းထုတ်၍ ရလေ၏။ သို့သော် အရောင်းအဝယ် ဖြစ်ပြီးကာမှ ကုလားအုတ်သည် သခင်အသစ် ခေါ်သွားမည်ကို လက်မခံ။ ရုန်းကန်ကာ လာလများနောက်သို့သာ အတင်းလိုက်၏။ လာလများကြီးမှာ ပုန်းလျှိုးကွယ်လျှိုးနှင့် ကုလားအုတ်လက်မှ လွတ်ရန် ကြံကာ ပြေး၏။ သို့သော် ကုလားအုတ်က လာလများကို မျက်ခြေမပြတ်။ အကောင်ကလည်း ကြီးသည် ဖြစ်ရာ သခင်အသစ်ကို အသာပင် ကန်ကျောက်ထားခဲ့လျက် လာလများ နောက်သာ မဲလိုက်လေရာ နောက်ဆုံး သတ္တုကျသည်ကား လာလများကြီးခမျာ ရောင်းရငွေများကို အောင့်သီးအောင့်သက်နှင့် ပြန်ပေးလိုက်ရသည်သာ အဖတ်တင်လေ၏။ မည်မျှ လိမ္မာလှလေသော ကုလားအုတ်တည်း။ သခင်ဟောင်းမှာလျှင် မှာလိုက်သည့်အတိုင်း သခင်သစ် တစ်ယောက်တည်းကိုသာ သစ္စာရှိရန် သန္နိဋ္ဌာန်ချထားပုံ ရတော့၏။ ဤသို့ဖြင့် ကုလားအုတ်ကြီးကို မည်သို့မျှ ရောင်းမရဘဲ လာလများထံတွင်သာ သောင်တင်၍ နေလေ၏။ ပါသမျှလည်း ကုန်လေပြီ။ လာလများနှင့် ကုလားအုတ်သာ ကျန်တော့၏။ တစ်ရက်တွင်တော့ လာလများကြီးသည် သူ မတတ်နိုင်တော့သည့်အဆုံး ကုလားအုတ်ပေါ်တွင် ရက်စက်စွာ ကြံလေ၏။ ကုလားအုတ်အား သားသတ်သမားများထံတွင် ရောင်းရန် ကြံခြင်း ဖြစ်ပေတော့၏။ ရက်စက်လှသော လာလများတည်း။

**အိမ်သူရွှေမ စာပေ**

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကုလားအုတ်သည် လာလများကြီးထက်ပို၍ ကံကောင်း နေပုံရလေသည်။ မည်သည့်သားသတ်သမားမျှ ကုလားအုတ်အား မဝယ်။ တလည်လည် လိုက်ရောင်းနေလေသော လာလများကြီးအား အားလုံး မျက် ကွယ်ပြုလိုက်ကြပြီးနောက် ထိုမြို့မှ တစ်ယောက်သော လာလများနှင့် တစ်ကောင်သော ကုလားအုတ်တို့သည် ထွက်ခွာလာခဲ့ကြရလေတော့၏။

ဖြစ်ပျက်ခဲ့ပြီးသော အဖြစ်အပျက်များကို ပြန်၍ မြင်ယောင်ရင်း လာလများသည် ကုလားအုတ်ကြီးအား ငူငူကြီးကြည့်၍ နေလေ၏။ ကုလား အုတ်ကြီးမှာလည်း လာလများအား ပြန်ကြည့်နေလေသည်။ ကုလားအုတ် ကြီး၏ မျက်နှာပေးကား လာလများကြီးနှယ် တယ်ပျင်းသကိုးဟ၊ လာပါ ကွ ခရီးဆက်ရအောင်ဟု ပြောနေသယောင်ယောင်။ လာလများကြီး တွေး နေသည်ကား လူတစ်ယောက်သည် လိုအပ်သော အရည်အချင်းများ မပြည့် စုံမချင်း ကုလားအုတ်တစ်ကောင်ကို မပိုင်ဆိုင်သင့်ဟူသော အကြောင်း တည်း။

တစ်မနက်စောစောတွင်တော့ လာလများကြီး၏ သခင်သည် အိပ် ရာမှ စိတ်လက်ကြည်နူးစွာ နိုးထလာပြီးနောက် သူ၏ခြံဝင်းတံခါးကို ဖွင့် ကြည့်လိုက်မိသော ခဏ၌ အံ့သြစရာ မြင်ကွင်းတစ်ခုကို မြင်တွေ့ရလေ သည်။ ထိုမြင်ကွင်းကား အခြား မဟုတ်ချေ။

ဝင်းတံခါးရှေ့၌ အေးအေးလူလူ ဝပ်၍ ပါးစပ်တလှုပ်လှုပ်နှင့် စားမြုံ့ပြန်နေပုံရသော ကုလားအုတ်ကြီး တစ်ကောင်နှင့် ထိုအကောင်ကြီး ကို မှီ၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ဖုန်အလူးလူးနှင့် စုတ်ပြတ် ညစ်ပတ်နေသည့် လာလများကြီးကိုသာ ဖြစ်တော့၏။

ကရုဏာသက်စွာဖြင့် သခင်မှ နှိုးသည်ရှိသော် လာလများ နိုးလေ သည်။

နိုးသည့်ခဏ၌ လာလများသည် သခင်အား အဆက်မပြတ် ငို ယိုရှိခိုး တောင်းပန်သည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့အား ပြန်လည်လက်ခံ နေထိုင်ခွင့်ပြုပါရန် အကြောင်းနှင့် ဤကုလားအုတ်ကြီးအား သခင်ပြန်လည် လက်ခံယူပေးပါရန် အကြောင်းများသာ ဖြစ်လေတော့၏။

လာလများ၏အဖြစ်ကား လောက၌ ပစ္စည်းအဖိုးတန်မှု တစ်ခုသာ မြင်၍ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်စရိတ်ကို မမြင်ကြလေကုန်သော၊ ပိုင်ဆိုင်လိုမှုတစ်ခုတည်းကိုသာ အလေးထားတတ်သည့် လူတိုင်းအတွက် သံဝေဂယူစရာ ဖြစ်လေတော့သတည်း။ ကုလားအုတ်ကြီးကား တလှုပ်လှုပ်နှင့် စားမြုံ့ပြန်နေပုံရကာ ပြုံးစိစိ ကြည့်နေသလိုလို။



www.burmeseclassic.com

www.burmeseclassic.com

# မုန်တိုင်းခို

ကျွန်ုပ်သည် ခိုတစ်ကောင် ဖြစ်၏။ ခို ဟုဆိုငြား သာမညောင်ညတိရစ္ဆာန်တစ်ကောင်ကား မဟုတ်ချေ။ ကျွန်ုပ်သည် မြို့လယ်ခေါင်တွင် တိုက်နှင့်တာနှင့် နေသော မြို့ကြီးသား ခိုစစ်စစ် ဖြစ်၏။ ကျွန်ုပ်သာမက ကျွန်ုပ်၏မယား ခိုမများမှာလည်း မြို့ကြီးသူ စစ်စစ်များ ဖြစ်ကုန်၏။ ကျွန်ုပ်တို့သည် ကျောက်မြောင်းဟုခေါ်သော ရပ်ကွက်ကြီး တစ်ခုမှ တိုက်မြင့်ကြီးများ၏ ခေါင်မိုးများကြားတွင် ပေါက်ပွား ကြီးပြင်းခဲ့ကြ၍ ယခုသော် ခုနှစ်ထပ်တိုက်ကြီး တစ်ခု၏ အမိုးမျက်နှာကြက်ကြားတွင် ပျော်ရွှင်စွာ နေထိုင်လျက် ရှိကြကုန်၏။ ကျွန်ုပ်နှင့် ကျွန်ုပ်မယားများ နေကြသော မျက်နှာကြက်ခေါင်မိုးကြီးသည် နှစ်ဆယ့်ငါးပေမျှ ကျယ်၍ ပေငါးဆယ်မျှ ရှည်လျားလှသည် ဖြစ်ရာ ကျွန်ုပ်တို့ တစ်သိုက်မှာ အချိန်ရှိသရွေ့ လွတ်လပ် ကျယ်ဝန်း ပျော်ရွှင်စွာ 'ကရု ကရု' လုပ်လျက် နေခဲ့ကြရ၏။ အစား အသောက် အတွက်မှာလည်း မပူရချေ။ အိမ်ခန်း အိမ်ခန်းများမှ ဆွမ်းတော်ခွန်ပြီးလျှင် လမ်းပေါ်ကြဲချကျွေးမွေးသော ဆန်စေ့များ၊ ထမင်းများမှာ အလျှံပယ်ဖြစ်၍ ကျွန်ုပ်နှင့် ကျွန်ုပ်၏ မယားများတစ်သိုက်မှာ မပူမပင် ရှိခဲ့ကြကုန်၏။

သို့သော် ...

မုန်တိုင်းကြီး ကျပြီးသည်မှစ၍ ကျွန်ုပ်တို့ အခြေအနေမှာ အတန်ပင် ပြောင်းလဲခဲ့လေသည်။

မုန်တိုင်းကျသည့်ညက ကျွန်ုပ်နှင့် ကျွန်ုပ်၏ခိုမများမှာ လုံခြုံစွာ



www.burmeseclassic.com

www.burmeseclassic.com



ရှိကြလေသည်။ ကျွန်ုပ်တို့ ဝင်ရောက်နေထိုင်သော အမိုးကြီးမှာ ခိုင်လှသည်ဖြစ်ရာ အနည်းငယ်မျှသော မိုးရေပေါက်ပင် ကျွန်ုပ်တို့ မစိုခဲ့ကြချေ။ မုန်တိုင်းကြီးပြီးသော မနက် ကျွန်ုပ် အပြင်ထွက်၍ ဟိုသည် ပျံသန်းစပ်စုခဲ့သော် နေရာတကာတွင် သစ်ပင်များ လဲကျနေသည်ကိုသာ အမှုမဲ့ အမှတ်မဲ့ သတိပြုမိခဲ့၏။

သို့ရာတွင် ထိုသို့ သစ်ပင်များ လဲကျကုန်ခြင်းသည် ကျွန်ုပ်နှင့် ကျွန်ုပ်ခိုများ နေထိုင်ရာ မျက်နှာကြက်ဂေဟာကြီးကို တစ်စုံတစ်ရာ အကျိုးသက်ရောက် လာနိုင်သည်ကို ထိုစဉ်က ကျွန်ုပ် မစဉ်းစားမိခဲ့ချေ။

မုန်တိုင်းကြီးကျပြီး သုံးလေးရက်အကြာတွင် ဘယ်က ဘယ်လို လာကြမှန်း မသိသော အနုပ်စုတ်ကုပ်စုတ် ကျီးကန်းတေလေ လေးငါးကောင်သည် ကျွန်ုပ်တို့ အမိုးကြီးကြားသို့ ဖရိုဖရဲ ရောက်လာကြကုန်၏။ အနီကျီးငှက်တို့ တောင်းပန်ချက်အရ ကျွန်ုပ်လည်း သနားလှသဖြင့် သင်းတို့ကို ကျွန်ုပ်၏ အမိုးကြီး ထောင့်တစ်နေရာတွင် နေရာပေးခဲ့မိ၏။ မျက်နှာကြက်ကြီးမှာ ကျယ်လှသည်ဖြစ်ရာ ကျီးကန်းလေးငါးကောင် ပိုလာ ရုံမျှနှင့် ကျွန်ုပ်တို့အတွက် ကိစ္စမရှိလှချေ။ သို့သော် အနီ ကျီးကန်းတို့ကား ရောက်စတွင် ငြိမ်နေသော်လည်း တစ်ပတ်ဆယ်ရက်ကြာသော် ကျီးကန်းတို့ သဘာဝ ပြဿနာကို ရှာဖွေခေါ်ကြလေတော့၏။

ပထမ ကျီးကန်းတစ်သိုက် ရောက်လာပြီး သုံးလေးရက်အကြာ အိပ်တန်းတက်ချိန်တွင် ၎င်းတို့ အရေအတွက်ကို ကျွန်ုပ် တွက်ချက်မိရာ သုံးလေးကောင် ပိုနေသည်ကို တွေ့ရ၏။ ကျီးကန်းဘာဝ အားလုံး မည်းတူးကာ ဆင်တူ ဖြစ်နေကြ၍ ဘယ်ကောင်က ထပ်တိုးလာသည်ကို ကျွန်ုပ် မခွဲတတ်ချေ။ ကျွန်ုပ် မေးကြည့်သော်လည်း သူတို့ချင်း အမျိုးတော်ကြသည်ဟု ဆိုကုန်၏။ ကျွန်ုပ် စိတ်ထဲ သိပ်မကြည်ချင်တော့။ ကျွန်ုပ်က သနားသဖြင့် နေရာပေးခဲ့သည်ကို သင်းတို့က ကူလီကူမာနှင့် ထပ်ခေါ် ထားကြ၏။ ပြဿနာသည် ထိုမျှနှင့်ပြီးသွားလျှင် တော်၏။ သို့သော် ကျီးကန်းတို့မှာ သူတို့ နေစရာ ရနေသည့် အကြောင်းကို သူတို့ မိတ်ဟောင်း ဆွေဟောင်း ငှက်သတ္တဝါအပေါင်းကြားတွင် ကြွားကြသည် ဖြစ်ရာ နှစ်လ သုံးလကြာသော် ကျွန်ုပ်၏ ဂေဟာ မျက်နှာကြက်ကြီးကြားတွင် စာကလေး

www.burmeseclassic.com



များသည် လည်းကောင်း၊ ဆက်ရက်များသည် လည်းကောင်း၊ ပျံလွှားများ၊ ချိုးများသည် လည်းကောင်း၊ အခြား ကျွန်ုပ်ကိုယ်တိုင် ငှက်ဖြစ်ရဲ့သားနှင့် ဘာငှက်တွေမှန်းပင် မသိနိုင်သော ငှက်များသည် လည်းကောင်း အလျှိုလျှို ရောက်လာကြကာ ဟိုနေရာ သည်နေရာတွင် အသိုက်များဖွဲ့ကာ နေထိုင်ကြလေကုန်တော့၏။ ထိုမျှသာမက ကျွန်ုပ်၏ ဂေဟာမျက်နှာကြက်ကြီးကို ဟိုတယ်အမှတ်နှင့် ညအိပ်တန်းတက်ရုံသာ လာ လာအိပ်တတ်သော ဗျိုင်းနှစ်ကောင်နှင့် ငှက်ကြီးဝန်ပိုလို ခြေတံရှည်ရှည် ငှက်ပျင်းကြီး တစ်ကောင်လည်း ရှိသေး၏။ နောက်ဆုံး ရောက်လာကြသည့်အထဲတွင် ကြက်တူရွေးများပါ ပါလာကြကုန်၏။ သင်းတို့အားလုံးမှာ မုန်တိုင်းကြီးကြောင့် သစ်ပင်များ လဲပြိုကျကုန်သဖြင့် နေစရာမရှိဖြစ်ကာ ရောက်လာကြရာကုန်သည်ဖြစ်၍ ကျွန်ုပ်မှာ သနားတတ်သော ခိုတစ်ကောင်လည်း ဖြစ်လေသောကြောင့် အကြောင်းကြောင်းကို ထောက်ကာ ခိုလှုံနေထိုင်ခွင့် ပေးခဲ့ရလေတော့၏။

ဤသို့အားဖြင့် တစ်ချိန်က ကျွန်ုပ်နှင့် ကျွန်ုပ်ခိုမများသာ လွတ်လွတ်လပ်လပ် ‘ကရု ကရု’ ခဲ့ကြသော မျက်နှာကြက်ကြားဝယ် ငှက်ငယ်ငှက်ကြီး အပေါင်း၏ အသံများနှင့် ဆူလျက်သာ ရှိလေကုန်၏။ ကျွန်ုပ်မှာလည်း ခိုသာဖြစ်၍ အကျဉ်းအကျပ်တွင် ညည်းနေရုံသာ တတ်နိုင်၏။ သင်းတို့ကို နှင်လွှတ်လျှင်လည်း သွားကြမည် မဟုတ်ချေ။ သွားနေစရာ အပင်တွေကလည်း လဲကုန်ပြီဖြစ်၏။ အသစ်စိုက်သော အပင်တို့မှာလည်း ငှက်နေလောက်အောင် ကြီးလာဖို့ တော်တော် စောင့်ရပေဦးမည်။ အပင်ဆိုတာက အခုစိုက်၍ အခု ပွတ်ခနဲ ထ ကြီးသည် မဟုတ်။ ကျွန်ုပ်ဒုက္ခကို မိတ်ဆွေ ခိုတစ်ကောင်အား ပြောပြရာ သူနေသော အမိုးကြားတွင်လည်း အလားတူပင် ရှိကြသည်ဟု ပြန်ညည်း၏။ မတတ်နိုင်။ ဤအတိုင်းသာ ဆက်နေကြရန် ရှိ၏။

ကျွန်ုပ် တစ်ခု စဉ်းစားမိ၏။ ဤသို့ မျိုးမတူသောငှက်များ အတူတူနေကြလျှင် ကြာသော် ငှက်ထူးငှက်ဆန်းများပင် ပေါက်လာနိုင်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့နှင့် အတူနေသော ဆက်ရက်မို တစ်ကောင်နှင့် ကြက်တူရွေးမလေးတစ်ကောင် ချိတ်တိတ်တိတ် ဖြစ်နေကြသည်



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်ုပ် သတိထားမိသောကြောင့်တည်း။ 'ဆက်ရက်တူရွေး' လေးတွေများ ပေါက်လာကြလေဦးမလား မသိ။

ဤမနက် အိပ်တန်းအထတွင် ကျွန်ုပ် လူတစ်ယောက်ကို သတိရ၏။ ထိုသူမှာ ကျွန်ုပ်နေသော တိုက်ကြီး၏ မျက်နှာချင်းဆိုင်တိုက် ခြောက်လွှာတွင် နေသောငနဲ ဖြစ်၏။ ထိုငနဲသည် မနက် မနက် နိုးလာလျှင် ဝရံတာတွင် ခုံပုတစ်လုံးချ၍ တစ်စုံတစ်ရာ ရေး ရေး နေတတ်သည်ကို ကျွန်ုပ် တွေ့၏။ ကျွန်ုပ် စိတ်ထင် ထိုပိန်ပိန်မဲမဲ ငနဲသည် စာရေးဆရာပင် ဖြစ်လောက်၏။ ကျွန်ုပ်သည် မြို့ခိုဖြစ်၍ လူကဲခတ် မညံ့ချေ။ ကျွန်ုပ်တို့ ရင်ဆိုင်နေရသော ပြဿနာကို လူတွေသည် တစ်စုံတစ်ရာ ကူညီနိုင်လောက်၏။ ထိုအကြံရသဖြင့် ဤမနက်တွင် ထိုပိန်ပိန်ငနဲအား ကျွန်ုပ်တို့ အကြောင်းကို ကျွန်ုပ် ပြောပြလိုက်၏။ ထိုငနဲသည် ရေးစရာ တစ်စုံတစ်ရာ ရသွားသဖြင့် မျက်နှာကြီး ဖြီးသွားကာ ကျွန်ုပ်အားရှေ့ထား၍ တကုန်းကုန်း ရေးနေလေသည်။ ကျွန်ုပ်လည်း ခိုပီပီ ညည်းပြစရာ လူသတ္တဝါတစ်ယောက် တိုးသဖြင့် ကျေနပ်လျက်သာ ရှိလေတော့သည်။

နံနက်ခင်းဂျာနယ်၊ ဩဂုတ်လ၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

## အရေးပေါ် အစည်းအဝေး

ယင်ကောင်တစ်ကောင် သုတ်သီးသုတ်ပျာနှင့် ရောက်လာအပြီးတွင် အစည်းအဝေး စလေသည်။

အခမ်းအနားမှူး အဖြစ် တာဝန်ကျသော ပုရွက်ဆိတ် ခေါင်းကြီးမှ ပဋိသန္ထာရစကားကို ခပ်တိုတို ဤသို့ဆိုကာ အစည်းအဝေးအား စလေ၏။

'ကိုင်း … အကောင်ပလောင် စုံရင် စပြောကြစို့ဗျာ'

ပုရွက်ဆိတ်ခေါင်းကြီးမှာ သူ့စကား ဘယ်အကောင်များ ဝင်ထောက်ခံမလဲဟု ခေတ္တ အကဲခတ်သော်လည်း ဘာသံမှ မကြားရ၍ ပြောချင်ရာ ဆက်ပြောလေသည်။

'ကျွန်တော်တို့ ဒီမှာ အစည်းအဝေးကို ကျွန်တော်တို့ ဘာကြောင့် စည်းဝေးကြသလဲဆို ကျွန်တော်တို့ အကောင်ပလောင်တွေနဲ့ ကျွန်တော်တို့ လူတွေကြားမှာ ကျွန်တော်တို့ချည်း တစ်ဖက်သတ် နှိမ်နင်းခံနေရတာနဲ့ ကျွန်တော်တို့ ပတ်သက်ပြီး ကျွန်တော်တို့ …'

'ဟာ လိုရင်းကို မရောက်တော့ဘူး'

'အေးလေ'

'ရှောက်စကားများတဲ့ ပုရွက်ဆိတ်ပါလား'

'ဟေ့ ရှင်းရှင်းပြောစမ်းကွ'

'တော်ကြ တော်ကြ၊ ဟိုကောင် လိုရင်း တိုတိုပြောစမ်း'

အခမ်းအနား သဘာပတိ ပိုးဟပ်ကြီးမှ ထပြောက်လိုက်ပြီးနောက် ပုရွက်ဆိတ်ခေါင်းကြီးမှာ အိုးတိုးအတနှင့် စကားကို ဆက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ကျွန်တော်တို့ ...'

'ပါလာပြန်ပြီ ဒီစကား'

'ဟော့ကောင် မင်းကို လိုရင်းပြောလို့ ပြောထားတယ်နော်'

'ဟုတ်ကဲ့ ဟုတ်ကဲ့ ဒီလိုပါ'

'အေး ပြော'

'အဟမ်း အဟမ်း ထွိန်'

ပုရွက်ဆိတ်ခေါင်းကြီးမှာ လည်ချောင်းတစ်ချက်ရှင်းကာ ဆက်၍ ပြောလေ၏။

'အခုက ကျွန်တော်တို့ စည်းဝေးရတာကတော့ လူတွေက ကျုပ်တို့ အင်းဆက်တွေအပေါ် မတရား အနိုင်ကျင့်နေတာကို ဘယ်လိုလုပ်ကြရင် ကောင်းမလဲလို့ တိုင်ပင်ကြဖို့ပါပဲ'

ပုရွက်ဆိတ်မှာ အရှိန်ကလေးရလာသဖြင့် သူ့ဟာသူ သဘောကျကာ ဆက်ပြောလေ၏။

'လူတွေဟာ နည်းနည်းမှ မတရားကြတော့ပါဘူး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူဝါဒကို တစ်ဖက်သတ် ဖောက်ဖျက်နေကြပါပြီ၊ သူတို့ဟာ အကောင်အထည်ကြီးပြီး အင်အားကြီးတာကို အသုံးချလို့ ကျုပ်တို့ အင်းဆက်တွေကို အမျိုးပြုတ်ကုန်အောင် လုပ်နေကြပါတယ်၊ အခုဆိုရင် ဓိဝလက်နက်တွေကို အသုံးပြုပြီးတော့တောင် ကျုပ်တို့ အင်းဆက်လောကကို အပြောင်ရှင်းဖို့အထိ ကြံဆောင်လာနေကြပါတယ်'

အနည်းငယ် မောသွားသဖြင့် ခေတ္တရပ်ကာ ဆက်ပြောပြန်၏။

'လူတွေဟာ နည်းနည်းမှ မတရားဘူး၊ တချို့လူတွေဟာ ကျုပ်တို့ ပုရွက်ဆိတ်တွေ စည်းရုံးကြတာ၊ အလုပ်လုပ်ကြတာတွေကို ကြည့်ပြီး သူတို့ ကောင်းစားဖို့ အတုယူကြပါတယ်၊ ဒါပေမဲ့ သူတို့ စားကြွင်းစားကျန်ထဲက အသေးအမွှားလေးတွေ အစအနလေးတွေကို ကျုပ်တို့ စားကြတာကိုတော့ လက်မခံဘဲ ကျုပ်တို့ကို နည်းမျိုးစုံနဲ့ သတ်ဖြတ်နေကြပါတယ်'

ပုရွက်ဆိတ်ခေါင်းကြီး၏စကားကို ယင်ကောင်မှ ဆက်လက် ဆွေးနွေး၏။



www.burmeseclassic.com

www.burmeseclassic.com



'ပုရွက်ဆိတ် ပြောတာကို ကျုပ် အပြည့်အဝ ထောက်ခံပါတယ်၊ လူတွေဟာ အတော်ကို အမြင်ကတ်စရာကောင်းတဲ့ သတ္တဝါတွေပဲ ဖြစ်ပါတယ်၊ လူတွေနဲ့ ကျုပ်တို့နဲ့ဟာ နှစ်သန်းပေါင်းများစွာ အတူတူ နေထိုင်ခဲ့ကြပေမဲ့ အခုနောက်ပိုင်းမှာ လူတွေဟာ ကျုပ်တို့ ယင်ကောင်တွေကိုပဲ အဓိကထားပြီး အပြစ်ရှာလာကြပါတယ်၊ ကျုပ်တို့ရဲ့ လျှင်မြန်ဖျတ်လတ်မှု၊ အကင်းပါးမှုတွေကို လူတွေက မနာလို ဖြစ်နေကြပါတယ်၊ ဒါကြောင့် သူတို့ ပင်ကိုမျက်စိနဲ့ မမြင်နိုင်တဲ့ ကျုပ်တို့ရဲ့ ဥတွေ၊ ကျုပ်တို့ခြေထောက်တွေမှာ ကပ်နေတဲ့ ပိုးမွှားတွေကို မတွေ့ တွေ့အောင် ဖြဲရှာပြီး ကျုပ်တို့ကို ပြဿနာ ရှာတော့တာပါပဲ၊ ခုနကတင် ကျုပ်ဘကြီး ယင်ကောင်တစ်ကောင်ဟာ လူတွေက ငါးပိနဲ့ ထောင်ဖမ်းပြီး ရိုက်သတ်ခံလိုက်ရပါသေးတယ်'

ယင်ကောင်၏ စကားအဆုံးတွင် ခြင်မှ တစ်ခုခုပြောရန် မဝံ့မရဲ ထလာသဖြင့် ပိုးဟပ်မှ အားပေး၏။

'လုပ်ပါ၊ ပြောစရာရှိတာ ရဲရဲ ပြောပါ'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

ခြင်မှ ခေါင်းတစ်ချက်ညွတ်ကာ ဆက်ပြော၏။

'ဒီလိုပါ … လူတွေနဲ့ပတ်သက်ပြီး အခုနောက်ပိုင်း ကျုပ်တို့ခြင်တွေ ရှာဖွေ တွေ့ရှိထားတာလေးတွေ ပြောချင်ပါတယ်'

'လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက လူတွေနဲ့ ကျုပ်တို့ခြင်တွေဟာ အတူတကွ ပျော်ပျော်ကြီး နေခဲ့ကြပါတယ်၊ ကျုပ်တို့က လူတွေသွေးကို ခိုးစုပ်လိုက်၊ သူတို့က လက်ဝါးနဲ့ ဖြန်းခနဲ ရိုက်ရင် ပျံပြေးလိုက်၊ သေတဲ့ခြင် သေ၊ လွတ်တဲ့ခြင် လွတ်နဲ့ တရားသဖြင့် ရင်ဆိုင်ခဲ့ကြပါတယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ လူတွေဟာ ကလိမ်ကျလာကြပါတယ်၊ နေ့ခင်းနေ့လယ် ကျုပ်တို့ အိပ်နေတုန်း တစ်အိမ်လုံးကို ဆေးငွေ့မှိုင်းနဲ့ ပတ်တိုက်ပစ်တာတို့၊ ကျုပ်တို့ရဲ့ ဂျင်နရေးရှင်း ပိုးလောက်လန်းတွေ မရှင်သန်နိုင်အောင် ရေစည်ရေအိုးတွေ အုပ်ပစ်တာမျိုး၊ အိုးကွဲ ခွက်ကွဲ ရေတင်နေတာ မြောင်းတွေ ရေဆို့ပြီး ရေတင်နေတာမျိုးတွေ မရှိအောင် လုပ်ပစ်ကြတာမျိုးနဲ့ ကျုပ်တို့ကို မျိုးဖြုတ်ပစ်ဖို့ လုပ်ကုန်ကြပါတယ်၊ ငှက်ဖျားဆိုလား သွေးလွန်တုပ်ကွေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုလား ကျုပ်တို့မှာ မဖြစ်ဘဲ လူတွေမှာပဲ ဖြစ်တဲ့ ရောဂါနာမည်တွေ လျှောက်တပ်ပြီး ကျုပ်တို့ကို အပြတ်အသတ် နှိမ်နင်းကြပါတယ်၊ နောက်ဆုံး အခြေအနေကတော့ အဆိုးဆုံးပါပဲ’

ခြင်မှ စကားကို ခေတ္တဖြတ်လိုက်ရာ ကျန်အကောင်များ စိတ်ဝင်တစား နားထောင်နေကြသည်ကို တွေ့၍ ဆက်ပြောလေ၏။

‘ဒီလိုပါ လူတွေဟာ ကျုပ်တို့ ခြင်တွေကို အသေသတ်ဖို့ ခြင်ဆေးဆိုတဲ့ဟာကို တီထွင်ပြီး ထွန်းလာကြပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ ခြင်တွေက ဘယ်ခြင်ဆေးကိုမှ မဖြုံပါဘူး၊ ခံနိုင်ရည် ရှိကြပါတယ်၊ အဲဒါကြောင့် လူတွေမှာသာ လူလူချင်း ခြင်ဆေး လိမ်ရောင်းတာခံရ၊ ကျုပ်တို့အတွက် ထွန်းတဲ့ ခြင်ဆေးကို သူတို့ဟာ သူတို့ပဲ ပြန်ရှူမိပြီး မူးကြနဲ့ ဝဋ်လည်ကြပါတယ်၊ ဒါပေမဲ့ လူဆိုတာ သူတို့အချင်းချင်း သာမက အခြားသတ္တဝါတွေကို ဒုက္ခပေးတဲ့နေရာမှာပါ အင်မတန် တော်ပါတယ်၊ အခုလိုနည်းပညာခေတ်မျိုးမှာ ကျုပ်တို့အတွက် အခြေအနေ အဆိုးဆုံးကတော့ ခြင်ရိုက်ဘက်တံကို လူတွေ တွေ့ရှိ တီထွင်လိုက်ကြတာပါပဲ၊ အဲဒီဘက်တံဟာ တော်တော် အန္တရာယ် ရှိပါတယ်၊ အခုဆိုရင် စာရေးဆရာ အရူးတစ်ယောက်ဟာ သူ့ဟာသူ လုပ်စရာ မရှိတာကို ငြိမ်ငြိမ်မနေဘဲ အဲဒီခြင်ရိုက်ဘက်တံကို သုတေသန ပြုနေပါတယ်၊ အဲဒီလူဟာ အဲဒီဘက်တံနဲ့ ကျုပ်တို့ ခြင်တွေသာမက မှတ်တွေ၊ ယင်တွေ၊ နောက်ဆုံး ပိုးဟပ်ခပ်သေးသေး အထိကို လိုက်ရိုက်နေပါတယ်၊ ဒင်းကြောင့် ဓါတ်လိုက်သေကုန်တဲ့ အကောင်တွေ မနည်းပါဘူး၊ အဲဒီလူကို လျှပ်စစ်ကုလားထိုင်နဲ့ တန်ပြန်အရေးယူသင့်ပါတယ်၊ ဒီလူဟာ နည်းပညာကို အလွဲသုံးစား လုပ်နေတာပဲ ဖြစ်ပါတယ်’

ခြင်စကားဆုံးသော် အားလုံး လန့်သွားကြကာ ခေတ္တငြိမ်သွားကြလေသည်။ အတန်ကြာမှ ပိုးဟပ်က သက်ပြင်းချရင်း

‘လူတွေ ... လူတွေ ... တော်တော် ကောက်ကျစ်တဲ့ သတ္တဝါတွေ၊ ကျုပ်ပြောပြမယ် နားထောင်ကြ’

အားလုံး တလေးတစား နားထောင်ကြ၏။ ပိုးဟပ်မှ

‘ကျုပ်တို့ ပိုးဟပ်ဆိုတဲ့အမျိုးဟာ လူဆိုတဲ့ သတ္တဝါတွေ မပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာခင် နှစ်သန်းပေါင်း များစွာထဲက ကမ္ဘာကြီးမှာ တော်သလို ရှာစားလာခဲ့ကြတာ၊ နောက်တော့ လူဆိုတဲ့ သတ္တဝါတွေ ပေါ်လာတယ်၊ သူတို့ဟာ အကုန် လိုက်စပ်စုကြတော့တာပဲ၊ နောက်တော့ ကျုပ်တို့တွေကို တွေ့သွားပြီး စပ်စုကြတယ်၊ အဲဒီမှာ ကျုပ်တို့ရဲ့ အရည်အချင်းတွေကို တွေ့သွားပြီး သူတို့ ကြောက်လန့်ကုန်ကြတယ်၊ ပိုးဟပ်ဆိုတာ ပုံ့လည်း ပုံ့နိုင်တယ်၊ အစားမစားရဘဲ အကြာကြီးလည်း နေထိုင်နိုင်တယ်၊ နောက်ဆုံး ခြေလက်တွေနဲ့ ခေါင်းပါ ဖြတ်ထားရင်တောင် တစ်ပတ်လောက် ကျုပ်တို့ အသက်ရှင်နိုင်သေးတယ်၊ ကျုပ်တို့ ခန္ဓာကိုယ်မှာ ရောဂါပိုးမွှားပေါင်းစုံ မှီခိုနေကြတာလည်း သူတို့ တွေ့ကြတယ်၊ အဲဒီအချိန်ကစပြီး ကျုပ်တို့ကို နည်းအမျိုးမျိုးနဲ့ မျိုးဖြုတ်တော့တာပဲ'

ပိုးဟပ်မှ ခေတ္တ အနားယူကာ ဆက်ပြော၏။

'တခြား မကြည့်နဲ့၊ အခုနက ခြင်ပြောသလို ဒီအိမ်မှာပဲ ကြည့်၊ အဲဒီ ခြင်ပြောခဲ့တဲ့လူဟာ ကျုပ်တို့ကို တွေ့ရာသင်္ချိုင်းပဲ၊ အရင်က ဒီအိမ်မှာ ယင်တွေ၊ ခြင်တွေ၊ ပုရွက်ဆိတ်တွေ၊ ပိုးဟပ်တွေ၊ ကြမ်းပိုးတွေ၊ ကြွက်တွေ၊ ခြံမိသားစုတွေတောင် အများကြီးနဲ့ ကျုပ်တို့ ပျော်ပျော်ကြီး နေခဲ့ကြတာ၊ အဲဒီလူဟာ ကျုပ်တို့ကို တဖြည်းဖြည်းနဲ့ အမျိုးဖြုတ်ခဲ့တာ အခုကြည့် .. ခြံတစ်မိသားစုလုံးကို ဒီဇယ်နဲ့ လိုက်ပက်လို့ မနေရဲကြတော့ဘဲ တခြားနေရာတွေ ပြောင်းပြေးသွားကြပြီ၊ ကြမ်းပိုးတွေ တစ်သိုက်ဆိုလည်း ဒီလူပဲ စိတ်ရှည်လက်ရှည် နေလှမ်းလိုက် ဆေးဖြန်းလိုက်နဲ့ တိုက်ခိုက်လိုက်တာ အခုတစ်ကောင်မှ မရှိတော့ဘူး၊ ကိုကြွက်စုတ်တို့ မိသားစုဆိုလည်း ကြည့်၊ ထောင်ချောက်အမျိုးစုံနဲ့ တစ်ကောင်ပြီးတစ်ကောင် အရှင်ဖမ်းပြီး ဒီလူပဲ သွား သွား လွှင့်ပစ်တာ အခု မျိုးကိုတုံးရော၊ ခြင်တွေ ယင်တွေတော့ မပြောနဲ့၊ အခုဆို ယင်ကောင်တောင် မင်းတစ်ကောင်လား ငါ တွေ့တယ်၊ ဒါတောင် မင်းက ဒီအိမ်မှာ အတည်တကျ မနေလို့'

'ဟုတ်တယ်ဗျ၊ ဒီလူက အမှိုက်တောင် အိတ်နဲ့ ထုပ်ထားတော့ ကျုပ်တို့မှာ ဘာစားစရာမှ မရှိဘူးလေ၊ အဲဒီတော့ ဘယ်နေနိုင်မလဲ'

ယင်ကောင်မှ ထောက်ခံသဖြင့် ပိုးဟပ်က ဆက်ပြော၏။

'အေး အရင်ကဆို ငါလည်း မိသားစုနဲ့ ပျော်ပျော်ကြီးနေတာ၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လူပဲ တို့တွေအားလုံးကို ချောင်ကြိုချောင်ကြားထိ ဖိနပ်နဲ့ လိုက်ရိုက်လိုရိုက်၊ မမိရင် ဆေးဘူးနဲ့ ဖြန်းလိုဖြန်းနဲ့ နောက်ဆုံး ငါပဲ ကျန်တယ်၊ ငါတောင် ဘယ်မှမထွက်ဘဲ ချောင်ထဲကပ်နေလို့'

ထိုစဉ်
'အောင်မာ … ဒီလောက်လုပ်တာတောင် ဒီမှာတစ်ကောင်ဟ'
လူသံကြားရ၍
'ရှူး … ရှူး … ရှူး'
ဆေးငွေ့အဖြူများ ဖုံးကာသွား၏။

ဤတွင် နောက်ဆုံးလက်ကျန် ပိုးဟပ်လည်း ကမ္ဘာ့ရှူးထိုးပြေးကာ အင်းဆက်များ၏ အစည်းအဝေးလည်း ရာသက်ပန် ရပ်စဲလေသတည်း။

နံနက်ခင်းဂျာနယ်၊ ဒီဇင်ဘာလ၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

# မျောက်ပုံပြင် အသစ်စက်စက်

သစ်ပင်များ အတော်နည်းပါးလာသည်ကို အကြောင်းပြု၍ အခါတပါး၌ မျောက်များသည် သစ်ပင်များ ပြန်စိုက်ကြရန် တိုင်ပင်ကြလေ၏။ ခက်သည်က သူတို့မှာ မျောက်များဖြစ်၍နေခြင်းတည်း။ မျောက်ဖြစ်ကြ၍ ပေါက်တတ်ကရ လျှောက်ပြော လျှောက်လုပ် လျှောက်ဖြစ်ကြကုန်သည်ကို အရေးယူ ငြင်းခုံ ပြောဆိုဖွယ်မရှိဟု ထင်ရ၏။ တိုင်ပင်နေကြပုံက ဤသို့တည်း။

မျောက်တစ်ကောင်သည် ကျဲတောက်တောက် သူတို့တောအုပ်ကို ကြည့်ကာ ဤသို့ အဆို စတင်သွင်း၏။

မျောက် (၁) ။ 'သစ်ပင်တွေ ကျဲကုန်ပြီကွ၊ ငါတို့ ပြန်စိုက်ကြရအောင်'

ဘေးနား သန်းတုပ်နေသော မျောက်က ဝင်ပြော၏။

မျောက် (၂) ။ 'ကျဲမှာပေါ့၊ လူတွေ လျှောက်ခုတ်ကြတာကိုး၊ ပြန်စိုက်ရအောင် မင်းအလုပ်လား'

အသံကြား၍ နောက်မျောက်များ ရောက်လာကြကာ ဝိုင်းအုံလျက်ရှိတော့၏။

မျောက် (၃) ။ 'ဘာလဲ၊ ဘာဖြစ်တာလဲ၊ နေဦး ‥ တခြားမျောက်တွေ ငါ လျှောက်ပြောလိုက်ဦးမယ်'

အိမ်သူရွှေမ စာပေ

www.burmeseclassic.com

www.burmeseclassic.com



မျောက် (၄) ။ 'ပြန်မစိုက်နဲ့ကွ၊ မျောက်တွေ သစ်ပင် မစိုက်ကောင်းဘူး၊ ငါ ကြားဖူးတဲ့ ပုံပြင်ထဲမှာ မျောက်တွေ သစ်ပင်စိုက်ကြတာ ဥယျာဉ်ကြီး ပျက်သွားတယ်တဲ့'

မျောက် (၅) ။ 'စိုက်တာတော့ ဟုတ်ပါပြီ၊ ဘာပင်ကို ဘယ်နေရာမှာ ဘယ်လို စိုက်မှာလဲ .. ဘယ်မျောက်တွေက ပိုင်းကူကြမှာတုံး'

မျောက် (၆) ။ 'စိုက်ရင်တော့ စားလို့ရတဲ့သီးတဲ့အပင် စိုက်ရမှာပဲ၊ ဒါမှ ဟိုဘက်တောအုပ်ကကောင်တွေနဲ့ အသီးချင်းလဲလို့ရမှာ'

မျောက် (၇) ။ 'အပင်စိုက်ရင် ခပ်မြင့်မြင့်ပင် ရှာစိုက်ကွာ ... အပင်မြင့် မြင့် မတက်ရတာကြာပြီ'

မျောက် (၈) ။ 'အပင်စိုက်ရအောင် ဘယ်မှာလဲ မြေကြီးတူးစရာ ... ဘယ်မှာလဲ အစေ့ .. ဘယ်မှာလဲ ရေ ... ကဲ'

မျောက် (၉) ။ 'အရင်မျောက်တွေ လူတွေလုပ်လို့ တို့လက်ထက် အပင်တွေ ကုန်သွားတာ၊ တို့ကပြန်စိုက်ပေးရတာ မတရားဘူး၊ မစိုက်ဘူးကွာ'

မျောက် (၁၀) ။ 'တိုင်တိုင်ပင်ပင် စိုက်ကြတာပေါ့ကွာ ... အချင်းချင်း တွေပဲ၊ ပြေပြေလည်လည် ဖြစ်အောင် အရင်ညှိပြီးမှ စိုက်ကြတာပေါ့၊ ဘယ် တော့ အပင်စိုက်စိုက်ရတာပဲ'

မျောက် (၁၁) ။ 'ပြောနေ ကြာတယ်၊ လာ အခု သွားပြီး တစ်ပင် စိုက် ကြစို့'

မျောက် (၁၂) ။ 'စိုက်လိုက်တဲ့ အပင်ကြီး ကြီးလာပြီး တို့ပေါ် လဲရင် ဘယ်လိုလုပ်မလဲ ... အားလုံး ပိကုန်မှာ'



www.burmeseclassic.com

www.burmeseclassic.com



မျောက် (၁) သည် ပြန်လည်ထူထောင်ရေးမျောက်အစား ဖြစ်၏။

မျောက် (၂) မှာ ကဖျက်ယဖျက် မျောက်ကန့်လန့် ဖြစ်လေ၏။

မျောက် (၃) မှာ မျောက်မီဒီယာ ဖြစ်သည်။

မျောက် (၄) ကား ရှေးရိုးစွဲမျောက်ကြီး ဖြစ်၏။

မျောက် (၅) မှာမူ အမြဲမေးခွန်းတွေသာ လိုမ့်ထုတ်တတ်၍ သူ့တွင် ဘယ်တော့မှ အဖြေမရှိ အမြဲဖြစ်နေသော မျောက်မျိုးတည်း။

မျောက် (၆) ကျ ကိုယ်ကျိုးရှာ စီးပွားမျောက်။

မျောက် (၇) မှာ အလကား အမြဲ ဘဝင်မြင့်နေ၏။

မျောက် (၈) သည် မျောက်ပျင်းဟု နာမည်ကြီး၏။

မျောက် (၉) မူကား အဖျက်စိတ်ကြီးသော 'တက်မျောက်' ဖြစ်လေသည်။

မျောက် (၁၀) ကျ ဖျန်ဖြေရေးသာ အလွန်ဝါသနာပါ၍ အချိန်ဆွဲတတ်၏။

မျောက် (၁၁) သည်ကား လက်တွေ့သမားတည်း။

မျောက် (၁၂) မှာမူ အဓိပ္ပာယ်မရှိ တွေးကြောက်၍သာ နေတော့၏။

မည်သို့ပင်ဖြစ်စေ မျောက်တစ်ဒါဇင်မှာ သစ်ပင် မစိုက်ဖြစ်ကြဘဲ နဂိုအတိုင်း လုံးထွေး၍သာ ရှိနေကြလေ၏။

ပိုဆိုးလာသည်ကား ငြင်းစရာတစ်ခုရ၍ အချင်းချင်း ပို စိတ်ဝမ်းကွဲကုန်ကြခြင်းတည်း။

တောကြီးကား ကျိုးတိုးကျဲတဲ ...။

အကျိုးနည်း ဆိုးသော မျောက်တို့တည်း ...။

Life Style မဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၁၁



www.burmeseclassic.com

www.burmeseclassic.com

## လားရာနိမ့်သော

မနက်ခင်းတစ်ခုတွင် ယင်ကောင်တစ်ကောင်သည် ဖွင့်ထားသော တံခါးပေါက် တစ်ပေါက်မှ တစ်ဆင့် ခမ်းနားကြီးကျယ်လှသော အိမ်ကြီး တစ်လုံး၏ ဧည့်ခန်းအတွင်းသို့ လမ်းမှား ဝင်ရောက်မိလေ၏။ ဧည့်ခန်းထဲ တွင်ကား ဧည့်သည်မိသားစု တစ်စုနှင့် အိမ်ရှင် မိသားစုတို့သည် သားရေး သမီးရေး ဆွေးနွေးလျက် ရှိကြကုန်၏။ ယင်ကောင်သည် မီးအုပ်ဆောင်း တစ်ခုပေါ်တွင် နားလိုက်၍ ပြောစကားများကို နားထောင်နေလေသည်။ မိန်းမကြီးတစ်ဦးမှ ပြော၏။

'သားသားတို့ ဖေဖေ ကျွန်မယောကျ်ားကတော့ ကုန်သည်ရှုး စစ်စစ်ပါရှင်၊ ဥစ္စာရူး မျိုးရိုးပေါ့၊ အမြတ်ရမယ်ဆို ဘာမဆို အရောင်းအဝယ် လုပ်တယ်၊ မြတ်နေရင် ပျော်နေတာပဲ၊ ဟင်း ဟင်း ...'

ဘေးမှယောကျ်ားကြီးမှာ ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြုံးကြီး ရှိ၏။ မျက်နှာချင်းဆိုင် ထိုင်နေသော အခြားမိန်းမကြီးတစ်ဦးမှ

'အိမ်ကလူနဲ့ သိပ်မထူးပါဘူးလေ၊ သူလည်း ဥစ္စာရူးမျိုး စစ်စစ်ပေါ့၊ သူကတော့ ငွေရူး မမရဲ့၊ ငွေရရင် ဘာလုပ်ရလုပ်ရ ငွေရှိတဲ့လူပဲ ပေါင်း တယ်၊ သူ့ထက်ငွေရှိတဲ့လူဆို အောက်ကျခံပြီး ဖားပေါင်းတယ်၊ သူ့လောက် ငွေမရှိရင် လှည့်ကို မကြည့်ဘူး'

အမျိုးသမီးကြီးဘေးမှ ယောကျ်ားကြီးမှာ အားရပါးရ ပြုံး၏။ ပထမ မိန်းမကြီးမှ

www.burmeseclassic.com



'ဒါကြောင့်လည်း မိတ်ဆွေတွေ ဖြစ်ကြပြီး သားရေးသမီးရေး ဆွေးနွေးလို့ရကြတာပေါ့၊ ဟင်း .. ဟင်း ကျွန်မကတော့လေ သိလား'

ဒုတိယမိန်းမကြီးမှ ဝင်ထောက်ပေး၏။

'ပြောပါဦး မမရဲ့'

ပထမမိန်းမကြီးမှ ပြုံးပြုံးကြီးနှင့် မျက်နှာထားကို ချီလိုက်ကာ

'ပြောရမှာ မရှက်ပါဘူး၊ ကိုယ့်ချင်းခပ်ရှင်းရှင်းပေါ့၊ ကျွန်မလည်း ဥစ္စာရှုးမျိုးရိုးပဲ၊ ဒါပေမဲ့ ကျွန်မက စိန်ရှူးရွှေရှူးရှင့်၊ စိန်တွေ ရွှေတွေ ရတနာတွေဆို ယူထားတဲ့ယောကျ်ား မွေးထားတဲ့သားထက် မပြောနဲ့ ကိုယ့်ကို ကိုယ်ထက်တောင် ပိုမက်သေးတယ်၊ စိန်တွေရွှေတွေ မရှိတဲ့လူဆို စကားတောင် အဖက်လုပ်မပြောဘူး'

ဒုတိယ မိန်းမကြီးမှ

'မှန်လိုက်လေ မမရယ်၊ ကျွန်မလည်း ဒီအတိုင်းပဲ၊ စိန်တွေရွှေတွေကသာ လောကကြီးမှာ အရေးအကြီးဆုံးပဲဟာ၊ ကျွန်မလည်း မက်တာပဲ၊ ဒါပေမဲ့ ကျွန်မကျ တစ်မျိုးရှင့်'

'ပြောပါဦး'

'ပြောရရင် ကျွန်မကျ ခြံရှုး မြေရှုး အိမ်ရှုးရှင့်၊ မျိုးရိုးလိုက်တာပေါ့ ရှင်၊ ခြံတွေ တိုက်တွေဆို သိပ်ရှုးတာပဲ၊ ရရင်ရသလောက်ကို လိုချင်တာ၊ ဘယ်နှစ်ခြံ ဘယ်နှစ်တိုက်ရရ ကျွန်မဖြင့် တင်းတိမ်တယ်ကို မရှိဘူး၊ ထပ်လိုချင်နေတာပဲ၊ ခြံတွေမြေတွေ တိုက်တွေသာပေးမယ်ဆို ကျွန်မလေ ဘာလုပ်ရလုပ်ရ ဝန်မလေးဘူး'

ဒုတိယမိန်းမကြီး၏ ယောကျ်ား လူကြီးမှ ဝင်ပြော၏။

'ကဲ ကဲ ... ကျုပ်တို့အကြောင်းတွေ တော်ကြဦးစို့၊ အကြောင်းသိချင်း သန္တေတူ စရိုက်တူတွေမို့ ပေါင်းသင်းမိကြပြီး သားရေးသမီးရေး ဆွေးနွေးတဲ့ အခြေထိ ရောက်ကြတာပေါ့၊ သားတို့သမီးတို့အကြောင်း ပြောကြရအောင်'

ထိုအခါ ပထမ မိန်းမကြီးမှ

'ကျွန်မတို့ သားသားကတော့ တစ်မျိုးရှုးတယ် ညီမရေ့ သူရှုးတာ ငယ်ငယ်က သိပ်မသိသာဘူး၊ ကြီးမှ အရှုးထလာတာ၊ သားသား



www.burmeseclassic.com

www.burmeseclassic.com



က နိုင်ငံခြားရူး ညီမရဲ့၊ နိုင်ငံခြားသာ သွားရမယ်ဆို ဘာလုပ်ရလုပ်ရ၊ နိုင်ငံခြားရောက်ရင် အိမ်သာပဲ ဆေးရဆေးရဆိုတဲ့ အရူးမျိုး၊ ရူးတဲ့နေရာမှာလည်း ဖအေမအေကျော်ရင်သာ နေမယ်၊ တစ်စက်လေးမှတော့ မလျှော့ဘူး'

ဒုတိယမိန်းမကြီးမှ

'ကောင်းပါတယ် မမရယ်၊ ဘာပဲရူးရူးပေါ့၊ လူဆိုတာ တစ်ခုခုတော့ ရူးကို ရူးနေမှဖြစ်မှာ'

ထိုစဉ် ပထမမိန်းမကြီး၏ ယောက်ျားမှ

'သမီးကလေးအကြောင်းလည်း ကြားပါရစေဦးဗျာ'

ဒုတိယမိန်းမကြီးမှာ သူ့သမီးလေးအကြောင်း ကောင်းကောင်း ကြွားရမည်ဖြစ်၍ ဂုဏ်ယူလှစွာသော မျက်နှာမျိုးဖြင့်

'မီးမီး ရူးပုံရူးနည်းကတော့ ဆန်းကိုဆန်းပါတယ်ရှင်၊ ကျွန်မတို့ဖြင့် လိုက်ကိုမမီဘူး၊ မီးမီးက နောက်ဆုံးပေါ်ရူး အကောင်းစားရူးရှင့်၊ အဆင့်အတန်း ခွဲတဲ့နေရာမှာလည်း ဘာရူးသလဲ မမေးနဲ့၊ ငယ်ငယ်ထဲက အခုထိ ခေတ်အမီဆုံး ဈေးအကြီးဆုံး ဆိုတဲ့ဟာတွေမှ သုံးတာ၊ အဆင့်အတန်း အမြင့်ဆုံးနေရမယ်ဆို ဘာလုပ်ရလုပ်ရ၊ အဲဒီလောက်ထိ ရူးတာ၊ အဆင့်အတန်း ခွဲတဲ့နေရာမှာလည်း သူ့ထက် နည်းနည်းလေး နိမ့်တယ်ထင်ရင်တောင် အဲဒီလူမျက်နှာ ကြည့်ကို မကြည့်တော့ဘူး'

ပထမမိန်းမကြီး၏ ယောက်ျားမှ ဝင်ပြော၏။

'သမီးကလေးက တော်လိုက်တာဗျာ၊ အဲဒီလိုမျိုးမှ နေရာကျတာ၊ သားသားနဲ့မီးမီး သူတို့ချင်းရော ကြိုက်ကြလား'

ဒုတိယမိန်းမကြီး၏ ယောက်ျား သမီးရှင်မှ

'အိုဗျာ သူတို့ချင်း ချစ်တာကြိုက်တာတွေ အရေးမကြီးပါဘူး၊ နောက်မှမကြိုက်ကြလည်း ကွာကြပေါ့ဗျာ၊ ဘာအရေးလဲ'

ပထမယောက်ျားကြီးမှ

'ဒါဆိုလည်း မင်္ဂလာဆောင်ပေးလိုက်ကြရုံပေါ့ဗျာ'

ဒုတိယမိန်းမကြီးမှ ဝင်၍

'ကဲ မမရေ ... ဒါဆိုရင်ဖြင့်'



www.burmeseclassic.com

www.burmeseclassic.com



ယင်ကောင်သည် ကြားရသည်များကို နားကလော လာ၏။ သူသည် အညှီအဟောက်ကြားတွင်သာ နေသော ရှုံစရာသတ္တဝါဖြစ်ကြောင်း သူ့ကိုယ်သူ သိ၏။ ယခုမှ သူ့ထက် ရှုံစရာကောင်း၍ သူ ကြိုက်သော အညှီအဟောက်များထက် ပိုဆိုးသော အညှီအဟောက်များကို ကြိုက်နေကြသော သတ္တဝါများကို သူ တွေ့နေလေပြီ။

ယင်ကောင်သည် သူ နားနေသော မီးအုပ်ဆောင်းမှ ထပျံကာ လာရာလမ်းအတိုင်း ပြန်ထွက်သွားလေသည်။

ကျန်ရစ်ခဲ့သော အိမ်ကြီးထဲတွင်ကား လူရှုံးတစ်သိုက်သည် သားရှုံး သမီးရှုံးနှစ်ယောက်ကို ပေးစားရန် တိုင်ပင်ရင်း ကျန်ခဲ့ကြလေ၏။

နံနက်ခင်းဂျာနယ်၊ ဩဂုတ်လ၊ ၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

# လူတွေများပြောပါတယ်

ကျုပ် အိမ်ပြောင်းရတော့မယ်။ ထွက်ပေါက် ဝင်ပေါက် အတော်များများက အဆင်မပြေတော့ဘူး။ ဘာလို့လဲဆို လမ်းတွေ ခင်းနေလို့ဗျို့။ လမ်းခင်းတယ်၊ လမ်းပြင်တယ် ဆိုတာက အစဉ်အဆက် ကျုပ်တို့အတွက် သိပ်မထောင်းတာလှပါဘူး။ ခဏတဖြုတ် ရွှေ့ပြောင်းနေလိုက်။ နောက် ပြီးသွားတော့လည်း အရင်နေရာ ပြန်နေလိုက်နဲ့ ဒီလိုပဲ ကတ်သတ်နေလာတာ။ ဒါပေမဲ့ အခုကျ တစ်မျိုး။ လမ်းကို တစ်ခါတည်း မြှင့်ပစ်လိုက်တာမျိုးဗျ။ အဲဒီတော့ ကျုပ်တို့ချင်း တိုင်ပင်ရတယ်။ စောစောစီးစီး ပြောင်းထားကြမလား။ မိုးဦးကျ ရေတွေ ဖောင်းလန်ကုန်မှ မနိုင်ရင်ကာ ပြောင်းမလား။ အများစုကတော့ မိုးဦးကျကာနီးမှ ဖြစ်သလို ပြောင်းပေါ့။ အခုတော့ ဒီမှာပဲ နေသာစားသာတုန်း နေကြဦးစို့ပေါ့။ တချို့ကတော့ လုံးလုံးကို မပြောင်းဘူး။ ပြောင်းစရာလည်း မရှာဘူး။ တွေးပူနေတာတွေက ဖြစ်ချင်မှ ဖြစ်မှာဆိုပြီး ပေနေကြတာလည်း ရှိတယ်။

ကျုပ်ကတော့ ပြောင်းသွားဖို့ပဲ ဆုံးဖြတ်ထားပါတယ်။ နေရာလည်း ရှာနေတယ်။ အေးအေးလူလူ ရှာဖွေစားသောက်နေထိုင်လို့ ရမယ့်နေရာတွေက ဒီနားတစ်ဝိုက် အများကြီးရယ်။ ဓာတ်တိုင် တစ်တိုင်နှစ်တိုင် ခရီးလောက် ဒုက္ခခံပြောင်းလိုက်ရတာ ဘာမှအပန်းမကြီးဘူး။ စုဆောင်းသိမ်းဆည်းထားတာတွေလည်း များများမှ မရှိတာရယ်။ အဲဒီလိုတွေးပြီး မိသားစုကို ပြောထားသဗျ။ အခုအချိန်တော့ အခြေအနေ အကဲခတ်နေရုံပါပဲ။ ဟုတ်တယ်လေ။ လမ်းတွေခင်းနေတာက ပြီးမှ မပြီးသေးတာရယ်။ ဒီလိုကယောက်



www.burmeseclassic.com

www.burmeseclassic.com



ကရက်အချိန်မျိုးကမှ အစားအသောက် အပေါဆုံး။ ပြီးပြီဆိုတော့လည်း ပြောင်းသင့် ပြောင်းတာပေါ့။

ဩော် မေ့လို့ဗျ။ ကျုပ်က လူမဟုတ်ဘူး။ ကွန်ကရစ်လမ်းတွေ မြင့်နေတဲ့ ဇဝနဘက်က မြေကြွက်ဗျို့။ ကျုပ် နေတဲ့နေရာက ဇဝနဂျုန်းရှင်း ဆိုလား၊ စူပါမားကတ်ကြီးနဲ့ အနီးသား ကလားဗျ။ အဓိက က ကျုပ် ပြောချင်တာက ကျုပ်တို့ အိမ်ပြောင်းတဲ့ကိစ္စ မဟုတ်ဘူး။ လူတွေအကြောင်း ရယ်ဗျ။ လူတွေဟာ လမ်းမကောင်းတုန်းကတော့ လမ်းမကောင်းဘူး ဆိုပြီး တစ်လေသံထဲ ပြောဆို သွားလာနေကြတာ။ မဆီမဆိုင် လမ်းမကောင်းလို့ ကြွက်တွေပေါတာ ဆိုတာမျိုးတောင်ပါသေး။ အမှန်က သူတို့ ပစ်စလက် ခတ် အမှိုက်လျှောက်ပစ်ကြလို့ ကျုပ်တို့တွေ စားစရာရှိပြီး နေ နေတာ။ လမ်းနဲ့ ဘာမှမဆိုင်ဘူး။ အဲ ... လမ်းလည်း စခင်းရော ရယ်စရာတွေ တစ်ပုံကြီး ဖြစ်ရောဗျို့။

အမှန်တော့ ကျုပ်တို့ဘက်က ကြည့်ရင် လမ်းခင်းတယ် ဆိုတဲ့ ကိစ္စက သူတို့လူတွေ အချင်းချင်း သက်သက်သာသာ သွားလို့လာလို့ ရ အောင်လုပ်တဲ့ ကိစ္စဗျ။ လမ်းကောင်းကောင်းဆိုးဆိုး ကျုပ်တို့တွေက အနေ သာကြီး။ ဘာမှမဆိုင်ဘူး။ ဒါပေမဲ့ လမ်းစခင်းပြီဆိုတော့ ကျုပ်ကတော့ သွားလေ့လာတယ်။ လူတွေဆိုတာ ပြောရတာ မဟုတ်ဘူး။ ထင်ရာလုပ် ကြတာ။ ကျုပ်တို့မှာ သူတို့ အရိပ်အကဲ ကြည့်နေတတ်မှ တန်ကာရယ်။ တစ်ခါတလေ မထင်ရင် မထင်သလို ကျုပ်တို့ကို ပေါက်စီလုပ်ရောင်းရင် ရောင်းတတ်တာ။ လူဆိုတာ လွယ်တဲ့ သတ္တဝါတွေ မဟုတ်ဘူး။ သူတို့ လမ်းတွေ သူတို့ ကောင်းအောင်ခင်းနေကြတာ ဆိုပေမဲ့ အခန့်မသင့်ရင် ကျုပ်တို့အားလုံး ဒုက္ခ ရောက်ချင်ရောက်မှာ။

အဲဒါနဲ့ မိသားစုကို ပြောရတယ်။ ငါတော့ ရှာရင်းဖွေရင်း လူတွေ ဘာလုပ်နေလဲ ကြည့်နေမှဖြစ်မယ်ပေါ့။ အခန့်မသင့် လစ်သင့်လစ်ကြမှ ပေါ့။ အဲလိုပြောတဲ့ ညက ကျုပ်မိန်းမကြွက်နီမဆိုတာ သူ့ယောကျ်ား အမြော် အမြင်ကြီးလှရဲ့ဆိုပြီး လျှောက်ကြွားနေတာ တစ်ညလုံး အိမ်တောင် ပြန် မလာဘူး။ သွားရလာရ အဖော်ရအောင် ဘေးအသိုက်က လူမျိုးကြီးကြွက် သိုး ခေါ်ထွက်သွားလိုက်တာ မနက်လင်း ပြန်ရောက်တော့ လူမျိုးကြီးခများ



www.burmeseclassic.com

www.burmeseclassic.com



ရယ် ပင်ပန်းနေပုံများ လမ်းတောင် ကောင်းကောင်း မလျှောက်နိုင်ဘူး။ 'ဒီကြွက်မ မလွယ်ဘူး … တော်တော့်ကို မလွယ်ဘူး' ဆိုပြီး ခေါင်း တခါခါနဲ့ တန်းအိပ်ပျော်သွားတာများ ကျုပ်အိပ်ရာပေါ်မှာ အသေကောင် လိုပဲ။ ကျုပ်မိန်းမကတော့ သွက်လက်လို့။ ထားပါ။ ဒါက ကျုပ်တို့ကြွက် ကိုယ်ရေးကိုယ်တာပါ။ ကျုပ်က ကြွက်ဆိုတော့ ဗီစိကိစ္စများများနဲ့ စကား တွေ ဘေးရောက်ကုန်ပြီ။ ပြောချင်တာက လူတွေ ရယ်ရတဲ့အကြောင်းဗျ။

လမ်းဆိုးနေတုန်းက ဘယ်သူမှ အဖက်မလုပ်ပေမဲ့ လမ်းလည်း စခင်းရော လူတွေများ တစ်ယောက်တစ်ပေါက် လျှောက်ပြောလိုက်ကြတာ ညံ့နေတာပဲ။ တချို့က လမ်းကို ဒီလိုခင်းတော့ ဘာဖြစ်တယ် ညာဖြစ်တယ်၊ တချို့ကလည်း လမ်းကိုမြင့်တော့ ဘာညာ၊ တချို့ကျပြန်တော့ သူတို့လည်း မခင်းတတ်ဘဲနဲ့ ဘေးလက်ဖက်ရည်ဆိုင်မှာ တစ်နေကုန် လာထိုင်ကြည့် နေပြီး ဟိုဆရာလုပ် သည်ဆရာလုပ်၊ စည်းကမ်းတကျ တစ်စက်မှမရှိကြ ဘူး။ ခင်းပြီးစ မခြောက်သေးတဲ့ လမ်းဆို ကျုပ်တို့ ကြွက်တွေတောင် သိတယ်။ ဖြတ်မလျှောက်ဘူး။ ဒါကို လူတွေက တက်နင်းလို့ ပြဿနာ တက်လိုတက်၊ စက်ဘီးတက်စီးလို့ ဒဏ်ငွေဆောင်လို ဆောင်ရ၊ ည လမ်း ခင်းတဲ့လူတွေ ပြန်သွားရင် ကလေးတွေ တက်ဆော့လို ဆော့၊ လူကြီးတွေ က ကလေးတွေ ဆွဲသလိုလိုနဲ့ ဘောလုံးတက်ကန်လို ကန်၊ ခြင်းတက်ခတ် လို ခတ်။ ကားသမားတွေကလည်း တက်မရပ်ပါနဲ့ အတန်တန် ပြောတဲ့ ကြားက မရ ရအောင် ကားတက်ရပ်လို ရပ်။ ဒီကြားထဲ လမ်းခင်းတာ မာရော မာရဲ့လား ဆိုပြီး အလကားနေရင်း ညဆို တူနဲ့ လာ လာထုကြည့်တဲ့ အဘိုးကြီးတစ်ယောက် ရှိသေးတယ်။ မနက်လင်းလို့ လမ်းခင်းတဲ့လူတွေ ရောက်လာရင် အားလုံး သူတို့ဘာမှ မသိသလို နေကြပြန်ရော။ လမ်းခင်းတဲ့ လူတွေက စက်ဘီး ဘီးရာ၊ လူခြေရာ၊ ကားဘီးရာ၊ အပေါက်အပြဲ တွေ့လို့ မေးတော့ ညီကြတယ်။ ဘယ်သူမှ ဘာမှ မသိဘူး။ ဒီလိုနဲ့ ဆက်ခင်းကြ။ ညရောက်တော့ တစ်ခါ ပြန်လုပ်ကြပြန်ရော။ အဲဒီလိုနဲ့ကို ဝရုန်းသုန်းကား ဖြစ်နေကြတာ။

ဒီကြားထဲ ရှိသေးတယ်။ လမ်းခင်းတဲ့လူတွေ လစ်ရင် သစ်တို သစ်စက အစ ဝင်ဆွဲတဲ့ငတိတွေက ရှိသေးတယ်။ ရှိတာမှ ဘဲ့လေးယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို ရှိတာ။ ဘာမှ မလုပ်ဘူး။ လမ်းခင်းနေတဲ့နား မယောင်မလည် လုပ်နေပြီး နေ့တိုင်း လစ်တာနဲ့ တွေ့ရာ ဝင်ခိုးတာ။ အမျိုးမျိုးပါပဲဗျာ။ ကျုပ်က ကြွက်ဆိုတော့ ဘယ်လူကမှ ကျုပ်ကို အဖက်လုပ်မနေဘူး။ အဲဒီတော့ အကုန်မြင်ရတာပေါ့။ ဒီလိုနဲ့ လမ်းကြီးခင်းလာလိုက်တာ ပြီးလုပြီးခင် ရှိရောဗျ။ ဘေးလမ်းတွေ ခင်းပြီးပြီ။ အလယ်မှာသာ လမ်းဟောင်းလေး ကားတစ်စီး သွားရုံစာလောက်ပဲ ကျန်တယ်။ အဲ ··· တစ်ညနေစောင်းတော့ အတော်ရယ်ရတာ ဖြစ်ရောဗျိုး။

လမ်းသစ်ခင်းထားတာတွေက အသားမသေသေးတော့ ကားတွေ ပေးတက် မမောင်းသေးဘူး။ တက်လို့မရအောင် ပိတ်ထားတယ်။ ကျန်တဲ့ လမ်းဟောင်းကလည်း တစ်စီးစာ သာသာပဲ မောင်းလို့ရတော့တာမို့ နှစ်လမ်းသွား ပေးမသွားတော့ဘဲ တစ်ဖက်ကို ပိတ်ထားပြီး တစ်ဖက်ပဲ ပေးသွားတော့တာ။ အဲဒီမှာ ဘာဖြစ်သလဲဆိုတော့ အလုပ်သမားတွေ ပြန်သွားလို့မှ သိပ်မကြာဘူး။ လမ်းပိတ်ထားတဲ့ ဆိုင်းဘုတ်နားကို ဘယ်က ရောက်လာမှန်း မသိတဲ့ အရူးတစ်ယောက် ရောက်လာတော့တာပဲ။ ရောက်လာတာမှ ဘယ်ကရလာတယ် မသိဘူး။ ကလေးတွေစီးတဲ့ ဗိုလ်အုန်းသီး ကားလို့ ခေါ်တဲ့ သံဂျစ်ကားစုတ်လေးနဲ့ ပျော်ရွှင်ပြီး ရောက်လာတာ။ အဲဒီအချိန် ကားအသွားအလာကလည်း ခဏပြတ်နေတာ။ ကျုပ် ကြည့်နေတုန်း အရူးက ဘာထလုပ်သလဲ ဆိုတော့ သူဌေးကြီးတစ်ယောက်လုံး ကားမောင်းလာတာကို ဘာကိစ္စ လမ်းပိတ်ထားသလဲ ဆိုပြီး ဒေါသတကြီးနဲ့ လမ်းပိတ်ထားတဲ့ ဆိုင်းဘုတ်တွေ လျှောက်ရွှေ့ပြီး သူ့ကားလေးပေါ် သူတက်ပြီး ဆက်ထွက်သွားရော။ အဲဒါကို ဘေးကလူတွေ မြင်လိုက်တယ်။ ဒါပေမဲ့ အရူးကို သွားမတားရဲကြတော့ အသာ ကြည့်နေကြတာ။ အရူးသွားမှ ဆိုင်းဘုတ်တွေ ပြန်ရွှေ့ကြမယ်လို့ တွေးပုံရတယ် ထင်ပါရဲ့။ ဒါပေမဲ့ ဖြစ်ချင်တော့ အရူးသွားလို့မှ သိပ်မကြာဘူး ဟိုဘက်ကလည်း ကားတွေ ဝင်လာ သည်ဘက်ကလည်း ဆိုင်းဘုတ်မရှိတော့ ဝင်လို့ရတယ် ထင်ပြီး ကားတွေဝင်လာနဲ့ အလယ်မှာ ပိတ်ကုန်ရောဗျို့။

အဲဒီမှာတင် လူအမျိုးမျိုးရဲ့စရိုက်က ပေါ်လာတော့တာပဲဗျ။ တချို့ ဘယ့်နှယ် လွတ်အောင် မရ အရ ကတ်သတ်လွတ်အောင် မောင်းရ

www.burmeseclassic.com



မလဲဆိုပြီး ကြဲကြတယ်။ မရတော့ ဆက်ပြီး အဖြေရှာဖို့ မစဉ်းစားဘူး။ ဗျစ်တောက် ဗျစ်တောက်နဲ့ သူတို့ ကောင်းကောင်း သွားလို့ရအောင်ပဲ ခင်းပေးနေတဲ့ လမ်းခင်းတဲ့ကိစ္စကို မဆီမဆိုင် အပြစ်တင်ရော။ တချို့ကျ တော့လည်း ကားပိတ်နေတဲ့ကိစ္စ ကျန်တဲ့လူတွေ ကြည့်လုပ်ကြပစေ ဆိုပြီး ကားစက်လေးသတ်လို့ လမ်းဘေးဆင်းရပ်ပြီး တောင်ကြည့် မြောက်ကြည့် လုပ်နေတယ်။ တချို့ကျတော့လည်း ငါမှန်တယ်ကွ ဆိုပြီး နည်းနည်းမှ အလျှော့မပေးဘဲ ပေတေပြီး ဒီအတိုင်း နေ နေတယ်။ တချို့ကျတော့လည်း လမ်းပိတ်ထားရဲ့နဲ့ အတင်း မောင်းဝင်လာရသလားဆိုပြီး ငြင်းကြခုံကြ နဲ့။ ပြန်ကွေ့ပြန်ဆုတ်သွားတဲ့ ကားတွေလည်း ရှိတယ်။ ဒါပေမဲ့ ပြန်ကွေ့ သွားတဲ့ ကားနေရာတွေမှာ နောက်ကားတွေက အလုအယက် အတင်း ဝင်လာတာနဲ့ ထပ်ပိတ်နေကြရော။ ကြာတော့ စိတ်မရှည် ဖြစ်လာကြပြီး အော်ကြ ဟစ်ကြ။ ဘေးကလူတွေကလည်း တောင်ဝင်ပြော မြောက်ဝင် ပြောနဲ့ အဲဒီတုန်းမှာ ဘာလာဖြစ်တယ်မှတ်တုံးဗျ။

လမ်းဟောင်းအလယ်ခေါင် ကျဉ်းကျဉ်းလေးမှာ ကားတွေ ပိတ်ဆို့ လူတွေကလည်း ငြင်းခုံ ဖြစ်နေကြတုန်းမှာ လမ်းသစ်တွေပေါ်မှာကတော့ ရှင်းလို့ပေါ့။ အဲဒီရှင်းနေတဲ့ လမ်းသစ်ပေါ်မှာ ခုနက အရူးက သူ့ သံဗိုလ် အုန်းသီးဂျစ်ကားစုတ်ကို ဂလုန်းဂလုန်းနဲ့ ဝုန်းဒိုင်းကြဲ ပြန်ဖြတ်မောင်းသွား တာကိုး။ ကလေးတချို့က သူ့နောက် ပြေးလိုက်လို လိုက်။ ခွေးတွေက ဟောင်လိုဟောင်။ လူတွေလည်း တော်ရာ ရှောင်လို ရှောင်ရနဲ့။ သူကတော့ ပျော်လို့ အော်လို့။ ကားပိတ်တဲ့နေရာ ရောက်တော့ သူကတောင် အော် သွားသေး။ ဘာတဲ့။ သွားမရရင် နောက်ပြန်ဆုတ်ကြပါလားတဲ့။ သူ့ဒွေး မင်း ကိုယ်တိုင်တောင် ရှေ့မှာ ဆက်သွားမရလို့ နောက်ပြန်လှည့်လာတာ ပြန်လှည့်ကြ ပြန်လှည့်ကြနဲ့။ ပျော်ပျော်ကြီး အော်သွားတာ။

လမ်းပိတ်လို့ ငြင်းခုံနေတဲ့ လူတွေဟာ ပထမတော့ အားလုံး ကြောင်ပြီး အရူးကို လိုက်ကြည့်ကြတယ်။ နောက်မှ ရုက်ရက်နဲ့ တစ်စီး ပြီးတစ်စီး ပြန်လှည့်လိုလှည့် နေရာရှင်းလိုရှင်းနဲ့ ခဏကြာတော့ လမ်းရှင်း သွားရောဗျ။ လူတွေများ အတော် ရယ်စရာကောင်းဗျာ။ တချို့ကိစ္စတွေမှာ အရူးလောက်မှ ရှင်းရှင်း မတွေးဘူး။

အိမ်သူရွှေမ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကျုပ်လည်း ကျုပ်နေရာ ကျုပ်ပြန်ရောက်တော့ အိပ်ရာပေါ်မှာ ကြမ်းပိုးရှာနေကြတာလို့ ပြောတဲ့ လူပျိုကြီးကြွက်သိုးနဲ့ ကျုပ်မိန်းမ ကြွက်နီမကို ပြန်ပြောပြတော့ ရယ်လိုက်ကြတာမှ ကြွက်သိုးဆို ဗိုက်နာလွန်းလို့ ဆိုပြီး သူ့အသိုက်ဘက် သူ မြန်မြန် ပြန်သွားတယ်။ ကြွက်နီမကတော့ ကျုပ်ကို အမြင်ကျယ်လိုက်တဲ့ ကြွက်ကြီးဆိုပြီး ချီးကျူးလို့ မဆုံးဘူး။

လူတွေဟာ အတော် ရယ်ရတယ်ဗျို့။ ကျုပ်တို့ ကြွက်တွေလောက်တောင် အရည်မလည်ဘူး။ မပါးနပ်ဘူးလို့ ဆိုချင်သဗျာ။



www.burmeseclassic.com

www.burmeseclassic.com

# ပေထက်အက္ခရာတင်အပ်သော

တစ်ခါတလေတော့လည်း ငှက်ဖြစ်နေရတာကိုက ခပ်ကောင်းကောင်းရယ်ဗျ။ မြေကြီးပေါ်က အကောင် တစ်ကောင်မျိုးသာ သွားဖြစ်နေရရင် ဒုက္ခ။ ကိုယ့်ထက်ကြီးတဲ့အကောင် အနိုင်ကျင့်မှာ ကြောက်ရ၊ ကိုယ့်သတ် စားမယ့်ကောင် ကြောက်ရ၊ အချင်းချင်း လုယက် သတ်ပုတ် ရှာဖွေစားရ။ ပြေးဟယ်၊ လွှားဟယ်၊ စားဟယ်၊ သောက်ဟယ် ဆိုတာကလည်း မြေကြီးပေါ်မှာပဲဆိုတော့ တစ်နေ့ တစ်နေ့ အတော် မအေးချမ်းမှာ။ အဆိုးဆုံးက လူတွေပါဗျာ။ အဟုတ်ဗျ။ ကျုပ် ကြည့် ကြည့်နေတာ။ အခုခေတ် လူတွေဟာ အရင်ခေတ် လူတွေထက် အတော်ကြီးကို ဆိုးသွမ်းသောင်းကျန်းလာသဗျာ။ အရင် သင်းတို့ ခဲနဲ့ထုနိုင်ရုံ၊ ကျောက်တုံးနဲ့ ပေါက်နိုင်ရုံ ခေတ်လောက်က အခြေအနေမျိုးပဲ ကောင်းတယ်။ ကျုပ်တို့ ဘိုးဘွားဘီဘင် အစဉ်အဆက် လက်ဆင့် ကမ်းခဲ့ကြတဲ့ အိပ်ရာဝင်ပုံပြင်တွေထဲက လူအကြောင်း ပြောပါတယ်။ အဲဒီတုန်းက လူဆိုတာ ကုန်းကုန်းကွကွ ခေါင်းက စုတ်ဖွားနဲ့ အဝတ်အစားဆိုတာလည်း ကျုပ်တို့လို မကပ်ကြဘူးဆိုပဲ။ တခြားကုန်းပေါ်က အကောင်တွေလိုပဲ တွေ့ရာ ရှာဖွေ စားသောက်နေကျ ဆိုပဲဗျ။ သူတို့မှာ ခြေသည်း လက်သည်း အစွယ် အတောင်တွေ မရှိရှာကြလေတော့ တွေ့ရာ ခဲလေးတစ်လုံး၊ တုတ်တိုလေးတစ်ချောင်း ဆွဲပြီးတောထဲ လျှောက်သွားလာနေကျ ဆိုပဲ။ အဲဒီတုန်းက လူဆိုတာ ဗိုက်ပြည့်ရင် အိပ်နေတတ်ကြတာဆိုပဲ။ အခုခေတ် လူဆိုတာတွေနဲ့ အပုံကြီး ကွာတယ်ဆိုပဲဗျ။ ဪ မေ့လို့ဗျာ။ ကျုပ်ကိုကျုပ် မိတ်ဆက်ပေးရဦးမယ်။ ကျုပ်က ငှက်ဆိုပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



တခြားသတ္တဝါတွေ အမြင်မှာ ဘယ်လိုမှ ကျက်သရေမရှိတဲ့ လဒပါခင်ဗျာ။ (အချို့သူများ ကတ်တီးကတ်ဖဲ့ လာပြောနေမည်စိုး၍ စာလုံးပေါင်းအမှန်မှာ 'လင်းတ' ဖြစ်ကြောင်း ကျွန်ုပ်မှဝင်၍ ပြောလိုက်ရပေ၏။ တော်ကြာ လဒနဲ့ လင်းတကိစ္စ လွှတ်တော်ထဲအထိ ရောက်သွားပြီး ငြင်းနေခုံနေကြဦးမှာ စိုးလို့ပါ)

ဟုတ်ကဲ့။ ကျွန်တော်ဟာ လင်းတကြီးပါခင်ဗျာ။ ဘယ်လိုမှ ပုံကျပန်းကျ ဥပမိလည်း မရှိပါဘူး။ လင်းတတွေထဲမှာမှ လင်းတထိပ်နီကြီးခင်ဗျ။ တစ်နေ့ကုန် ထိုင်ကြည့်လို့မှ တစ်စက္ကန့် ကျက်သရေ မရှိတာ ကျုပ်လို ရုပ်မျိုး။ စားတော့လည်း အသေကောင် အပုပ်အစပ်တွေ။ ကိုယ့်ဂုဏ်ကိုယ်ဖော်ပြီးတော့ ပြောရဦးမယ်။

ကျုပ်တို့က ငှက်ဆိုပေမဲ့ ငှက်ကြီးမျိုးဗျ။ စာကလေးတို့ စင်ရော်တို့ ခိုတို့လို သုတ်ခနဲ ထပျံ သုတ်ခနဲ ထိုးဆင်းပြီး နား၊ ပြီးတော့ ချက်ချင်း ထပျံ ဆိုတာမျိုး လုပ်လို့ရတဲ့အစား မဟုတ်ဘူးခင်ဗျ။ ပြီးတော့ အဲဒီ ငှက်ပေါက်စတွေလို ခပ်နိမ့်နိမ့်ပဲ ပျံနိုင်ကြတာမျိုးလည်း မဟုတ်ဘူး။ ကျုပ်တို့က ဟိုးအမြင့်ကြီးမှာ အကြာကြီး ပျံနေနိုင်တဲ့ အစား။ ကျုပ်တို့လောက် မြင့်မြင့် ပျံနိုင်တဲ့ ငှက်ဆိုလို့ သိပ်ရှိလှတာ မဟုတ်ဘူးရယ်။ စွန်ကောင်တွေ၊ သိမ်းငှက်၊ လင်းယုန်ကောင်တွေလောက်ပဲ ရှိတာ။ ကျုပ်တို့ ဘိုးဘေးတွေ လက်ထက်တုန်းကတော့ ကောင်းကင်ထဲမှာ ကျုပ်တို့ သိပ်ငြိမ်းချမ်းခဲ့ကြတာပေါ့။ ငှက်အချင်းချင်း သွားရင်းလာရင်း တိုးမိမှာပဲ ရှောင်ရတာ။ တခြား ဘာမှ မပူရဘူး။ အခု ကျုပ်တို့ခေတ်မှာတော့ဗျာ။ လူတွေ လေထဲရောက်လာနိုင်ကတည်းက ဒုက္ခကို လွှတ်များတော့တာပဲ။ ဘယ်'လင်းတ'တော့ဖြင့် လေယာဉ်ပျံနဲ့တိုးလို့ ဆုံးရှာလေရဲ့ဆိုပြီး အသုဘ လိုက် လိုက်ပို့ ရတာပဲ ခဏ ခဏ။ အမယ် ခင်ဗျားပြောရင် အံ့သြမယ်။ တလောက ကျုပ်တောင် လေထဲ လူနဲ့ပက်ပင်းတိုးသေးဗျ။

ကျုပ်ကတော့ ကျုပ်ဟာကျုပ် မိန်းမတွေ ကလေးတွေ စားစရာ သောက်စရာများ ရလိုရငြား လျှောက်ပျံနေတာပါ။ လူတွေအခေါ် ဝဲနေတာ ပေါ့ဗျာ။ အမှန်တော့ ပျံနေတာနဲ့ ဝဲတာနဲ့ အတော်ကွာတယ်ဗျ။ ငှက်အချင်းချင်းကတော့ သိတယ်။ ပျံတာက လွယ်တယ်ဗျ။ ကိုယ့်အကောင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ခတ်ပြီး ကိုယ်သွားချင်တဲ့ဘက် လေကိုယက်ကန် ထွက်သွားရုံပဲ။ ဝဲ တာကျတော့ အဲလို မဟုတ်တော့ဘူး။ ကိုယ်က လေကို ပြန်ကြည့်ရတာ။ လေဘာဖြစ်နေလဲပေါ့ မှတ်ပြီး ကိုယ့်အတောင်နဲ့ ကိုယ့်ကိုကိုယ် ထိန်းပြီး မှေးထားရတာ။ မြင့်လေခက်လေပဲ။ မြင့်လေလေ ဖိအားနည်းလေကိုးဗျာ။ အထင်မသေးပါနဲ့ဗျ။ ဘွဲ့မရပေမဲ့ 'လင်းတ' ကတော့ သူ့ဟာနဲ့သူ ခပ်မြင့်မြင့် ပျံနိုင်ပါတယ်။ ပြောတော့ 'လင်းတ' 'လင်းတ' နဲ့ ...။ 'လင်းတ'လောက် မြင့်အောင်တောင် ပျံပြကြစမ်းပါဦး။ ဒါတောင် ပျံရုံပျံပြခိုင်းတာနော်။ 'လင်းတ'လို ဝဲပြဖို့ တောင်းဆိုသေးတာ မဟုတ်ဘူး။ နေစမ်းပါဦး။ ပြောနေရင်း ဘယ်ရောက်သွားပါလိမ့်။ ဩော် သိပြီဗျို့။ လူဗျ ... လူ .. လူ။ လူနဲ့ တိုးတဲ့ကိစ္စ။ ခွင့်လွှတ်ဗျာ။ လင်းတထိပ်နီကြီးစကား အမြီးအမောက် မတည့်တာလောက်တော့ သည်းခံကြဗျ။ လင်းတကြီးက လင်းတကြီးကိုး ခင်ဗျ။ အဲ ဖြစ်ပုံက ဒီလို။

ပြောခဲ့တဲ့အတိုင်း ကျုပ်က ဝဲနေတာပေါ့ဗျာ။ ဝဲနေတယ် ဆိုတာကလည်း အောက်က မြေကြီးပေါ်မှာ မည်းမည်းသေးသေးလေး တစ်ခု တွေ့နေတာကိုး။ အစာလား ဘာလားပေါ့။ ကျုပ်ကလည်း ဒီလောက်မြင့်တဲ့လေထဲမှာ ဘယ်သူမှ လာနိုင်စရာ မရှိတာ။ ဘယ်သူ့ ဂရုစိုက်နေမှာတုံး။ အောက်ကဟာ ဘာပါလိမ့်ဆိုပြီး ဝဲကြည့်နေတုန်း ဖြုန်းဆို ဘာကြီးနဲ့မှန်းမသိ ဝင်တိုးတာကိုးဗျ။ ကိုယ့်ဟန်ချက်နဲ့ ကိုယ် ဝဲနေတုန်း လင်းတဟန်ချက်ပျက်တော့ ထုံးစံအတိုင်း ကိုးရိုးကားရား ဖြစ်ကုန်တာပေါ့။ အမွေးတောင်လေးငါးခြောက်ပင် ကျွတ်သွားတယ်။ ရုန်းရင်းဆန်ခတ်နဲ့ ကျုပ်လည်း ကိုယ့်ကိုကိုယ် ပြန်ထိန်းပြီးကြည့်မှ လားလားဗျာ။ လူတစ်ကောင် လေထီးနဲ့ ခုန်ချလာတာကိုးဗျ။ ကျုပ် တိုးမိတာ သူ့လေထီးကြီးကိုး အကျိုးနည်းသူ့ဟာသူ ဘာတွေနဲ့မှန်းမသိ ရှုပ်ထွေးနေရောလားဗျာ။ ရုပ်ကြည့်တော့ စပ်ဖြီးဖြီးနဲ့။ သူ့မျက်လုံးနဲ့ သူ့ဟာသူကြည့်ရင် ကျုပ်ကို မြင်ရရဲ့သားနဲ့ လည်ပင်းမှာ လွယ်ထားတဲ့ ဘာမှန်း မသိတာကြီး ကောက်ကိုင်ပြီး ကျုပ်ကို ချိန်သကိုးဗျာ။ လင်းတလည်း အန္တရာယ်တော့ သိသေးသဗျ။ အမြင့်ကို အတင်း ပျံတက်ပြေးရတာကိုး။ သူ့ဟာကြီးနဲ့ သူ့ဟာသူ အောက် တဖြည်းဖြည်း နိမ့်ကျသွားလေရဲ့။ လူများပြောပါတယ်။ သူ့ဟာသူ မျှနိုင်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲနဲ့ သူများကို ရသလောက် ဒုက္ခပေးချင်သေးတာ။ လူဆိုတဲ့ သတ္တဝါဟာ လင်းတတောင် စိတ်ညစ်အောင် လုပ်နိုင်သေးပေသကိုးဗျာ။ အိမ်ပြန်ရောက်တော့ ပြောပြရတယ်။ မိန်းမနဲ့ သားသမီးတွေကိုပါ။ လူတွေကို သတိထားလို့။ လင်းတတောင် စိတ်ညစ်အောင် လုပ်နိုင်တဲ့ သတ္တဝါ လောကမှာ လူတစ်မျိုးပဲ ရှိတယ်လို့။ ကလေးတွေကတော့ လူ ဆိုတာ ဘယ်လိုနေမှန်းတောင် မသိကြသေးပါဘူး။ မိန်းမကတော့ မျက်စောင်းထိုးတယ်။ ဟိုးအောက်မှာ သေးသေးလေး နေ နေတဲ့ လူတွေကိုများတော်လို့ ပြောချင်ပုံ။ ကျုပ်ကတော့ အိမ်ထောင်ဦးစီး မဟုတ်လား။ ဖိယောက်ရတာ ပေါ့ဗျာ။ လူဆိုတာ ဘာမှတ်သလဲ ဘာလဲပေါ့။ အေးဗျာ။ လင်းတထိပ်နီ ကြီး လျှာရှည်တာလည်း များလာပေါ့။ အခုတော့ အင်တာဗျူး ဖြေလိုက် ဦးမယ်။ ကိုယ့်ဟာကိုယ် ကျွဲသေတစ်ကောင်တွေ့လို့ နားပြီး စားနေတုန်း ပိန်စောက်စောက် လူတစ်ကောင် အင်တာလာဗျူးသဗျ။ လင်းတ အင်တာ ဗျူးလေး နားဆင်ရင်း စဉ်းစားကြပေါ့ဗျာ။ ကိုင်း …

'အမျိုးအမည်လေး သိပါရစေ'

'လင်းတပါ ခင်ဗျာ၊ လင်းတထိပ်နီကြီးပါ၊ ရုပ်ဆိုးပါတယ်'

'လင်းတတစ်ကောင် ဖြစ်ရတဲ့အတွက် ဘယ်လို ခံစားရပါသလဲ'

'ဘယ့်နှယ့်မှ မခံစားရပါဘူး ခင်ဗျာ၊ လင်းတက လင်းတအလုပ် လုပ်နေတာပါ၊ ကြုံရာရှာစားပါတယ်၊ လင်းတမှာလည်း နှလုံးသားရှိတဲ့ အတွက် အိမ်ထောင်ပြုပါတယ်၊ သားနဲ့ မယားနဲ့ပါ'

'လင်းတကြီးဘဝမှာ ကြုံးစားရုန်းကန်ခဲ့ရတာလေးများရှိရင် ပြောပါလား ခင်ဗျာ'

'လင်းတကြီး ဖြစ်နေမှတော့ အလိုလို ကျက်သရေ တုံးသပေါ့ဗျာ၊ ရုန်းတော့ မရုန်းကန်ရပါဘူး၊ အသေကောင်တွေ့ရင် စားလိုက်တာပါပဲ၊ ပုံ့သကူသားပေါ့ဗျာ၊ စားရတာ အကုသိုလ် လွတ်ပါတယ်'

'အထီးကျန်မယ် ထင်တယ်နော်၊ ဟို .. လင်းတဖြစ်နေတော့လေ'

'လင်းတဖြစ်နေလို့ အထီးကျန်စရာလားဗျာ၊ လင်းတတွေ အများကြီး ရှိတာပဲ'

'ဟိုဟာလေ … ရုပ်ကဆိုးနေတော့'



www.burmeseclassic.com

www.burmeseclassic.com



'လင်းတရုပ်ချောတာ ခင်ဗျား မြင်ဖူးသလားဗျာ၊ ဘယ့်နှယ်'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ လင်းတဖြစ်ရတာကိုများ ကြိတ် သိမ်ငယ် နေမလားလို့'

'လုံးလုံး မသိမ်ငယ်ပါဘူးဗျာ၊ ဘယ့်နှယ် ကိုရင့်နှယ် ပြောတတ် ရန်ကော၊ လင်းတဘဝ ခင်ဗျား ဘယ်လောက် သိသတုံး၊ အိမ်ထောင်ဦးစီး လင်းတကြီးပါဗျာ၊ ကိစ္စဝိစ္စများ များလွန်းလို့၊ လင်းတကို ဘာတွေလာမေး နေတုံး'

'မဟုတ်ဘူးလေ၊ လင်းတကြီး တစ်ကောင်လုံး ဖြစ်နေမှ'

'လင်းတဖြစ်လို့ ဘာဖြစ်တုံး၊ လင်းတကောင် ရိုးရိုးမဟုတ်ဘူး၊ လင်းတထိပ်နီကွ'

'ကျက်သရေတုံးနေတဲ့ကိစ္စကျတော့'

'ကျက်သရေတုံးတာ မင်းအလုပ်လား၊ လင်းတက လင်းတရုပ်ပဲ ထွက်မှာပေါ့၊ လင်းတဟာလင်းတ အေးအေးဆေးဆေး လင်းတလုပ်နေတာ ကို မင်းပဲ လာဗျူးပြီးတော့'

'ဟို ဟိုဟာလေ'

'ဟော့ကောင် သတိထားဦး၊ လင်းတကြီးကို အင်တာလာဗျူးပြီး မင်းသမီးရုပ်ပေါက်အောင် လုပ်ချင်နေတာလား၊ ဒီမှာ လင်းတကွ၊ လင်းတ ကို ဘာမှတ်နေတုံး'

'ဟုတ် ဟုတ်ကဲ့'

'နေစမ်းပါဦး၊ မင်း ငါ့ သေချာကြည့်စမ်း၊ ဘာတွေ့လဲ'

'ဟို .. နှုတ် နှုတ်သီးကောက်ကြီး'

'အေးလေ၊ လင်းတပါဆို၊ နောက်ပြီးတော့ကော'

'နောက်ပြီးတော့ ဟို ဟို .. ခေါင်းနဲ့လည်ပင်းမှာ အမွေးတွေ တုံးနေ'

'တုံးနေတော့ ဘာဖြစ်တုံး'

'တုံးနေတော့ ဟို .. ကြည့်လို့မကောင်း'

'လင်းတပါဆို ကြည့်ကောင်းမလားဟ'

'ဟုတ် ဟုတ်ကဲ့၊ လင်းတဆိုတာ'



www.burmeseclassic.com

www.burmeseclassic.com



'လင်းတဆိုတာ လင်းတပဲ ဟေ့ကောင်၊ မင်းက ဂျာနယ်လစ်ပီပီ လင်းတကို သိမ်းငှက် လုပ်မလို့လား၊ မလုပ်နဲ့ ငါ့လူ၊ လင်းတကိုလင်းတ ဝှဏ်ယူနေတာ၊ အသရေ လာမဖျက်နဲ့'

'လင်းတကများကွာ'

'ဘာပြောတယ် ဟေ့ကောင်'

အဲဒါပြောတာပေါ့။ လင်းတကို လာလည်းမေးသေး။ လင်းတက လင်းတပါ ဆိုတာကိုလည်း ဘဝင်မကျချင်သေး။ ကျုပ် ပြောတယ်။ လင်းတ ပါဆိုမှ။ ကုန်ကုန်ပြောမယ်ဗျာ။ လင်းတထိပ်နီကြီးပါဆိုမှ။ ဟီ ဟိ။



www.burmeseclassic.com

www.burmeseclassic.com

# သမီးရှင်

ဇန်နဝါရီလ (၁)ရက်နေ့ မနက် ၂၀၀၉ ခုနှစ်၏ နှစ်သစ်ကာလ အခါသမယ စောစောတွင် ဖြစ်၏။

ရန်ကုန်မြို့ ဆိတ်ငြိမ်ရပ်ကွက်တစ်ခု၏ ခြံတစ်ခြံထဲမှ အိမ်တစ်လုံးပေါ်တွင် အင်ဂျင်နီယာဦးတင်မောင်မှာ အိပ်ပျော်၍ နေရှာလေ၏။

အိပ်ပျော်နေသည်သာမက အိပ်မောကျ၍ နေရှာသည်ဟု ဆိုရသော်ပို၍ တော်ပေမည်။ အကြောင်းကား ပြက္ခဒိန်တစ်ခု ကုန်၍ နောက်တစ်ခု သူ့ဟာသူ ကူးသည်ကို ဟက်ပီးနယူးရီးယားဟု အူမြူးကြလျက် ရပ်ကွက်ထဲမှ လူငယ်များသည် သူ့အိမ်ရှေ့အုတ်ခုံ လာ၍ အသက်ထွက်မတတ်သောက်စားဆူညံနေကြသဖြင့် သန်းခေါင်သန်းလွဲတိုင်အောင် အိပ်မရဖြစ်ကာ လင်းအားကြီးမှ အိပ်ရာဝင်ခဲ့ရသောကြောင့် ဖြစ်၏။ ယခုအချိန်မှာတော့ ပတ်ဝန်းကျင်တစ်ခွင်လုံးကား ဆိတ်ငြိမ်ရပ်ကွက် ဖြစ်သည်သာမက နံနက်လင်းစသာရှိသေး၍ အလွန် အေးဆေးငြိမ်တိတ်နေသည်ဖြစ်ရာ ဦးတင်မောင်၏ အိပ်စက် အနားယူခြင်းကို လုံးလုံး နှောင့်ယှက်ခြင်း မရှိတော့ပေ။ ဦးတင်မောင်မှာ အိပ်မောကျလျက် ဟောက်သံများပင် တစ်ချက် နှစ်ချက်ထွက်၍နေရှာပြီး စိတ်ချမ်းသာနေသည်ထင့်။ မျက်နှာမှာ ပြုံး၍ပင် နေလေသေး၏။ ထိုစဉ် …

'တိန်နောင် … တိန်နောင် … တီ တီ .. တိန်နောင် … တိန်နောင် … တီ တီ'

အိပ်ရာဘေးမှ လက်ကိုင်ဖုန်း မြည်လာခြင်းဖြစ်၏။ ဦးတင်မောင်

www.burmeseclassic.com



၏ ပြုံးနေသောမျက်နှာ တည်သွားရှာလေသည်။ ဖုန်းမှာ ခေါင်းအုံးဘေးမှ အလိုက်ကန်းဆိုးမသိ အဆက်မပြတ် အခါခါ မြည်နေလေ၏။ အိပ်မောကျနေသော ဦးတင်မောင်မှာ နိုးလာရလေတော့၏။

ပထမသော် တော်တော်သည်းခံကာ မြည်နေသံကို ပေယျာလကန်ပြုကာ ပြန်အိပ်ရန် ကြံ၏။ သို့သော် မရ။ တစ်ဖက်မှ အဆက်မပြတ် ခေါ်နေသည်ဖြစ်ရာ အဆက်မပြတ် လာမြည်နေ၍ နောက်ဆုံး စိတ်ထွက်လာလေ၏။ ဦးတင်မောင်မှာ မျက်စိမဖွင့်ဘဲ စမ်းကာ မိလေသော် တော်တော် ဝေးဝေးသို့ လွှင့်ပစ်လိုက်လေ၏။ သို့မှ မြည်နေသံ အတန်ငယ်ဝေးသွားကာ သက်သာရာရ၍ ပြန်အိပ်ရန် ကြံလေ၏။ ခဏအကြာ တဖြည်းဖြည်းနှင့် မှေးခနဲ ဖြစ်သွားရုံရှိစဉ်

'ဟော့ ဒါ ဆိတ်ငြိမ်ရပ်ကွက်ကွ၊ အားလုံး ကိုယ့်ဝင်းကိုယ့်ခြံနဲ့ အဆင့်ရှိရှိ နေ နေကြတာ'

ဒေါသဖြစ်စွာနှင့် အားပါးတရ ဟစ်ထည့်လိုက်သော အသံနက်ကျယ်ကျယ်တစ်ခု အိမ်ရှေ့မှ ကြားရသဖြင့် ပြန် လန့်နိုးရလေတော့၏။ သို့သော် ဘာအော်နေသည်ကို သဲသဲကွဲကွဲ မကြားလိုက်၍ သူ့နားသူ ဇဝေဇဝါဖြစ်ကာ ပြန်အိပ်ရန် ကြံစဉ်

'စည်းနဲ့ကမ်းနဲ့ အိုးနဲ့အိမ်နဲ့ ရပ်ကွက်မှာ လူကြီးလူကောင်းဆန်ဆန် နေ နေကြတာကွ'

အော်သံ ပြန်ပေါ်လာသဖြင့် ငြိမ်၍ နားစွင့်မိလေ၏။

'လူကြီးလူကောင်း ရပ်ကွက်မှာနေရင် လူကြီးလူကောင်း ဆန်ရတယ်ကွ၊ လူကြီးလူကောင်းဆိုတာ ကိုယ့်ကိုကိုယ်လည်း ထိန်းသိမ်းရတယ်၊ ကိုယ့်သားသမီးကိုလည်း ထိန်းသိမ်းနိုင်ရတယ်ကွ၊ ဘယ့်နှယ်ကွာ အခုတော့ ... တောက်'

ဦးတင်မောင်မှာ လုံးလုံး နိုးလာရရှာလေပြီ။ စိတ်ပျက်လက်ပျက် ထကာ ထိုင်၍ အိပ်ချင်မူးတူး ဖြစ်နေ၏။ သူ့အိမ်နား လာအော်နေသူမှာ ဘာကိုရည်ရွယ်၍ အော်နေသည်ကို သူမသိ။ ထို့ကြောင့် စိတ်ညစ်ညစ်နှင့် ထိုင်၍သာ နားထောင်နေလေသည်။ ထိုလူမှာလည်း ဆက်၍ အော်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို အလေနတောတွေနဲ့ လာတွေ့နေရတယ် မသိဘူး၊ ဂုဏ်သရေရှိ လူကိုထိတဲ့ကွာ … ဘာ ဂုဏ်သရေရှိလဲ၊ ကိုယ့်သားသမီးကို ကိုယ်ဂရုမစိုက်၊ ဂရုမစိုက်တဲ့အပြင် မြှောက်တောင်ပေးနေလား မသိဘူး၊ လူတွေဟာ ဒါပဲ၊ ရုပ်ကြည့်တော့ ဘာမှမလုပ်တတ်သလို၊ အရုပ်ထဲနေတော့ လူရိုးလူကောင်းလိုလို'

အော်နေသောသူမှာ စကားအတော်များ၍ လေကြောရှည်ပုံ ရ၏။ အော်သာ အော်နေသည်။ အခုထိ သူ ဘာကိုဒေါသထွက်၍ အော်နေမှန်း ခွဲခြားမရ။ ရိပ်ဖမ်းသံဖမ်း ကြားရသမျှမှ သားရေးသမီးရေးကိစ္စ ဖြစ်ပုံရ၏။ ဦးတင်မောင်မှာ ဒီအသံ ငါကြားဖူးသလို ရှိတယ်ဟု တွေးကာ မျက်မှောင်ကုတ်လျက် ဆက်၍ နားစွင့်နေ၏။

'ပြောရင် ငြိမ်ပြီး မသိချင်ယောင် ဆောင်နေမယ်၊ အဲဒါပေါ့ကွ၊ ကာလိမ်ချုံဆိုတာ … ယော့ကောင် တင်မောင်၊ ထွက်ခဲ့စမ်းပါကွ၊ မင်းမြှောက်တုန်းက မြှောက်ပေးထားတဲ့ ကိစ္စ'

ဦးတင်မောင်မှာ သူ့နာမည် ပါလာ၍ မျက်လုံး ပြူးသွားကာ ထိုင်ရာမှပင် ထရပ်မိ၏။ တစ်ပြိုင်နက် တည်းမှာပင် ဤအသံရှင်ကို သူ မှတ်မိသွား၏။ အခြား မဟုတ်။ သူ့ဘေးခြံတွင်နေသော သူ့အိမ်နီးချင်းအသံပင်တကား။ ကပျာကယာထကာ ခြံထဲ ဆင်းရလေတော့၏။

ခြံဝတွင် အဆင်သင့် တွေ့ရ၏။ ထိုလူကြီးမှာ လွန်စွာ အရုပ်ရှည်သလောက် လွန်စွာ စိတ်မရှည်ပုံရ၍ ဒေါပွကာ အော်ဟစ်နေ၏။

'ဘယ့်နှယ်ကွာ ကိုယ်က သားမွေးထားတယ်ဆိုပြီး သူများသမီးကို ကျောရရုံကြံဖို့ မသိချင်ယောင်ဆောင် မြှောက်ပေးရတယ်လို့'

ဦးတင်မောင်မှာ အနားသို့သွားကာ

'ဘာဖြစ်နေတာတုံး'

ထိုလူကြီးမှာ မေးလိုက်မှ ပိုဒေါပွသွားပုံရပြီး

'ဘာရှုးချင်ယောင်ဆောင်ပြီး လာမေးနေတာလဲ၊ မြှောက်ပေးတုန်းက မြှောက်ပေးပြီး ဘာအခုမှ လာမေးနေတာလဲ'

'နေစမ်းပါဦး၊ ရှင်းရှင်းပြောစမ်းပါ၊ ဘာဖြစ်တာတုံး'

'ဘာဖြစ်ရမလဲကွ၊ ငါ့ခြံထဲ ခိုးဝင်တာ ဘယ်နှစ်ကြိမ်ရှိမှန်းတောင်



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ ဒီနေ့မနက်မှ ငါ လက်ပူးလက်ကြပ် မိတော့တယ်၊ အဲဒါ မင်း မြှောက်ပေးတာမို့လား’

‘ဘာတွေလာပြောနေတာလဲ’

‘ဟ … ဘာပြောရမှာလဲ၊ မင်း ဒီလောက်တောင်ထူရင် ငါ ပြောပြမယ် နားထောင်၊ မင်း သား ငါ့ခြံထဲ ခိုးဝင်ပြီး ငါ့သမီးကို ခိုး ခိုး တွေ့နေတာ မင်း မြှောက်ပေးထားတာ မဟုတ်လား’

ဦးတင်မောင်မှာ စိတ်ပျက်လက်ပျက် စုတ်သပ်လျက်

‘ကျွတ် ဒါများကွာ … အော်ကြီးဟစ်ကျယ် လုပ်ရလား၊ ဘယ်မှာလဲ ငါ့သား၊ ငါ သွားပြန်ခေါ်မယ်’

တစ်ဖက်ခြံသို့ သွားမည်လုပ်ရာ ထိုလူကြီးမှ ဦးတင်မောင်လက်ကို ဖမ်းဆွဲ၍

‘နေဦး မသွားနဲ့ဦး’

ဦးတင်မောင်မှာ ဇဝေဇဝါနှင့်

‘ဘာဖြစ်လို့လဲ ငါ့သား ငါ သွားပြန်ခေါ်မလို့ဟာ၊ ဘာကိစ္စ ဆွဲထားရတာတုံး’

ထိုလူကြီးမှာ မျက်နှာကြီး နီမြန်း၍ ဆွဲမြဲ ဆွဲထားလျက်

‘မသွားနဲ့ဦးဆို မသွားနဲ့ပေါ့ကွ’

‘ဟ မင်းခြံထဲ ငါ့သား ရောက်နေတာ ငါ သွားခေါ်ပြီး ဆုံးမရမှာပေါ့၊ ဒီကိစ္စမကြိုက်လို့ လာအော်နေတာ မဟုတ်လား’

‘ဟ .. ဟာကွာ .. တောက် ဟိုမှာကိစ္စ ဟာ … တင်မောင် မင်း တယ်ခက်ပါလား’

ထိုအခါမှ ဦးတင်မောင်သည် တစ်စုံတစ်ရာကို သဘောပေါက်သွားကာ ကျကျနန အော်ရယ်လျက် သွားမည့်ဟန်ပြင်နေသည်ကို လက်လျှော့၍

‘ဟား ဟား ဟား ဟား အေး အေး ငါသိပြီ၊ မသွားဘူး မသွားဘူး’

ထိုလူကြီးမှာလည်း အတန်ငယ် ဒေါသပြေသွားသလို ပြုံးဖြီးဖြီး ဖြစ်သွားလျက်



www.burmeseclassic.com

www.burmeseclassic.com



'မင်းက ဘာရယ်တာလဲ၊ ဒါ ရယ်စရာလားကွ'

ဦးတင်မောင်မှာ ထိုအခါမှ လူရှည်ကြီး၏ပခုံးကို ပုတ်ရင်း ရယ်တာ မောကာဖြင့်

'စိုးထွဋ်အောင်ရာ ... မင်းဟာ လုပ်လိုက်ရင် တစ်သက်လုံး ဒီလိုချည်းပဲ၊ ကမ္ဘူးရှူးထိုးနဲ့၊ ဘာဖြစ်လဲကွာ၊ ဒါသဘာဝပဲ ဥစ္စာ၊ ဘာလဲ ... မင်း သမီးနဲ့ ငါ့သား ညားတာကို မင်းက မကျေနပ်ဖူးလား'

'မဟုတ်ပါဘူး၊ အခုဟာက စောစောစီးစီး ငါ့မျက်စိရှေ့မှာ ပက်ပင်းလာမိတော့'

'ဘာဖြစ်တုံးဟ၊ မင်း မမြင်ချင်ယောင်ဆောင်နေလိုက်ပေါ့၊ အော် ကြီးဟာစ်ကျယ် ထလုပ်ရသလား'

'ဟ တင်မောင်ရ၊ ငါက သမီးရှင်ကွ'

'ဒီမှာ သူငယ်ချင်း ... မင်းဟာ ငါ့ထက်တောင် သည်းလွန်းသေး တယ်၊ သတိလဲထားဦး၊ ငါတို့ နှစ်ယောက်ကို အရပ်ကလည်း ဟားလှပြီ'

'ဟားပစေပေါ့ကွာ ဘာဖြစ်တုံး'

'ဘာဖြစ်ရမလဲကွ၊ အသက်ငါးဆယ်နားနီးတဲ့အထိ နှစ်ကောင်လုံး မိန်းမယူမရလို့ အယ်လ်ဖေးရှင်း တစ်ယောက် တစ်ကောင် မွေးထားပြီး သားလေး သမီးလေးနဲ့ စိတ်ဖြေနေရတာ လူတကာ ရယ်စရာ ဖြစ်နေပြီဟ၊ လာစမ်းပါကွာ၊ လက်ဖက်ရည် သွားသောက်ရအောင်'

ထိုသို့အားဖြင့် နံနက်ခင်း တစ်ခုတွင် ဦးတင်မောင်နှင့် ဦးစိုး ထွဋ်အောင် အမည်ရသော ခြံချင်းကပ်လျက် ငယ်သူငယ်ချင်း အသက် ငါးဆယ်ခန့် လူပျိုအဟောင်းအဆွေးကြီး နှစ်ဦးမှာ မင်္ဂလာရှိသော နှစ်သစ် ကာလတွင် မွေးထားသော ခွေးနှစ်ကောင်အတွက် အချင်းများကြလျက် အဆုံးတွင်တော့ ထုံးစံအတိုင်း ပြန်လည်သင့်မြတ်သွားကြကာ လက်ဖက် ရည်ဆိုင်ဘက်သို့ ချီတက်သွားကြလေကုန်သတည်း။

နံနက်ခင်းဂျာနယ်၊ ဇန်နဝါရီလ၊ ၂၀၀၉



www.burmeseclassic.com

www.burmeseclassic.com

## သဘာဝပိုင်ဆိုင်မှု

ပင်လယ်ကမ်းစပ် တစ်နေရာတွင် ဖြစ်လေသည်။

ဆားနံ့ပါသော လေသည် တသုန်သုန် တိုက်ခတ်နေ၏။ မျက်စိတဆုံး ရှည်လျားလှသော သဲသောင်ပြင် ဖြူဖြူဖွေးဖွေး ကွေးကွေးကြီးမှာ အချို့နေရာများတွင်သာ ကျောက်ဆောင် ကျောက်ချွန်း မဲမဲသဲသဲ အချို့ကို ထမ်းပိုးကာ ငြိမ်သက်နေ၏။ ပင်လယ်မှာ ပြာလဲ့တည်ငြိမ်နေကာ လှိုင်းခေါင်းဖြူငယ်များမှာ သဲသောင်ဆီသို့ အဆက်မပြတ် ရိုက်ခတ်ကာ တဝုန်းဝုန်းအသံများနှင့် ဂီတသံပေးနေလေသည်။ ကမ်းခြေသည် လူသူ ပြတ်လပ်ကာ အလွန်သာယာလှပနေသော နံနက်ခင်းအချိန် ဖြစ်လေသည်။ သို့သော် …

ဘယ်ကရောက်လာမှန်း မသိသော အမူးသမားတစ်ဦးသည် ပုလင်းတစ်လုံး လက်မှဆွဲကာ တစ်လုံးအား ခါးကြားထိုးလျက် ကျောက်ဆောင်တစ်ခု အကွယ်မှ ယိုင်တိုင်တိုင် ပေါ်လာလေ၏။ အမူးသမားသည် ခေါင်းစုတ်ဖွားနှင့် အင်္ကျီမပါ။ ပုဆိုးစုတ်တစ်ထည်ကို စလွယ်သိုင်းလျက် နောက်တစ်ထည်ကို ခပ်တိုတို ဝတ်ထားပြီး လက်ထဲမှ ပုလင်းကိုမော့လိုက် သုံးလေးလှမ်းလျှောက်လိုက် စလွယ်သိုင်းထားသော ပုဆိုးထဲမှ ဘာလေးတွေမှန်းမသိ ထုတ်စားလိုက် သုံးလေးလှမ်း လျှောက်လိုက်နှင့် သောင်ပြင်တစ်လျှောက် သူတစ်ဦးထဲ ထင်တိုင်းကြဲကာ လာ၏။ တစ်ခါတစ်ခါ သဲပြင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချ၍ သူ ခါးကြားထိုးလာသော ပုလင်း ရှိသေးလား စမ်း၏။ ရှိသေးကြောင်း တွေ့သော် ယိုင်တိုင်ယိုင်တိုင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထကာ အော်ချင်ရာအော်၍ ဆက်လျှောက်ပြန်၏။ တစ်ခါတစ်ရံ မတ်တတ်ကားရားကြီး ရပ်ရင်း ပုလင်းကို တစ်ကျိုက် နှစ်ကျိုက်မော့ကာ အကျယ်ကြီး အော်ရယ်ချင် ရယ်နေပြန်သေး၏။ ထိုသို့ဖြင့် တလှုပ်လှုပ်နှင့် သူတစ်ယောက်တည်း လွတ်လပ်ပျော်ရွှင်စွာ သောင်ပြင်တစ်လျှောက် လျှောက်လာရင်း တစ်နေရာ ရောက်သော် ...

'ဟိုက်'

အမူးသမား မျက်လုံး နည်းနည်း ကျယ်သွားပြီး သူ မြင်လိုက်ရသောမြင်ကွင်းကို ပို၍ သဲကွဲစေရန် မျက်လုံးများကို ပွတ်သပ်ကြည့်၏။

'ဟ နိပ်ဟ၊ ဝက်မည်းကြီးတစ်ကောင် လဲနေပါလား၊ ပင်လယ်ထဲ ရေဆင်းဆော့လို့ ရေနစ်သေတာ ဖြစ်မယ်၊ ဘယ်သူ့မှလဲ မတွေ့ဘူး၊ ငါတော့ ကော်ပြီ၊ ဝက်ခြေထောက်စွပ်ပြုတ်နဲ့ မြည်းရမပ'

အမူးသမားသည် တတွတ်တွတ် ပြောရင်း သူ မြင်ထားသော သောင်ပြင်ပေါ်မှအရာနား သွားလေ၏။

အမှန်က အမူးသမားမြင်ရသော အရာကြီးမှာ ဖျံထီးကြီးတစ်ကောင် နေစာလှုံရင်း အိပ်ပျော်နေခြင်း ဖြစ်၏။ သို့သော် အမူးသမားသည် မူးနေသည်ကတစ်ကြောင်း၊ ဖျံကို သိပ်မမြင်ဖူးသောကြောင့်တစ်ကြောင်း ဝက်ကြီးဟုသာ ထင်လေသည်။ အနားသွားကာ ဖျံကြီးကို ကိုင်တွယ်ကြည့်၏။

'အမယ် ဒီဝက်က အမွေးတောင်နှုတ်ပြီးသားကိုးဟ၊ ပြောင်ချောကြီး'

ဖျံကြီးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ဖြစ်ရာ သူ့ကို အမူးသမားလာ၍ ဟိုကိုင်သည်ကိုင် လုပ်နေသည်ကို မသိ။ အမူးသမားသည် ဖျံကြီးကို ကိုင်ကြည့်ပြီးနောက် တစ်ကျိုက်မော့ပြီး မျက်မှောင်ကြုတ်လျက် စဉ်းစားကာ သူ့ဟာသူ တစ်ယောက်တည်း ပြောနေ၏။

'အမွေးတောင် နှုတ်ထားပြီးသားဆိုတော့ ဒါကြီးဟာ သူများပိုင်တဲ့ဟာကြီး ဖြစ်ရမယ်၊ မဖြစ်ဘူး၊ ခြေထောက်တစ်ချောင်းလောက် မြန်မြန်ဆွဲနှုတ်ပြီး လစ်မှပဲ'

အမူးသမားသည် ဖျံကြီးကိုယ်လုံးတစ်လျှောက်ကို ယိုင်ထိုးယိုင်ထိုးနှင့် လျှောက်စမ်းပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟ'

အမူးသမား မျက်လုံးနည်းနည်း ကျယ်သွား၏။ သူ စမ်းမိသည်မှာ ခြေလက်ရှာမတွေ့သော ကိုယ်လုံးပြောင်ချောကြီး ဖြစ်နေ၏။

'အာဂလူတွေပါလားဟ၊ ခြေလက်တွေ ဖျက်ယူသွားကြတာ ဒဏ်ရာတောင် မပေါ်ဘူး၊ မဖြစ်ဘူး၊ ဒါဆို နားရွက်လောက်တော့ ရအောင် ယူမှပဲ'

ဖျုံကြီး၏ခေါင်းပိုင်းသို့ ယိုင်တိုင်ယိုင်တိုင် ရွေ့သွားကာ ခေါင်းကို သွားစမ်းပြန်၏။ ဖျုံခေါင်းလုံးလုံးကို စမ်းမိလေ၏။

'ဟိုက် ... နားရွက်တွေလည်း ပါသွားပြီဟ'

အမူးသမားသည် မျက်စိများ ပွတ်သပ်ကာ ကြည့်ပြန်၏။ မူးနေသဖြင့် အိပ်ပျော်နေသော ဖျုံမျက်နှာကြီးကို မျက်စိထဲ နှစ်ထပ် သုံးထပ် ခပ်ဝါးဝါး တွေ့လေသည်။

'အင် ဟင် ... ဘယ့်နှယ် .. ဒီဝက် ရှောက်ခွက်က တစ်မျိုးပါလားဟ၊ စုတ်ချွန်းချွန်းနဲ့၊ အို ဘာဖြစ်ဖြစ် မတတ်နိုင်ဘူး၊ အနည်းဆုံး တစ်လုတ်နှစ်လုတ်စာလေးလောက်တော့ ကိုက်ယူသွားရမှာပဲ'

အမူးသမားသည် ဖျုံကြီးကိုယ်လုံးဘေး ပြန်သွားကာ ကျကျနန ထိုင်ချပြီး ပုလင်းကို မော့ပြန်၏။ ထို့နောက် လက်ထဲမှ ပုလင်းကိုလည်းကောင်း၊ ခါးကြားမှ ပုလင်းကို ထုတ်၍လည်းကောင်း၊ လက်တစ်ကမ်းမှ သဲပြင်ထဲတွင် ပုလင်းများ မမှောက်မလဲအောင် အကျ မြှုပ်ပြီးနောက် ဖျုံကြီးဘက် လှည့်ကာ လက်နှစ်ဖက်နှင့် ဖျုံကိုယ်ကြီးကို ကျကျနန ကိုင်ပြီး အားရပါးရ ကုန်းကိုက်လေတော့၏။

'အူး ......'

ဖျုံကြီးမှာ နာသွားသဖြင့် အလန့်တကြား နိုးလာပြီး လူးလိမ့်ထလေရာ အမူးသမားလည်း ပက်လက်လန်လေ၏။ ဖျုံကြီးမှာ ဘေးဘီကို ကယောင်ကတမ်း ကြည့်ရာ ပက်လက်လန်ကာ ခြေနှစ်ချောင်း မိုးမျှော်နေရာမှ အနိုင်နိုင် ပြန်ထရန် ကြိုးစားနေသော အမူးသမားကို တွေ့ရာ လွန်စွာ စိတ်ဆိုးပြီး လိမ့်ကာလိမ့်ကာနှင့် အမူးသမားနားလာ၍ သူ့လက်ပြားကြီးနှင့် အမူးသမားအား နရင်းရိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖုန်း … ဖုန်း …'

'အောင်မလေးဗျ'

'ကိုင်းဟာ ကိုင်းဟာ၊ ဘာလဲဟ ဒီကောင်၊ ငါ့ဟာငါ အိပ်နေတာကို'

'ဟ ဟ … ဝက်ကြီးက စကားပြောတယ်ဟ'

ဖျံကြီးမှာ အမူးသမား သူ့ကို ဘယ်လိုခေါ်လိုက်မှန်း မသိ၍ အံ့အားသင့်ကာ အရိုက်ရပ်သွား၏။ အမူးသမားလည်း အမြန် လူးလဲထကာ ဖျံကြီးကို ကြည့်၏။ ဖျံကြီးမှာ အမူးသမားကို ကြည့်ပြီး

'နေစမ်းပါဦး ဟေ့လူ၊ ခင်ဗျား ကျုပ်ကို ဘယ်လိုခေါ်လိုက်တယ်'

'ဝက်ကြီးလေဗျာ၊ ခင်ဗျား ဝက်ကြီး မဟုတ်ဘူးလား'

'ဘာလဲဟ ဝက်ကြီး'

ဖျံကြီးမှာ အတော် နားမလည် ဖြစ်နေ၏။ အမူးသမားမှာလည်း ခေါင်းကို လေးငါးခါ ယမ်းခါရင်း သူ့ကိုယ်သူ ပြော၏။

'မဟုတ်သေးပါဘူး၊ ငါ အဲလောက်မူးနေပြီလား၊ ခြေတွေလက်တွေရော နားရွက်ပါမရှိတော့တဲ့ ဝက်ကြီးက စကားပြောနေရလားဟ'

ထိုစဉ် ဖျံကြီးက ထပ်မေး၏။

'ဟေ့လူ မေးတာဖြေလေဗျာ၊ ဘာလဲ ဝက်ကြီး'

'ဝက်ဆိုတာ ကုန်းပေါ်နေတဲ့ အကောင်ဟ၊ ခြေတွေလက်တွေ ရှိတယ်၊ လေးဖက်သွားတယ်၊ ချေးစားတယ်'

'ထွီ ဝေ့ … ယုတ်လိုက်တဲ့အကောင်၊ ငါက ဝက်မဟုတ်ဘူး'

'ဒါဆို ဘာလဲ နင်က'

'ငါက ဖျံဟ၊ ဖျံ ဖျံ … ဖျံလို့ခေါ်တယ်'

'ဘာ … ဖျံ ဟုတ်လား'

အမူးသမားသည် လူးလဲထကာ ဖျံကို သေချာ လှည့်ပတ်ကြည့်၏။ ဖျံကြီးမှာ ရှက်ကိုးရှက်ကန်း ဖြစ်လေသည်။

'ဟေ့လူ ဘာလာကြည့်နေတာလဲ၊ အထီး အထီးချင်းနော်၊ နင် ဖျံတောင် မမြင်ဖူးဘူးလား'

အမူးသမားသည် ဖျံကြီးဘေး လာထိုင်ကာ သဲထဲမြှုပ်ထားသော လက်ကျန်ပုလင်းကို ယူ၍ မော့ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



'လက်စသတ်တော့ ဖုံဆိုတာ နင်ကိုးဟ၊ ဒီလောက်နီးနီး တစ်ခါမှ မမြင်ဖူးဘူး၊ နင်ကျတော့ ငါ လူမှန်းသိသလား'

'သိတာပေါ့၊ ကမ်းခြေမှာ လူတွေ ငါ ခဏခဏ မြင်ဖူးတာပဲဟာ၊ နင်က ဒီမှာမနေဘူး ထင်တယ်'

'မနေဘူး၊ ငါက မြို့မှာနေတာ၊ ပျင်းလို့ တစ်ယောက်တည်း တကူးတက ကမ်းခြေ လာမူးနေတာ၊ နင်ကရော ဘာကိစ္စ သောင်ပြင်ပေါ် တက်အိပ်နေတာတုံး'

'ငါ့မိန်းမ ဖုံမနဲ့ ရန်ဖြစ်ပြီး ရေထဲက နင်လွှတ်လိုက်လို့ ကုန်းပေါ် စိတ်ညစ်ညစ်နဲ့ တက်အိပ်နေတာ'

'စိတ်ညစ်ရင် ငါ သောက်နေတာ သောက်မလား'

'ဘာလဲ'

'ဝီစကီ'

'ဝီစကီက စိတ်ညစ်ပျောက်လား'

'စိတ်ညစ်ပျောက်ရုံမကဘူး၊ ပျော်တောင်လာသေး'

အမူးသမားမှာ သောက်ဖက်ရအောင် အလို့ငှာ ဆွယ်လေ၏။ ဖုံ စိတ်လည်လေသည်။

'ဒါဆို တိုက်စမ်း'

'အင့် ချစမ်းဟာ'

အမူးသမားမှာ ဖုံပါးစပ်ထဲ လက်ကျန်အားလုံး လောင်းထည့်လိုက်လေ၏။

'အူး … ဖွီး … ဖူး … ဟား … ဆိုးလိုက်တဲ့ဟာတွေ၊ နင် ဘာလို့သောက်နေတာတုံး'

'ခဏစောင့်၊ နင် ပျော်လာလိမ့်မယ်'

ခဏကြာသော် ဖုံမှာ ရီတီတီဖြစ်လာကာ အူးအူးအဲအဲ အော်စပြုလေ၏။

'ရှိသေးလား'

'ဟိုမှာ မြှုပ်ထားတာ တစ်လုံး၊ ပုဆိုးထဲ ဖွက်လာတာတစ်လုံး ရှိသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ နည်းနည်းတိုက်ဦး'

'အင့် ချ'

'ဂလောက် ဂလောက်'

ထိုသို့ဖြင့် ဖျံနှင့်အမူးသမားမှာ ပလဲနံပသင့်ကြလေ၏။ အမူးသမားမှ

'နေဦးအကောင်ရဲ့၊ ငါ မေးဦးမယ်၊ နင်က ဖျံဆိုတော့ ဖျံကျ တယ်ဆိုတာ ဘာတုံး'

'မသိဘူးလေ'

'ငါတို့ လူအချင်းချင်း လူလည်ကျတာကို ဖျံကျတယ်လို့ ပြော တယ်၊ ထက်ထက်မြက်မြက်လူလည်ဆို ဒီငနဲကတော့ ဖျံပဲ ဆိုပြီး ပြော တယ်၊ နင့်ကြည့်ရတာကျ ထုံထုံတုံးတုံးကြီး'

'ဟဲ့ကောင် မစော်ကားနဲ့'

'ဟုတ်တယ်၊ ကြည့်စမ်း၊ အခုမှ စဉ်းစားမိတယ်၊ လူလည်ကျတာ ကို ဘာလို့ ဖျံကျတယ်လို့ ပြောကြတာလဲ မသိဘူး၊ ဖျံ ကြည့်တော့လည်း ဘာမှမဟုတ်ဘူး၊ အင်း ...'

အမူးသမားမှာ သူ့ဟာသူ ထိုင်စဉ်းစားနေပြန်၏။ ဖျံကြီးမှာ မူးကာ ငိုက်နေလေသည်။

တစ်အောင့်မျှကြာသော် အမူးသမားမှာ ဝမ်းသာအားရ ခုန်ထလေ ၏။

'ဟ .. ကော်ပြီဟ၊ ငါ ကော်ပြီ'

ဖျံကြီးလည်း လန့်နိုးသွား၏။

'ဘာလဲ ဘာဖြစ်တာလဲ'

'ဟဲ့ဖျံ နင် ဖျံအထီးဆိုတာ သေချာတယ်နော်'

'သေချာတာပေါ့၊ ငါ အထီးစစ်စစ်'

'ဒါဆို လာခဲ့စမ်း၊ နင့်ဖျံသို ဖြုတ်ယူသွားပြီး ရောင်းစားရမယ်၊ ငါ ထောပြီ'

အမူးသမားမှာ ဖျံကြီးကို ခုန်အုပ်ကာ လုံးလေ၏။

'ဟ ဟ ... ဒီလူ ဘာလုပ်တာလဲ၊ ဟဲ့ ဘာကိုလာခိမ်း .. စမ်း ... ကဲဟာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘုတ် … အင့်'

ဖျံကြီးမှာ အမှူးသမားကို ခါချကာ ပြေး၏။ အမှူးသမားမှာလည်း ဖျံသို ဖျံသိုနှင့်အော်ကာ လိုက်လေ၏။

'ဟေ့လူ၊ ဘာထဖြစ်တာလဲဟ၊ အထီး အထီးချင်း၊ ငါ ရေထဲ ဆင်းလို့ မရသေးဘူးဟဲ့၊ မိန်းမက ရေထဲဆင်းလာရင် ပါးပိတ်ရိုက်ခံရမယ် ပြောထားတာ၊ ဟေ့လူ ဝီစကီလေ … ဝီစကီ၊ အထီးချင်းဆိုတာ ဝီစကီ အတူ အေးအေးချရတာဆို၊ ဘယ့်နှယ် အထီးချင်း ဟိုစမ်းဒီစမ်း ထလုပ်ရ တာတုံး၊ လူဆိုတာ အစိုးမရပါလားဟဲ့ … ဟဲ့ … ဩော် ကပ်လာပြန်ပြီ ဟ … ဟ … အတင်းမလုပ်နဲ့လေ၊ ငါ့ဟာ နင်နဲ့ ဘာဆိုင်တုံး'

'မရဘူး၊ ဆိုင်တယ်၊ လာခဲ့စမ်း ဒီဖျံ … သိုအပြုတ်ပဲ'

ထိုသို့ဖြင့် သာယာသော ကမ်းခြေ ရေစပ်စပ် တစ်လျှောက်တွင် ရုတ်တရက် မဟုတ်တာ တွေးမိကာ လူ လောဘထတက်သဖြင့် ဖျံထပြေး ရပြီး ရုန်းရင်းဆန်ခတ် ရှိနေကြလေတော့၏။

'မိန်းမရေ ဖျံမ … လုပ်ပါဦးဟ၊ ငါ့သဘာဝပိုင်ဆိုင်မှုကို ဒီလူ အတင်း လိုက်ထိခိုက်နေတယ်ဟ'

The Chic မဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၁၂



www.burmeseclassic.com

www.burmeseclassic.com

# အိုးခေါင်း

ခက်တော့ ခက်ချေပြီ။

ဘယ်လိုက ဘယ်လိုများ နေရင်းထိုင်ရင်း လယ်တွေက စီမံကိန်း ဖြစ်ကုန်သည် မသိ။ မပြောမဆို သိမ်းသူက သိမ်းကြ၍ အသိမ်းခံရသူများ က လယ်တွေပါတော်မူကြလေပြီ။ သီပေါမင်း ပါတော်မူစဉ်က ကိုယ်မမွေး သေး၍ အရေး သိပ်စိုက်မိလှသည် မဟုတ်။ ယခု လယ်တွေပါတော့မှ ငုတ်တုတ် ဒုက္ခတွေ့လေချေပြီ။

ရီးကျန် စဉ်းစား၍ မရ။

စပါးပင် ငုတ်တုတ်ငုတ်တုတ်တွေ စိမ်းစိမ်းစိုစိုနှင့် တစ်သက်လုံး ဟုတ်လာလေသော ဤလယ်ကွင်းတွေကို ဘယ်သူတွေက ဘာများလုပ်ချင် ကြ၍ မင်းဘုရားအာနုပိုင်များ (အာဏာပိုင်များ) နှင့်ပေါင်းကာ သိမ်းယူ တော်မူကြလေသနည်း။ ဤလယ်တွေက စပါးထွက်မှ အမင်းဆို့လို့ ဝကြ ရတဲ့ဥစ္စာကို ဤလယ်တွေ လယ်မစိုက်နဲ့ဆိုတော့ ဘာသွားစားကြမတုံး။ လယ်စိုက်တဲ့လူက စိုက်ကြ၊ အမင်းလျှိုတဲ့လူက လျှိုကြနဲ့ အကြာကြီး စပ် ဖြိုးဖြိုး နေလာပြီးကျတော့မှ လယ်စိုက်တဲ့လူတွေ မစိုက်နဲ့တော့ဆိုတော့ အမင်းလျှိုတဲ့လူတွေက အမင်းမလျှိုလို့ ဘာသွားလျှိုကြမတုံး။ ခြေမစုပ် ရေပလုတ်ကျင်း နေကြမလို့တဲ့လားတော်။

ရီးကျန် မီသလောက် တွေးတယ်။

မြန်မာနိုင်ငံမှာ နေတယ်ဆိုတာလောက်တော့ ရီးကျန် သိသေးပ။ သို့ပေတဲ့ မြန်မာနိုင်ငံ ဘယ်ပုံရှိပြီး လူတွေဘယ်လောက် နေ ကြတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာတော့ ရီးကျန် သိဘူးရယ်။ သိဘူးဆို ဘယ်သူမှလည်း အဖက်လုပ် လာပြောပြကြတာမှ မဟုတ်ဘဲကိုး။ ဒါပေထက် တစ်နိုင်ငံလုံးမှာ လူတွေ အများကြီး နေ နေကြတယ် ဆိုတာလောက်တော့ ရီးကျန် သိသေးပ။ နောက်ပြီး အဲ့လူတွေက တဖြည်းဖြည်း များ များ လာနေကြမှာပဲ ဆိုတာ လည်း ရီးကျန် တွေးမိတာပဲ။ တခြားမကြည့်နဲ့လေ။ ရီးကျန် နေတဲ့ ခေါင် လှဝေးလှပါချည်ရဲ့ဆိုတဲ့ အနုပ်စုတ်ကုပ်စုတ် 'ဖုတ်ထုပ်' ရွာမှာတောင်မှ ကောင်ထီးကောင်မတွေ အကြောထကြွလွန်းလို့ တစ်နှစ်ထက် တစ်နှစ် တစ်ဝါထက် တစ်ဝါ ဘုစုခရုတွေ များ များလာနေတာ မျက်တွေ့။ ကျွေး မလောက်ကြ စားမလောက်ကြလို့ သတ်ကြပုတ်ကြ ဆဲကြအော်ကြ လုံးကြ ထွေးကြတာတွေက တစ်နှစ်ထက် တစ်နှစ် ပို ပို များ များလာနေတာ ရီးကျန် မသိနေရှေ့လားပ။ ဖုတ်ထုပ်ဆိုတာက တဲစုတ် ဆယ့်လေးငါးလုံး လောက် ရှိတဲ့ရွာ။ ရွာပတ်ဝန်းကျင်က လယ်လေး နှစ်ဆယ်အစိတ်လောက် စိုက်စားရင်း လူလုပ်နေရတဲ့ ရွာ။ တစ်နှစ်ထက် တစ်နှစ် နတ်ထွင်းတဲ့ ခံတွင်းတွေဟဲ့ဆိုပြီး တိုး တိုးလာလိုက်တဲ့ အပေါက်တွေကို စိုက်စားရတဲ့ လယ်လေးအားကိုးပြီး ကျွေးကျွေးငေါက်ငေါက် လောက်အောင် မနည်းနေ နေရတာ။ မလောက်တလောက် ဖြစ်လာတော့ ရွာဘုန်းကြီးတောင် သပိတ် အပြည့် ဆွမ်းခံမရလို့ ကိလေသာဆိုတာ လွှတ်ပူတာဟဲ့ကွယ့်နော်လို့ အနေ အထိုင် ဆင်ခြင်ကြအောင် ဖိ ဖိဟောနေရတာ ဘယ်နှစ်နှစ် ကြာပတုံး။ အခုတော့ ရွာစားဖို့တောင် မလောက်တလောက် လယ်လေး ချောက်ချီး ချောက်ချက်ကို အာနပိုင်စီမံကိန်း သိမ်းဆိုသိမ်းမဟဲ့ ဆိုတော့ ရွာမပျက် ခင် အစာချက်စက်ရုံ ထောင်ပေးတော်မူမလို့များ စဉ်းစားကြလေကုန်ရှေ့ လား။ ဟုတ်သေးဘူးနော်။

တစ်နေ့က ဘုမ လာမှ အဲဒါကြားတာ။ ရီးကျန် ပြန်မေးတယ်။ *လယ်တွေသိမ်းသွားတော့ ငတို့ ဘာလုပ်ရမတုံး*လို့။ ဘုမက ပြောတယ်။ လယ်တွေသိမ်းသွားတာ ပြန်ရအောင် 'ဆန္ဒထုတ်ဖော်'ရမတဲ့။ *ဘာလဲဟဲ့ စံမြဲ ထုတ်ဖော်တာ။ စံမြဲက မူးရင် အထုပ်ပေါ်နေကြ ဉစ္စာ။ စံမြဲအထုပ် ပေါ်ရုံနဲ့ လယ်တွေပြန်ရရှီးလား။* ဟုတ်ဘူးရီးကျန်။ စံမြဲ ဟုတ်ဘူး။ ဆန္ဒ ဆန္ဒ။ ကိုယ်ဖြစ်ချင်တာကို စုဝေးပြီး တောင်းတာ။ *စုဝေးရယ် ဟုတ်*

www.burmeseclassic.com



ဟုတ်ပ ရီးကျန်။ *အားလုံးပေါင်းပြီး စကောဖင် ကိုယ်ရေးချင်တာ ရေးပြီး အော်တိုင်း လယ်ပြန်ရရှိးလား။* ရီးကျန်နှယ်။ အ ရန်ကောရယ်။ နိုင်ငံရေး ကျောင်းဆရာစုတ်ဖွား ပြော ပြောနေခဲ့ပါပြီကောလား။ အခုက ဗီရိုဂျလောဘီ ရပြီတဲ့။ ဆန္ဒထုတ်ဖော်လို့ ရပြီတဲ့။ လူထုဆန္ဒကို အထက်က လေးစားပြီ တဲ့။ ထည့်သွင်း စဉ်းစားပြီတဲ့။ လယ်ပြန်ပေးတော်မူပါ မင်းတရားကြီးဆိုရင် ပြန်ပေးသတဲ့။ အဲလို အော်ကြရတယ်တဲ့။ အော်လိုက်ရင် ဆိုင်ရာတွေ ရောက် လာသတဲ့။ ဓာတ်ရှင် ရိုက်သတဲ့။ ဓာတ်ရှင်ကို မင်းတရားနဲ့ ကုလားဖြူနဲ့ ဆိုင်ရာနဲ့ ကြားခံကြားခဲတွေနဲ့ ပြည်သူလူပုတွေနဲ့ မြင်သွားရင် လယ်ပြန်ရ ရောတဲ့။ ဆီမန်းကိန်းလည်း ရွေ့ရောတဲ့။ *ကောင်မ မဟုတ်သေးဘူးဟဲ့ နော်။ နင့်ဟာ နန်းဆန်လှချည်ရဲ့။ ဘာလဲဟဲ့ ဗီရိုဂျလောဘီ။ ဘာလဲဟဲ့ ကြားခံ ကြားခဲ။ တစ်သက်လုံး လုပ်လာတဲ့လယ်။ လယ်ပြန်ပေးတော်မူပါ ခယစရာလား .. သယ်။* ရီးကျန် ဒေါဖောင်းတော့ ဘုမရှိတယ်။ ငယ် ကြောက်ကိုး။ ကြောက်ဆို ဖောက် မိတ်ဆက်ရဦးမယ်။ ရီးကျန်က ဖုတ်ထုပ် မှာ ကဝေရယ်။

ဘယ်နှစ်ကြိုးကဝေရယ်တော့ ဘယ်သူ သိနိုင်မှာတုံး။ ရွာစွန် တစ် ယောက်တည်းနေတာ။ သီတင်းကျွတ်လပြည့်ရင် အိမ်ပတ်လည် မီးအပြည့် ဖိုတာ။ 'အိမ်' သာ ပြောရတယ်။ ရီးကျန်အိမ်က ထန်းတဲသာသာ။ သူပိုင် တာဆိုလို့ တစ်ရွာလုံး အားကိုးရတဲ့ ရေတွင်းတစ်တွင်းရယ်။ အစကတော့ လယ်ပိုင်ပါရဲ့။ နောက် လယ်ရောင်းလိုက်ပြီး ရေတွင်းချန်ခဲ့တာနဲ့ တွင်းပိုင် လောက်ပဲ ကျန်တာ။ ဒါပေမဲ့ ကဝေပဲ။ တစ်ပြားမှ မလျှော့ဘူး။ သူ့ရေတွင်း က လက္ခယ် နဂါးထွက်ဆိုပဲ။ နဂါးတွင်းဆိုပဲ။ နဂါးတွင်းရေ 'ကလန်' လို့က တော့ ကာလနာကျရင် ငါးပိသာထက် မလျော့ဆိုပဲ။ အဲဒီထဲက ကဝေ ဖြစ်သွားတာ။ တိုက်ဆိုင်ခဲ့တာတွေကလည်း ရှိဖူးကိုး။ သူ့တွင်းရေ အလကား လာမခပ်နဲ့။ ဆန် ဆားလောက်တော့ ပေးခဲ့မှ။ အဲလိုနဲ့ စားနေ နေနေတာ။ ရွာကလည်း ဆန် ဆားလောက် ဘာအရေးလဲ။ အမယ်ကြီး ပိန်ခြောက် ခြောက် ဘယ်လောက် အမင်းလှိုနိုင်မတုံး။ ပေးကြတာပါပဲ။ ရီးကျန်က တော့ လုံးလုံးမလျှော့ဘူး။ သူ ကဝေပဲ။ အခု လယ်သိမ်းတဲ့ မြေထဲ သူ့ စားပေါက် ရေတွင်းပါသွားလို့ စုန်စုန်ခွေ့ ခွေ့ခွေ့ခုန်နေတာရယ်။

**အိမ်သူရွှေမ စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ကဝေရေတွင်းကို မင်းတရားက သိမ်းရဲ့သလားဟဲ့။ ရိုးကျန် အကြောင်းပြလိုက်ရ တရုတ်ကားထဲက ကျုန်ကျောင်းတောင် ရိုးကျန်ကျောင်း နာမည် ပြောင်းလောက်စေရမဟဲ့နော်။

သူများတွေ လယ်ပြန်ရတာ မရတာထက် ရိုးကျန် နဂါးတွင်းပြန် ရဖို့ အရေးကြီးတယ်။ နဂါးတွင်းက ထမင်းအိုးကိုး။ မတော် အာနပိုင်အောက် ဆွဲတွေက မကျေမနပ်နဲ့ လယ်တွေကျ ပြန်ပေးပြီး ဒီရေတွင်းကြီး ဖို့ပစ်ခဲ့ ကွာဆိုရင် ပြော ပြောနေကျ နဂါးက ဘယ်အပေါက်က ထွက်မတုံး။ ကြီး ကောင်ကြီးမားကျမှ ကဝေဘဝ ဆုံးနေဦးမယ်။ ရိုးကျန် စဉ်းစားတယ်။ မေးတယ်။ လေ့လာတယ်။

လယ်သိမ်းတဲ့ကိစ္စ ကျကျနန မေးတော့မှ ဘုမက ဂဃနဏ မဖြေနိုင်ဘူးဆိုကိုး။ ဒီတော့ နိုင်ငံရေးသမား စုတ်ဖွားကျောင်းဆရာဆီ ရိုး ကျန် ရောက်တယ်။ နေထန်းတဖျားလောက်ကနေ သူငယ်အိပ်ဆိတ်ချိန်ထိ ရှင်းပြတော့မှ ရိုးကျန် သဘောရတာက အမတ်က အဓိကဆိုကိုး။ လွှတ် တော်အမတ်ကမှ ငါ့ရေတွင်းကိစ္စ ရှင်းပေးနိုင်ပုံရသကိုး။ ကဝေပဲ။ ဘယ် နေမလဲ။ တတ်သည့်ပညာ မနေသာ။ အိမ်ပြန်လာပြီး အမတ်ဖန်ဆင်းပါရော။

အိမ်မှာရှိတာက ထန်းရည်အိုးမည်းဟောင်း တစ်လုံး။ ဟုတ်ပြီ။ အမတ်ခေါင်းကတော့ ရပြီပ။ အဆံချောင်နေတာတွေ ကောက်ရိုးဆွေးတွေ သိပ်။ ဒါပဲ ရှိသကိုး။ ခေါင်းတော့ရပြီ။ မဟုတ်သေးဘူး။ ငါ့သားအမတ် ခများ ခေါင်းပေါင်းလိုရှာသေးသကိုး။ ရိုးကျန်ပဲ။ ဘာရမလဲ။ ဗီရိုဂျလေဘီ ရထားတဲ့ခေတ်မှာ ကျောင်းဆရာ ပြောလိုက်တဲ့အတိုင်း အားလုံးတရား မျှတရပေမကိုး။ မေတ္တာပို့သလို အရှေ့အနောက်တောင်မြောက် လေးဖက်မျှ မှ တရားမျှတမှ။ ဘာလုပ်ရမလဲ။ ရိုးကျန်က မြန်တယ်။ ပုဆိုးစုတ်တစ် ထည် ထုတ်ပြီး အရှေ့အနောက်တောင်မြောက် ခေါင်းပေါင်းစလေးဖက်ချ နဲ့ ထန်းရည်အိုးမဲကို ခေါင်းပေါင်း ပေါင်းပေးလိုက်တယ်။ တယ်ခန့်လေ သကိုး။ မျက်လုံးမျက်ခုံး နှာခေါင်းပါးစပ် မြေနီခဲနဲ့ဆွဲလိုက်တာများ ဘာမှ မကြာဘူးရယ်။ ကောက်ရိုးဆွေးသွတ် အမတ်ခေါင်းတော့ ခပ်ကောင်းကောင်း တစ်ခါရချည်ရဲ့။ ဟုတ်တယ်။ နိုင်ငံရေးကျောင်းဆရာစုတ်ဖွား ပြောသမျှ ခေါင်းက အရေးကြီးသကိုး။ ရိုးကျန် ခေါင်းဖန်ဆင်းလိုက်တာ သပ်ရပ်ပ။

**အိမ်သူရွှေမ စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထည်တွေက ရိုးကျန့်အတွက် သိပ်မခက်တော့ဘူး။

အသိမ်းခံရတဲ့ လယ်တွေထဲက စိုက်လက်စ စပါးတွေနဲ့ နဂါးတွင်းထဲက ရေဖျန်းထားတဲ့ ကလိမ်ချုံ ကိုယ်လက်ခြေထောက် ဖောင်းဖောင်းတွေများ လုပ်လိုက်ရ ခဏပေါ့။ ရိုးကျန့် အားရတယ်။ သားအမတ်ကို လွှတ်တော်ထဲသွင်း အရေးဆိုခိုင်းရမှာပဲ။ နို့ပေမဲ့ နေဦး။ အသက် ကျန်သေးတယ်။ ကဝေတွေ လည်တယ် လည်တယ်နဲ့ ခံရမှဖြင့် အဲဒီနေရာချည်းပဲ။ ရိုးကျန့် သိတယ်။ အသက်က အရေးကြီးသကိုး။

အိမ်ဘေးဘီ ထွက်ကြည့်တော့ ထနောင်းပင်ပေါ် ပုတ်သင်တစ်ကောင် တွေ့တယ်။

ဟုတ်လိုက်လေ။

သင့်တော်လိုက်လေ။

နေရာကျလိုက်လေ။

ရေဖျန်းထားတဲ့ ကလိမ်ချုံ စပါးပင်တွေကိုယ်ထဲ ပုတ်သင်ထည့်ပေးလိုက်တာနဲ့ အမတ်ကတော့ အသက်ဝင်တော့တာပဲ။ တစ်ရက်၊ နှစ်ရက် သုံးလေးရက်···။

အမတ်ကလေးက ရိုးကျန့်ဆီ ပြန်မလာဘူး။

လွှတ်တော်ထဲ ပုတ်သင်အားကိုးနဲ့ ခေါင်း ညိတ်ကာ ညိတ်ကာ။

လွှတ်တော်ကလည်း ရိုးကျန့်တို့ရွာ လယ်တွေမှာ ဆီမန်းကိန်း ရှိသလို မရှိသလို။

ရိုးကျန့် နဂါးတွင်းလည်း ဟိုလူပိုင်သလို ဒီလူပိုင်သလို။

နတ်တော်လဆန်းသုံးရက်ကျ ရိုးကျန့် ဆုံးသွားတယ်။

ရိုးကျန့် အမတ်ကလေးကတော့ ညိတ်ကာ ညိတ်ကာ ···

ညိတ်ကာ ညိတ်ကာ ···

ညိတ်ကာ ညိတ်ကာ ···

လယ်တွေကတော့ ဟုတ်ကဲ့ ··· ညိတ်ကာ ··· ညိတ်ကာ···

ဘုမနဲ့ဖုတ်ထုပ်သားတွေခများလည်း ညိတ်ကာ ·· ညိတ်ကာ ···



www.burmeseclassic.com

www.burmeseclassic.com

# ဆွေးနွေးပွဲ

အခါတပါး၌ ရန်ကုန်မြို့နေ စာကလေးများသည် ရန်ကုန်လမ်းများပေါ်၌ ကားများရှုပ်ထွေး ကျပ်သိပ်နေသည့်ကိစ္စကို အစည်းအဝေးခေါ်၍ ဘာကြောင့်ဖြစ်ရသနည်းဟု ဆွေးနွေးကြလေ၏။ ကန်တော်ကြီးထဲမှ အပင်တစ်ပင်တွင် လက်လှမ်းမီသလောက် စုကြရုံးကြပြီးသော် သဘာပတိလုပ်သူ (အမှန်က အလုပ်မရှိအလုပ်ရှာ အစ စဆွဲထုတ်သူ) စာခေါင်းကြီးက စကားစ၏။

'ကျလိ ကျလိ အဟမ်း'

BURMESE CLASSIC

သို့သော် စာကလေးများသည် စာကလေးများသာဖြစ်၍ တစ်ကောင်မှ ငြိမ်ငြိမ်မနေဘဲ ဆူညံနေကြ၏။ ဤအရေးကို တွေးမိထားပြီးဖြစ်သော သဘာပတိမှာ သူ့ နဂိုကတည်းက ချီယူလာထားပြီးဖြစ်၍ သစ်ကိုင်းငုတ်တစ်ခုတွင် ချိတ်ထားသော ခေါင်းလောင်းငယ်တစ်လုံးကို နှုတ်သီးနှင့် အဆက်မပြတ် ခေါက်လေတော့မှ နည်းနည်းငြိမ်သွားကြ၏။

'ကိုင်း ကိုင်း ... လိုရင်း ပြောရရင် ဒီနှစ်မိုးတွင်းမှာမှ ရန်ကုန်မြို့ကြီးမှာ ဘာကြောင့် ကားတွေ အရမ်း ပိုပိတ်လာရတာလဲဆိုတဲ့ကိစ္စပဲ၊ တစ်ကောင်စီ အကြောင်းပြချက် ပေးကြ'

လှည်းတန်းမှ တစ်ကောင်က စပြော၏။

'ကားပိုပိတ်မှာပေါ့၊ နဂိုကတည်းကမှ မီးပွိုင့်တွေကို အကြာကြီး အကြာကြီး နီ နီထားလို့ ပိတ် ပိတ်နေရတဲ့အထဲကမှ လမ်းလယ်ခေါင်တည့်တည့် တံတားကြီး လာထိုးတာကိုး'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့ ဘယ့်နှယ်လုပ်ကြမတုံး'

'ဘာလုပ်ရမလဲ၊ ဆောက်နေတဲ့ဟာကြီး မြန်မြန်ပြီးအောင် လုပ်ရင် လုပ်၊ မလုပ်ရင်လည်း ပြန်ဖြိုပြီး နဂိုအတိုင်းထားလိုက်၊ ပြီးရင် မီးပွိုင့်တွေကို အနီအစိမ်း မြန်မြန် ထားလိုက်၊ ရှင်းရော'

သဘာပတိ စဉ်းစားလေ၏။

'အင်း .. တံတားဆိုတော့ ဘယ်လိုမှ မြန်မြန်ပြီးအောင် လုပ်လို့ရမှာ မဟုတ်ဘူး၊ ပြန်ဖြိုမှတော့လည်း နဂိုကတည်းက ဘာလို့ ဆောက်သေးတုံးဟ၊ မီးပွိုင့် မြန်မြန် နီ စိမ်းရအောင်လည်း အခုမှ ပြောင်းဖို့ မဖြစ်တော့ဘူး၊ အကျင့်က ပါနေတာ ကြာလှပြီ၊ မတတ်နိုင်ဘူးကွာ၊ ဆက်ပိတ်နေကြပစေတော့၊ လုံးချာလည်နေတဲ့ဟာကြီး၊ ကဲ ဟိုဘက်က တာမွေက အကောင်း ပြော'

'ပြောရရင် နောက်ဆို ပိတ်ရုံတင်မကဘူး၊ သွားလို့တောင် မရတော့မှာ'

'ဟ တယ်ဆိုးပါလား၊ ဘယ်လိုဖြစ်တာလဲ'

'ဘာဖြစ်ရမလဲ၊ ရန်ကုန်တစ်မြို့လုံး ဘယ်ကလာပြီး ဘယ်ကိုသွားသွား တာမွေကချည်း လာဖြတ်နေကြတာကိုး၊ တာမွေမှာက နေတဲ့လူတွေကလည်း ပွတ်သိပ် နေ နေကြ၊ လိုင်းကားတွေရော တက္ကစီတွေရော ရှိသမျှ လမ်းပေါ်သွားလို့ရတဲ့ဟာတွေကလည်း တာမွေများ ရောက်ပလား ဟောဆို စည်းကမ်းဖောက်ခွင့်လိုင်စင် ရထားတဲ့အတိုင်းပဲ၊ ဖြစ်ချင်တိုင်း ဖြစ်နေကြတာပဲ၊ ဒီကြားထဲ ရေကထကြီးလိုက်သေးတော့ အေးရော'

'ဘယ့်နှယ်ရှင်းရင် ကောင်းမလဲ'

'ကားမပိတ်ရအောင် တာမွေလာတဲ့ ကားတိုင်း ပိုက်ဆံတောင်းကွာ၊ လူတွေက ပိုက်ဆံဆိုတဲ့ဟာကို သူတို့အချင်းချင်း ပေးရမှာ သိပ်ကြောက်တာ'

'အယ် မဟုတ်သေးပါဘူး၊ တခြားနေရာ ပိုက်ဆံမပေးရဘဲ တာမွေမှာမှ ပိုက်ဆံပေးရရင် လူတွေ သူတို့ချင်း ရန်ထဖြစ်ကုန်မှာပေါ့ဟ၊ တော်ကွာ၊ ဒီအတိုင်း ပိတ်နေကြပစေ၊ ကမ်းနားဘက်ကကောင် ပြောကွာ'

'ကျုပ်ထင်တာက လမ်းကသေးပြီး ကားတွေက ကြီးနေလို့ ပိတ်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်နေကြတာဗျ၊ သစ်တုံးကြီးတွေ သေတ္တာပုံးကြီးတွေ သယ်တဲ့ကားကြီး တွေ တခြားတစ်နေရာ သွားမောင်းခိုင်းလိုက်ရင် ဒီလောက် ပိတ်တော့မှာ မဟုတ်ဘူး ထင်တယ်'

'ဒါဆိုလည်း တခြားနေရာမှာ သွားပိတ်နေကြဦးမှာပေါ့ဟ၊ နင် ဟာကလဲ'

'ဒါဆိုလည်း ဒီအတိုင်း ပိတ်နေကြပစေဗျာ'

'ကျုပ်ထင်တာကျ တစ်မျိုးဗျ'

တစ်မြို့လုံးလျှောက်သွားနေသော စာကလေးတစ်ကောင်က ဝင် ပြောာ၏။

'ကားအသစ်တွေ အများကြီး ရောက်လာတာရယ်၊ ဘတ်စ်ကား တွေ ထပ်များလာတာရယ်၊ တက္ကစီတွေ အရမ်းများနေတာရယ်၊ မြို့ထဲမှာ လူညီးမျိုးစုံ လျှောက်တွန်းနေကြတာရယ်၊ ကားမဟုတ်တဲ့ တခြားဟာ မျိုး စုံတွေ လမ်းပေါ်ရှိနေတာရယ်ကြောင့် ဖြစ်မယ်'

'ကားအသစ်စီးချင်တဲ့လူ ဖမ်းဗျာ၊ ဘတ်စ်ကားတွေ အားလုံး တခြား မြို့ ပို့လိုက်ဗျာ၊ ဘတ်စ်ကား စီးချင်တဲ့လူ ဖမ်းဗျာ၊ တက္ကစီစီးတဲ့လူ ဖမ်း ဗျာ၊ ဘာလှည်းတွန်းတွန်း ဖမ်းဗျာ၊ လမ်းပေါ်မှာ ကားမဟုတ်တဲ့ ဘာဖြစ် ဖြစ် တွေ့ရင် ဖမ်းဗျာ၊ ဒါဆို အတော်ရှင်းသွားမယ်၊ ဒါတောင် ပိတ်သေး ရင် ကျုပ်ပါးလာရိုက်'

ထိုအခါ ဆူညံသွားကြတော့၏။

'ဟာ .. ဒီကောင်'

'မြို့ပျက်အောင် အကြံလာပေးနေ'

'အေးလေ၊ ကားကို စီးချင်လို့ ထွင်ထားပါတယ်ဆိုမှ'

'တွေ့ရာလိုက် အကုန်ဖမ်းချင်နေတာ၊ မဟုတ်မှလွဲရော ဒီကောင် ဆိုရှယ်လစ်ခေတ်က စည်ပင်ရဲသေပြီး စာကလေးလာဖြစ်နေတာ ဖြစ်မယ်'

'မဟုတ်ဘူး၊ ဆွေးနွေးပွဲ မပျက်ပျက်အောင် လုပ်တာကွ'

'ပြန်မယ်ကွာ၊ ဟုတ်တာလည်း မဟုတ်ဘူး'

'နေ .. နေကြဦးလေ၊ ဘာမှတောင် ကောင်းကောင်း မပြောရ သေးဘဲနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ပြောမနေနဲ့၊ လူတွေ သူတို့ဟာသူတို့ ဆတ်ဆော့လို့ ပိတ်နေကြတဲ့ကိစ္စ'

'အေးလေ'

'ဟော့ကောင်တွေ … မင်းတို့ကိုပါ ငါ ဖမ်းရမလား'

'ဖမ်းရအောင် မင်းမှာ အချုပ်ခန်းမပြောနဲ့ အသိုက်တောင် ကောင်းကောင်းမရှိတဲ့ ကောင်ကများ'

'ဒီကောင်နဲ့ ပတ်သက်တဲ့ကိစ္စ သမ္မတကြီးကို တိုင်ကွာ'

ထိုစဉ် ထိုအပင်ကြီးသို့ ဆက်ရက်တစ်ကောင် ရောက်လာ၍ အစကတည်းက ခပ်မြင့်မြင့် အကိုင်းတစ်ခုတွင် နားလျက် စာကလေးများကို ကြည့်နေသော ကျီးကန်းဘေး လာနားလေ၏။

'ဘယ်လိုဖြစ်တာလဲဗျ၊ ကျုပ်တို့ ဆက်ရက်တွေထက်တောင် စာကလေးတွေ ဆူညံနေပါလား'

'အလကားပါကွာ၊ ငါ ကြည့်နေတာကြာပြီ၊ ဒီလိုကောင်တွေ ရှိနေလို့ ငါတို့ငှက်တွေ သိက္ခာကျနေတာ၊ မိုးပေါ်နေနေတဲ့ ငါတို့တွေနဲ့လည်း ဘာမှမဆိုင်ဘဲနဲ့ မြေကြီးပေါ်ကလူတွေ သူတို့ဟာသူတို့ ကားလမ်းပိတ်တဲ့ကိစ္စ လာငြင်းနေကြတာ၊ စာကလေးက စာကလေးလို မနေလို့ ဖြစ်နေကြတာ၊ မင်းလည်း သွားကြည့်မနေနဲ့၊ အချိန်ကုန်တယ်၊ ငါတောင် သွားကြည့်မိလို့ အရေမရ အဖတ်မရ တော်တော် အချိန်ကုန်သွားပြီ၊ သွားပြီ ဟော့ကောင်ရေ'

ကျီးကန်းမှာ ပြောပြောဆိုဆို ထပျံသွားလေ၏။

စာကလေးများကား ငြင်းကောင်းဆဲ။

Auto Mobile ဂျာနယ်၊ စက်တင်ဘာလ၊ ၂၀၁၂



www.burmeseclassic.com